# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လဆန်း (၆) ရက် ၊ တနင်္လာနေ့ ၊ (18-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၃၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃)တံတားဆက်ခြင်းအထိမ်းအမှတ် ရွှေမှုလီတပ်ဆင်ခြင်းမင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) တံတားဆက်ခြင်းအထိမ်းအမှတ် ရွှေမှုလီတပ်ဆင်ခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ရွှေမှုလီကို တပ်ဆင်ပေးသည်။

အဆိုပါရွှေမှုလီတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလွင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေမှုလီတပ်ဆင်ခြင်းမင်္ဂလာအခမ်းအနား ပြုလုပ်မည့်နေရာသို့ **စာမျက်နှာ ၁၆ ကော်လံ ၁** ☞



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) တံတားဆက်ခြင်းအထိမ်းအမှတ် ရွှေမှုလီကို တပ်ဆင်ပေးစဉ်။




ရတနာပုံ

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်

အယ်ဒီတာ့အာဘော်

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး

တရားမဝင်ကုန်ပစ္စည်းများသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နှောင့်နှေးစေသည့်အပြင် အရည်အသွေးအာမခံချက်မရှိသော စားသောက်ကုန်နှင့် ဆေးဝါးများကြောင့် စားသုံးသူပြည်သူများကိုလည်း အန္တရာယ်ဖြစ်စေသည်။ ထို့ပြင် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ ဓာတုကုန်ကြမ်းပစ္စည်းများနှင့် မူးယစ်ဆေးဝါးများကလည်း ပြည်သူများအတွက် ကြီးမားသော အန္တရာယ်ဖြစ်သောကြောင့် နိုင်ငံတော်အနေဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

**“တရားမဝင်တင်သွင်းလာသည့် ဆေးနှင့် ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် အတုအပများ၊ သက်တမ်းလွန်ကုန်စည်များကြောင့် သုံးစွဲသူပြည်သူများ ထိခိုက်နစ်နာမှုဖြစ်ပေါ်နိုင်ခြင်း၊ စသည့်ဆိုးကျိုးများအပြင် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို ထိခိုက်ကျဆင်းစေနိုင်ပါကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် မိမိတို့အားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊”** တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဒီဇင်ဘာ၁၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပပြုလုပ်သော တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၂၃)တွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

တရားမဝင် ကုန်သွယ်မှုဖမ်းဆီးရမိမှုကို ကြည့်မည်ဆိုလျှင် ဦးဆောင်ကော်မတီပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် ဖမ်းဆီးရမိမှုများအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဖမ်းဆီးရမိအမှုတွဲ ၄၂၃၂ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၀၅၆ ဘီလီယံနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ဖမ်းဆီးရမိ အမှုတွဲ ၅၃၅၃ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇ ဒသမ ၄၄၇ ဘီလီယံတို့ဖြစ်ပြီး တာဝန်ယူခဲ့သည့် ၂၃ လကာလအတွင်း ဖမ်းဆီးရမိ အမှုတွဲပေါင်း ၉၉၈၅ မှုနှင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂ ဒသမ ၅၀၃ ဘီလီယံဖြစ်ပေသည်။

ယခုအခါ ဖမ်းဆီးရမိမှုများ တိုးတက်လာသည်ကို တွေ့ရပေသည်။ သို့သော် နိုင်ငံတော်နှင့်စီးပွားရေးမဏ္ဍိုင်ကို ထိုးနှက်မှုရှိနေသော တရားမဝင် ကုန်သွယ်မှုများရှိနေပြီး ဖမ်းဆီးရမိပစ္စည်းများတွင် ကန့်သတ်ကုန်ပစ္စည်းများ၊ အကောက်ခွန်မဲ့ကုန်ပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများသာမက ဓာတုကုန်ကြမ်းပစ္စည်းများ၊ မူးယစ်ဆေးဝါးများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များကိုပါ ဖမ်းဆီးရမိခဲ့သောကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပါဝင်ကြသူများအနေဖြင့် ဖမ်းဆီးရမိမှုများကို တိုးတက်အောင် အားထုတ်ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း မိမိတို့၏ အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်ရေးကို ဖော်ဆောင်သွားကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း တရားမဝင်ကုန်သွယ်မှု လုံးဝပပျောက်ရေးအတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များသို့ တာဝန်သိမှုဖြင့် သတင်းပေးပို့တိုင်ကြားရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ဦးရေ ၂၆၅၅၀ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေ၊ အခါကြီးရက်ကြီးတွေဆိုရင် ဝင်ရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားရိပ်၊ တရားရိပ်က အေးမြတဲ့အတွက် နယ်တွေကကော၊ မြို့ပေါ်ကပါ လာရောက်ပြီးတော့ ဘုရားဖူး၊တရားထိုင်သူတွေလဲရှိကြပါတယ်။ ဘုရားဖူးတွေက ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာကြပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ နေ့စဉ် ဖွင့်လှစ်ရောင်းချနေတာကိုတွေ့ရပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ နေပူ၊ မိုးရွာတဲ့အခါ ဘုရားဖူးတွေ မိသားစုလိုက်၊ အဖွဲ့လိုက် အေးအေးဆေးဆေး အနားယူလို့ရအောင်လဲ နားနေဆောင်တွေ ဆောက်လုပ်ပေးထားပါတယ်”ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၆၃၆၅ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၁၁၀၀ လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၇၈၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးစျေးချိုတော်တွင် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် တိုင်းရင်းဆေးဝါးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးစျေးချိုတော်တွင် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် တိုင်းရင်းဆေးဝါးများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးစျေးချိုတော်စျေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ရှိ စျေးကြီးများထဲတွင် စျေးချိုတော်မှာ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်၊ ရွှေထည်ပစ္စည်းများအပါအဝင် အခြားပစ္စည်းအမျိုးမျိုးကို လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချပေးနေသည့် စျေးကြီးတစ်ခုဖြစ်ကြောင်း၊ မန္တလေးစျေးချိုတော်တွင် စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်နှင့် တိုင်းရင်းဆေးဝါးများ ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ အရောင်းအဝယ် ကောင်းလာကြောင်း သိရသည်။

“အခု မန္တလေးစျေးချိုတော်မှာ စားသောက်ကုန်ပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ တိုင်းရင်းဆေးဝါးတွေ ပြန်ပြီးတော့အရောင်းအဝယ်ဖြစ်လာတယ်။ လတ်တလော အဝတ်အထည် ပစ္စည်းတွေကတော့ အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်။ လူသုံးကုန်နဲ့ အလှကုန်ကတော့ ဒုတိယရောင်းအားအကောင်းဆုံးကုန်စည်တွေပဲဖြစ်ပါတယ်။ ပြီးတော့ ငါးပိ၊ ငါးခြောက်၊ မှျစ်စတဲ့ စားသောက်ကုန်တွေလဲ အရောင်းအဝယ်ပြန်ပြီး ကောင်းလာပါတယ်”ဟု မန္တလေးစျေးချိုတော်စျေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြသည်။

မန္တလေး စျေးချိုတော်တွင် စားသောက်ကုန်၊ အဝတ်အထည်၊ အထည်အလိပ်နှင့် တိုင်းရင်းဆေးဝါး၊ ရွှေထည်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စျေးဆိုင်ခန်း ၃၀၀၀ ကျော်ထိရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးစျေးကွက်အတွင်း သကြား အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေး စျေးကွက်အတွင်း သကြား အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် သကြားကို တရုတ်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံကလည်း ဝယ်ယူမှုများရှိကြောင်း၊ ယခုလတ်တလော ပြည်ပကုန်သည်များက သကြားဝယ်ယူမှုများပြားလာသည့်အပြင် ပြည်တွင်းစျေးကွက်အတွင်း၌ပါ သကြားဝယ်ယူမှု များပြားလာခြင်းကြောင့် မန္တလေးစျေးကွက်အတွင်း သကြားများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

“မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေထွက်ရှိတဲ့ အရည်အသွေးကောင်းတဲ့ သကြားတွေကို အခုလတ်တလော တရုတ်နိုင်ငံဘက်ကနေ စျေးကောင်းပေးပြီး ဝယ်ယူမှုတွေရှိပါတယ်။ မန္တလေးစျေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ်အကောင်းဆုံး အနေအထားမှာရှိနေပါတယ်”ဟု ဦးဝင်းဌေးက ပြောပြသည်။

မန္တလေး စျေးကွက်အတွင်း ဒီဇင်ဘာ ၁၆ ရက် ပေါက်စျေးအရ သကြားတစ်ပိဿာလျှင် ငွေကျပ် ၃၈၅၀ ခန့်ထိ ပေါက်စျေးရှိပြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

“သကြားကတော့ အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်စည်လက်ကျန်နည်းပါးသွားတာမျိုးတွေ မရှိပါဘူး။ နောက်ပိုင်း ဒီထက်ပိုပြီး သကြားအဝယ်ထပ်ကောင်းလာရင်တော့ သကြားလက်ကျန်က မန္တလေးစျေးကွက်ထဲ နည်းသွားနိုင်ပါတယ်”ဟု သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် ထုံးမကြီးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ထုံးမကြီးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထုံးမကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၅ ဦးကို ငွေကျပ် ၃၈၈ ဒသမ ၄၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၀ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂၀ ဒသမ ၆၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၇ ဦးကို ငွေကျပ် ၄၁၉ ဒသမ ၁ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **စင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ချမ်းမြသာစည် တောင်ရပ်နေ မယဉ်သူစောက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ စီမံအထွေထွေအတွင်းရေးမှူး သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတင်သန်း၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# အမာမြို့မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရ



**အမာ ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း အမာမြို့မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

အမာမြို့မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ကင်းမွန်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကင်းမွန်ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှကင်းမွန်များအပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"အခု ကင်းမွန်တွေ အဝင်များပြီး အရင်ကထက်ပိုမိုတင်ပို့ရောင်းချနေရတယ်။ အောက်တိုဘာလအတွင်းက ရန်ကုန်ဈေးကွက်ကို ကင်းမွန်ပိဿာချိန် ၄၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ရန်ကုန်ဈေးကွက်ကို ကင်းမွန်ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရတယ်။ အောက်တိုဘာလထက် နိုဝင်ဘာလမှာ ကင်းမွန်ပိဿာချိန် ၃၀၀၀၀ ပိုမိုတင်ပို့ရောင်းချခဲ့ရတယ်။ ကုန်ချိန်တွေ များများတင်ပို့ရောင်းချခဲ့ရပေမဲ့ ကင်းမွန်ဈေးကငြိမ်နေပါတယ်။ ဒီဘက်ကထွက်ရှိတဲ့ ကင်းမွန်တွေအပါအဝင် ရေထွက်ကုန်တွေကို ဖျာပုံနဲ့ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာများပါတယ်"ဟု အမာမြို့မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

အဆိုပါ ကင်းမွန်များကို စနစ်တကျ စစ်ဆေးသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ကင်းမွန်အကြီးတစ်ပိဿာလျှင်ငွေကျပ် ၂၉၀၀၀၊ ကင်းမွန်အသေးတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ဈေးပေါက်နေကြောင်း၊ ကင်းမွန်တင်ပို့ရောင်းချမှု များလာသည့်အတွက် ကုန်သည်များ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ဆည်ခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆည်တိုကျေးရွာအုပ်စု ဆည်ခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဆည်ခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆည်ခွဲကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၃ သိန်းကျော် အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၅၄၇ ဧက စိုက်ပျိုးပြီးစီး

**မော်လိုက် ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၅၄၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၉၇၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ နေကြာဧက ၇၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတာ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပါပြီ။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးသွားမှာပါ။ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၂၁၅၄ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ၁၃၉၃ ဧက စုစုပေါင်း ၃၅၄၇ ဧကဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် နေကြာစိုက်ပျိုးရန်လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၅၅၆၄ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၂၄၀၇ ဧက စုစုပေါင်း ၇၉၇၁ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အချိန်မြင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)



# အောင်မြင်ကြောင်းတရား

ချစ်နိုင်(စိတ်ပညာ)

ဘာသာရေးဟာ နေ့စဉ်ဘဝနဲ့ တခြားစီလို့ ယူဆလေ့ရှိကြပါတယ်။ ဘာသာရေးကသက်သက်၊ စီးပွားရေးကသက်သက် ဘာသာရေးကိစ္စဟာ မိမိတို့လက်တွေ့အလုပ်နဲ့ မရောယှက်နဲ့လို့ ယူဆတတ်ကြတယ်။ အဲဒါ တော်တော်လွဲချော်တဲ့ အယူအဆတစ်ရပ်ပါ။ အပြစ်တင်တာမဟုတ်ပါ။ တည့်မတ်စေလိုတဲ့စေတနာ။

အခြားဘာသာတွေတော့ မသိပါ။ မဆိုလိုပါ။

ဗုဒ္ဓဘာသာကတော့ လူတိုင်းအတွက် နေ့စဉ်ဘဝနဲ့ တိုက်ရိုက်ပတ်သက်တဲ့ မြတ်စွာဘုရားရဲ့ လမ်းညွှန်ဆုံးမသင်ပြမှုတွေသာဖြစ်တဲ့အတွက် ဘယ်သူမဆို၊ အချိန်မရွေး၊ နေရာဒေသမရွေး၊ အခြေအနေမရွေး၊ လိုက်နာကျင့်သုံးသမျှ ကောင်းကျိုးမုချရမှာ သေချာတဲ့တရား။ အကောင်းဆုံးနည်းလမ်း ရွေးချယ်လုပ်ဆောင်တတ်ဖို့ ညွှန်ပြတဲ့တရား။ ဝေးဝေးဖယ်ထားရမှာမဟုတ်ပါ။ စိတ်ထဲအမြဲရှိနေရမှာ။

လူတွေကြားမှာ ရောလို့မရ၊ ထားလို့မရအောင် တစ်သီးတခြား ဘုရားစင်၊ ဘုရားခန်းမှာပဲရှိစေရမယ့် တရားမျိုးမို့ စာအုပ်တွေ၊ စာအုပ်ထဲမှာပဲရှိနေပါစေလို့ မယူဆရပါ။

လူတွေထဲမှာပဲ၊ နေ့စဉ်ဖြစ်စဉ်တွေထဲမှာပဲ၊ မိမိရင်ထဲ ဘုရား၊ တရား၊ သံဃာရဲ့ အဆုံးအမရှိစေရပါမယ်။ ခွဲလို့မရ။ သိစရာတွေကို သိအောင်၊ မြင်စရာတွေကို မြင်အောင် မြတ်စွာဘုရားရှင်က သင်ကြားဟောပြခဲ့တာဖြစ်ပါတယ်။

အနည်းဆုံးအနိမ့်ဆုံး မဖြစ်မနေ သိရ၊ ကျင့်ရမယ့် အခြေခံသုတ္တန်တရားနှစ်ပုဒ်ကို ဖတ်ဖြစ်အောင် ဖတ်စေချင်ပါတယ်။

**၁။ မင်္ဂလသုတ်**

**၂။ ပရာဘဝသုတ်**

ဒီတရားတော်နှစ်ပုဒ်ဟာ လူတွေကို ဟောကြားခဲ့တာမဟုတ်ပါ။ လူတွေကမေးလို့ ဟောတဲ့တရားလည်း မဟုတ်ပါ။ လူတစ်ယောက်ယောက်ကို အကြောင်းပြုပြီး ဟောတဲ့တရားလည်းမဟုတ်ပါ။ ဒါဆို ဘယ်သူတွေကို ဟောကြားခဲ့တဲ့ တရားလဲ။

နတ်တွေကို ဟောကြားခဲ့တဲ့ တရားတွေပါ။

နတ်နားနဲ့၊ နတ်ဦးနှောက်နဲ့ ကိုက်ညီဆီလျော်အောင် မြတ်စွာဘုရားက ဟောကြားတော်မူခဲ့တဲ့ တရားတော်နှစ်ပုဒ်ဖြစ်တဲ့အတွက် ယုတ်တဲ့စိတ်၊ ပုပ်တဲ့စိတ်၊ ညံ့ဖျင်းသေးသိမ်တဲ့အာရုံရှိနေတဲ့ နားနဲ့ မဝင်ပါဘူး။ နတ်မြတ်နတ်ကောင်းတွေအတွက် (သိကြားမင်းဖြစ်ကောင်းဖြစ်မယ်လို့ ယူဆရတဲ့) မေးမြန်းလျှောက်ထားလို့သာ မြတ်စွာဘုရားက ဟောကြားတာပါ။

ဒါဆို နတ်သားက မေးမြန်းလို့ နတ်ဒေဝတာတွေ နတ်မြတ်နတ်ကောင်းနတ်အပေါင်းတွေကို ဟောတဲ့တရားက ကျွန်ုပ်တို့လူသားတွေအတွက် အသုံးဝင်ပါ့မလား။

မေးမယ်ဆိုရင် မေးစရာပါပဲ။

သူများသားသမီးကို သင်တဲ့စကားကိုပဲ မိမိက စိတ်ဝင်တစား နာယူမှတ်သားတတ်ရင် ကိုယ့်သားလည်း တတ်တာပဲ၊ တော်တာပဲ၊ အကျိုးရှိတာပါပဲ။

ဒါကြောင့် ပိဋကသုံးပုံထဲက သုတ္တန်ဒေသနာအစုတရားတော်တွေထဲမှာ မင်္ဂလသုတ်လည်းပါတယ်။ ပရာဘဝသုတ်လည်းပါတယ်။ စာရေးသူ ကောက်နုတ်ရွေးချယ်တင်ပြနေတာက လူတွေရဲ့ နေ့စဉ်ဘဝမှာ လက်တွေ့အသုံးချဖို့ရာ အခုသိ၊ အခုအသုံးပြု၊ အခုကောင်းကျိုးလက်ငင်းရစေတဲ့ မသိမဖြစ်သိရမယ့်အရာမျိုးကို ဦးစားပေး ပထမစဉ်းစားဖော်ပြတာမို့ နတ်တွေကိုဟောတဲ့တရားက ရှေ့ဆုံးထိပ်က ရောက်နေရတာပါ။

နတ်တွေက ဘာလို့မေးတာလဲ။

နတ်တွေက သူတို့မသိခဲ့တာ၊ မသိသေးတာ၊ သိချင်တာမေးတာပါပဲ။ ဘာလို့သိချင်ရတာလဲ။

နတ်တွေက နတ်ဘုံနတ်နန်းမှာ နတ်ဩဇာစားပြီး နတ်စည်းစိမ်ခံစားနေကြရပေမယ့် လူသားတွေရဲ့ဘဝကို စိတ်ဝင်စားပါတယ်။ သူတို့ဟာ လူ့ဘဝမှာ ရခဲ့နေခဲ့ဖူးတာကိုသိကြတဲ့ နတ်တွေလည်းရှိတယ်။ နတ်ဘဝဟာ အမြဲမတည်နေနိုင်ဘူး။ ဘဝများစွာက ကောင်းမှု၊ မကောင်းမှုတွေနဲ့ အခုနတ်ဘဝပြုမှုပြောဆိုကြံစည်မှုကံတွေရဲ့အကျိုးဆက်အရ ဘယ်လိုဘုံ ဘယ်လိုဘဝ ပြောင်းလဲရောက်ရှိသွားမလဲဆိုတာ အချို့နတ်က သိချင်သိမယ်၊ အချို့ကတော့ မသိကြဘူး။ လူ့ဘဝဟာ အကောင်းအဆိုးအမျိုးမျိုးဖြစ်ပျက်နေကြတာကိုတော့ သူတို့မြင်ကြတယ်။ ဒါတွေဟာ ဘာကြောင့်ဖြစ်ပျက်တာလဲ အကြောင်းအကျိုးကိုတော့ မသိကြပါဘူး။ ဒါကြောင့် လူတွေက ၁၂ နှစ်ကြာတဲ့တိုင်အောင် မင်္ဂလာဆိုတာဘာလဲ။ အချို့က ယစ်ပူဇော်

> ❖ မသိသူကျော်သွား၊ ဒုက္ခများကြ။ သိသူဖော်စား၊ ကောင်းကျိုးတရားတွေရလို့။ လက်တွေ့သုတေသန စမ်းသပ်ခံပြီးသား သာဓကတွေ အထောက်အထားသက်သေ မရေမတွက်နိုင်အောင်များစွာခိုင်လုံတဲ့ တရားဓမ္မတွေဖြစ်ပါတယ်။ ယုံယုံကြည်ကြည်နဲ့ မင်္ဂလာတရားရယ်၊ ပရာဘဝသုတ်ထဲက ရှောင်ရန်အချက်တွေရယ်၊ မသိသေးရင် သိအောင်လေ့လာ၊ မလိုက်နာဖြစ်ခဲ့သေးရင် အလေးထားပြီး လက်တွေ့ကျင့်သုံးလိုက်နာပေရော့။ ရှာဖွေဖတ်ရှုအသုံးပြုလေ ကောင်းကျိုးတရားတွေဖြာဝေ။ ❖

တာ မင်္ဂလာလို့ပြောသူပြော၊ လုပ်သူလုပ်။ မြစ်ထဲမှာရေချိုးတာမှ မင်္ဂလာလို့ ဟောသူဟော၊ လုပ်သူလုပ်။ မင်္ဂလာဆိုတဲ့အချက်ရဲ့ မှန်ကန်တိကျကောင်းကျိုးရနိုင်တာကို လူတွေရေရေရာရာမသိဘဲ တောပြောတောင်ပြော၊ တောလုပ်တောင်လုပ်ဖြစ်နေကြတာကို ကြည့်မြင်ခြုံငုံပြီး နတ်တွေက အဖြေသိချင်တယ်။

လူတွေကတော့ သူတို့ထင်ရာမင်္ဂလာဆိုပြီး သူ့အစုနဲ့သူ၊ အမျိုးမျိုး အကွဲကွဲ အပြားပြား (နတ်တွေကတော့ အမှန်မသိပေမယ့် လူတချို့ပြောနေလုပ်နေတာတွေ လွဲချော်နေပုံရတယ်လို့ မြင်ပုံရပါတယ်)၊ နတ်တွေက သူတို့လည်း တစ်ချိန်ချိန်မှာ လူ့ဘုံလူ့ဘဝပြန်လည်ကျရောက်နိုင်သေးတာပဲမို့ မြတ်စွာဘုရားရှင်ပွင့်ထွန်းပေါ်ချိန်လေးမှာ သိချင်တာသိရအောင် မေးတာဖြစ်ပါတယ်။

လူ့သက်တမ်းက အနှစ် ၈၀-၁၀၀ ပဲရှိတာ။ နတ်သက်က အများကြီး ပိုပြီးရှည်ကြာပါတယ်။ ဒါပေမဲ့ ရှေ့ခရီးသံသရာအတွက် သိထားချင်တယ်။

မင်္ဂလသုတ်တရားတော်က လူနတ်ဗြဟ္မာ၊ သတ္တဝါဝေနေယျ၊ သက်ရှိအားလုံးနဲ့ အကျုံးဝင်တဲ့ ဆောင်ရန်ရှောင်ရန် နိယာမအကြောင်းအချက် ၃၈ ချက်တိတိဖြစ်ပါတယ်။ နတ်တွေအတွက်သာဟောတာမဟုတ်။ သံသရာခရီးရှည်ကြီးမှာ အတက်အကျ၊ အကောင်းအဆိုးအမျိုးမျိုးကို ရင်သန့်ဖြတ်သန်းနေသမျှ နိဗ္ဗာန်မရသေးခင်ကာလတစ်လျှောက်လုံး အသုံးကျတဲ့ ဓမ္မအဖြစ် ထုတ်ဖော်ဟောကြားတော်မူခဲ့တယ်။ လူသားတွေနဲ့လည်းဆိုင်ပါတယ်။

မြတ်စွာဘုရားဟောကြားတော်မူတာ နှစ်ပေါင်း ၂၅၀၀ ကျော်၊ ၂၆၀၀ လောက်တောင်ကြာခဲ့ပေပြီ။ လူသားမျိုးဆက်ပေါင်းများစွာ မှတ်သားနာယူသူတွေ လက်တွေ့ကောင်းကျိုးခံစားကြရပြီး မသိသူ၊ မကျင့်သူတွေ အလွဲလွဲအချော်ချော်နဲ့ မင်္ဂလာနဲ့ ဝေးကွာ၊ ဆင်းရဲဒုက္ခနွံအတွင်း ချောက်ထဲကျင်းထဲ ကျခဲ့ကြတာများလှပါပြီ။

မသိသူကျော်သွား၊ ဒုက္ခများကြ။

သိသူဖော်စား၊ ကောင်းကျိုးတရားတွေရလို့။

လက်တွေ့သုတေသန စမ်းသပ်ခံပြီးသား သာဓကတွေ အထောက်အထားသက်သေ မရေမတွက်နိုင်အောင် များစွာခိုင်လုံတဲ့ တရားဓမ္မတွေဖြစ်ပါတယ်။ ယုံယုံကြည်ကြည်နဲ့ မင်္ဂလာတရားရယ်၊ ပရာဘဝသုတ်ထဲက ရှောင်ရန်အချက်တွေရယ်၊ မသိသေးရင် သိအောင်လေ့လာ၊ မလိုက်နာဖြစ်ခဲ့သေးရင် အလေးထားပြီး လက်တွေ့ကျင့်သုံးလိုက်နာပေရော့။ ရှာဖွေဖတ်ရှု အသုံးပြုလေ ကောင်းကျိုးတရားတွေဖြာဝေ။ စာရေးသူရဲ့ ဖြူစင်တဲ့စေတနာ။

ဆရာက မြတ်စွာဘုရား နတ်တွေကိုဟောတဲ့တရားအကြောင်းပဲပြောနေတယ်။ လူတွေဟောတဲ့တရားထဲက လူငယ်တွေအတွက် လက်တွေ့ထိရောက်တဲ့ တရားတော်တွေရှိရင်လည်း ပြောပါဦးဆိုလာရင်တော့ မိမိဘဝမှာ **"အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်တရားတော်"** သိရှိကြားနာရတာက ဘဝတစ်လျှောက်ကောင်းကျိုးကြီးမားလှတဲ့အတွက် ရာဟုလောဝါဒသုတ်အနှစ်ချုပ်ကောက်နုတ်ပြီး ဖော်ပြချင်ပါတယ်။ ဒီတရားတော်ဟာ သားတော်ရာဟုလာ မွေးစအချိန်ကာလမှ အချိန်မတော် ညဉ့်သန်းခေါင်ကျော်အချိန် နေပြည်တော်နန်းတော်မှ ထွက်ခွာခဲ့ပြီး တောထဲတောင်ထဲမှာပဲ အမှန်တရားဖြစ်တဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ တစ်စုံတစ်ရာကို မတွေ့တွေ့အောင် ကျင့်ကြံလေ့လာရှာဖွေမယ်လို့ ခြောက်နှစ်တိုင်တိုင် တရားအမျိုးမျိုး အတိုးအလျှော့၊ အပျော့အပြင်း ကြိုးစားအားထုတ်ပြီး သဗ္ဗညုတဉာဏ်တော်ရရှိတဲ့ ဗုဒ္ဓဖြစ်တော်မူပြီး တစ်နှစ်လောက်ကြာမှ ဇာတိရပ်ဌာန်မှ ယသော်ဓရာ၊ သားတော်ရာဟုလာ၊ ခမည်းတော်၊ မိထွေးတော် ပဇာပတိဂေါတမီ စတဲ့မိသားစု၊ ဆွေမျိုးတွေနဲ့ (ခုနစ်နှစ်ကြာ ခွဲခွာခဲ့ပြီးနောက်) ပြန်လည်ဆုံတွေ့ကြတဲ့ ဝမ်းနည်းဝမ်းသာ ဇာတ်ပေါင်းခန်းမှာ သားတော်ကို ရှင်သာမဏေအဖြစ်ပြုပေးပြီး ပထမဦးဆုံးမှာကြားတဲ့တရားတော်။ စိတ်လှုပ်ရှားစရာပါပဲ။

လွမ်းစရာလည်း ကောင်းတယ်။ ဝမ်းသာစရာလည်းကောင်းတယ်။

အသက်အရွယ် ခုနစ်နှစ်သားဟာ ခွဲခွာကွဲကွာခဲ့ရတဲ့ မိမိဖခင်ကို အဝါရေဆင်မြန်းလို့ သင်္ကန်းဝတ်ခမည်းတော်ရဟန်းအဖြစ် ဖူးမြင်ရတယ်။ ရှင်သာမဏေအဖြစ်ဝတ်ခွင့်ပြုပြီး လက်ယာတော်ရံ ရဟန္တာအရှင်မြတ်ရှင်သာရိပုတ္တရာက သင်္ကန်းရုံပေး၊ ဆံချပေး၊ နေပုံထိုင်ပုံ၊ ရပ်ပုံ၊ သွားပုံသင်ပြပေး။ ဘုရားရှင်က အသစ်စက်စက် ကိုရင်သာမဏေလေးကို ဟောကြားတော်မူတဲ့တရားဟာ သာသနာအရှည်ခံပြီး တည်တံ့စေဖို့ သံဃာတော်အားလုံးကျင့်သုံးကြရတဲ့ အနှစ်သာရအဆုံးအမ၊ ဩဝါဒပါတိမောက်လို့လည်းခေါ်တယ်။

ဓမ္မပဒတရားတော်မှာလည်းပါတယ်။

ရာဟုလောဝါဒသုတ္တန်ဟာ အဲဒီလောက်လေးနက်တယ်။ ကျယ်ဝန်းတယ်၊ မြင့်မြတ်ခိုင်မာတယ်။

**"သဗ္ဗပါပဿ အကရဏံ၊**
**ကုသလဿ ဥပသမ္ပဒါ၊**
**သစိတ္တ ပရိယောဒပနံ၊**
**ဧတံ ဗုဒ္ဓါန သာသနံ"**

၁။ မကောင်းမှုမှန်သမျှ ဘာကိုမှမပြုနဲ့။

၂။ ကောင်းမှုဟူသမျှ ပြည့်စုံအောင်ဆည်းပူးရမယ်။

၃။ မိမိစိတ်နှလုံးကို ဖြူစင်ပါစေ။

ဒီသုံးချက်ဟာ မြတ်စွာဘုရားရဲ့ အဆုံးအမတရားပဲ။

(ဩဝါဒပါတိမောက်ရဲ့ အနက်အဓိပ္ပာယ်ပါ)

သားတော်ရာဟုလာကို ဟောကြားတဲ့ တရားအပြည့်အစုံရဲ့အနှစ်သာရကတော့ (အထက်ပါသုံးချက်အပြင်)

၄။ ပြောခြင်း၊ ပြုခြင်း၊ တွေးခြင်းတို့ကို မပြုမီ၊ ပြုနေစဉ်၊ ပြုပြီးနောက်၊ သတိယှဉ်ပြီး ဆင်ခြင်ဉာဏ်ရှေ့က ထိန်းကျောင်းရမယ်။ သတိမြဲပါစေ။

၅။ စိတ်ထားဖြောင့်မှန်ပြီး သည်းခံခွင့်လွှတ်တတ်ရမယ်။

၆။ မေတ္တာထားနိုင်ရမယ်။ လုံ့လနဲ့ ကြိုးစားအားထုတ်မှုရှိရမယ်။

၇။ တာရှည်ခိုင်မာတဲ့ ဇွဲလည်းရှိရမယ်။

ဒီအချက်တွေဟာ မိမိရည်မှန်းချက်အောင်မြင်စေတဲ့ အကြောင်းတရားတွေ ဖြစ်ပါတယ်တဲ့။

အောင်မြင်ကြောင်းတရားခေါင်းစဉ်နဲ့ လူတိုင်းကျက်မှတ်၊ ကျင့်သုံးနိုင်အောင် ချမ်းမြေ့ဆရာတော်ကြီးအရှင်ဇနကာဘိဝံသက အောက်ပါအတိုင်း ကဗျာလင်္ကာလေး စီကုံးပေးတော်မူဖူးတယ်။ လွန်ခဲ့တဲ့ နှစ် ၄၀ ကျော်က ကျက်ခဲ့ရဖူးတယ်။ ဘဝတစ်သက်တာမှာ တန်ဖိုးရှိလွန်းလှတာမို့ မျှဝေပါရစေ-

- **မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား။**
- **ပြောပြုတွေးလျှင်၊ သတိယှဉ်၊ ဆင်ခြင်ဉာဏ်ရှေ့သွား။**
- **စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာထား။**
- **လုံ့လနှင့်ရွဲ မလျှော့ဘဲ၊ အမြဲတင်းတင်းထား။**
- **အရာရာတွင် အသုံးဝင်၊ အောင်မြင်ကြောင်းတရား။ ။**

ဆရာတော်သံဃာတော်တွေက တရားဒေသနာတွေကို လူအများ မှတ်သားနာလည် အလွယ်တကူမှတ်မိပြီး စိတ်ထဲမှာစွဲမြဲအောင် ဒီလိုပဲ လင်္ကာသီကုံးပေးလေ့ရှိကြပါတယ်။ သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရက ဩဝါဒပါတိမောက်ကို ဒီလိုရေးဖွဲ့ပေးခဲ့ဖူးတယ်-

**"မကောင်းမှုများ၊ ရှောင်ရှားပယ်စွာ၊**
**ကောင်းမှုအပေါင်း၊ ရဆောင်းကြပါ။**
**မိမိစိတ်ရင်း၊ သန့်ရှင်းစေရာ၊**
**ဤသုံးပါး ဘုရားသာသနာ။"** တဲ့။

သိရသမျှ တိတိကျကျ ပြည့်ပြည့်ဝဝ လိုက်နာကျင့်သုံးကြသူအပေါင်း ကောင်းကျိုးချမ်းသာ လိုရာဆန္ဒ ပြည့်ဝအောင်မြင်ကြပါစေ။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုပို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၉၀၄ ဧက စိုက်ပျိုးပြီးစီး

**ရေဦး ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ၂၉၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။


ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၇၁၇၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဒီပဲယင်းမြို့နယ်မှာ ကုလားပဲဧက ၇၁၇၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၉၀၄ ဧက စိုက်ပျိုးပြီးပါပြီ။ ကုလားပဲလျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈) နှင့် ရေဆင်း(၁၁) မျိုးကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကြကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် ကုလားပဲစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိစိုက်ပျိုးခဲ့ရာ ဧက ၇၁၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ထရိုင်ကိုဒါးမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)




ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

# မင်းလှမြို့နယ် နဂါးအိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းနေမှု စစ်ဆေး

**မင်းလှ ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နဂါးအိုင်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နဂါးအိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် နဂါးအိုင်ကျေးရွာ၌ အရှည် တစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိသော ကျေးလက်ကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၁၂၅ သန်းအသုံးပြုပြီး တင်ဒါအောင်မြင်သည့် စေတုတ္တရာချင်းတိုင်းရင်းသားများကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၂၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက နဂါးအိုင်ကျေးရွာရှိ လယ်ယာစိုက်ပျိုးမြေဧက ၁၀၈၇ ကျော်မှ ထွက်ရှိမည့်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။ **ရှိုးလေး**

## အညာဆောင်း

- မြောက်ပြန်လေ နှင်းတစ်ထုပ်နဲ့
သတင်းလုပ်လို့ ဖြန့်ဖို့ရည်၊
အညာမြေ မှုန်မှိုင်းအောင်
ကဆုန်စိုင်းလို့ချီ၊
နှင်းထုပ်ကြီး ဖျန်းချပြီ
ချမ်းလှသည် ဒီအညာဆောင်း၊
ထွေးမလုံ စောင်တစ်ထပ်နဲ့
တစ်ရေးကုန်အောင် အသာပတ်
နှပ်ရပေကြောင်း။

- ငွေနှင်းမှုန် ပက်လောင်းတော့
ကောင်းပါပေ့ ပဲခင်းတွေ၊
ပြန်မြောက်လေ ရိုင်းသမျှ
လှိုင်းထလို့ဝေ၊
ကျေးငှက်တို့ ဆိုတေးခွေ
ခိုကလေးတွေ နေသာရောက်၊
ကိုင်းအထက်ကမ်းမူ မတော့
ဖျိုင်းငှက်ဖြူ မြူတွေကြား
ပိုးမွှားအစာကောက်။

- စပါးတွေ ရိုင်အမောက်
တိုင်ထောက်လို့ မီချင်မီ၊
တောင်သူတွေ ဝမ်းရေးက
အေးခဲ့လေပြီ၊
ပဲပင်တွေ ပွားသမျှတော့
ခါးလှဖို့ ဟန်ကိုချီ
မာန်ကိုတည် လုပ်ခွင်ထဲ၊
ကိုင်းခွင်လယ် နှင်းကြားမှာဖြင့်
သီချင်းများဟစ်ချဲ့။

- နေရောင်မြင် နှင်းမှုန်ကွဲမှ
အခင်းစုံထဲ တောင်သူတွေ၊
နေပူပူ အနွေးဓာတ်နဲ့
လေတလူလူ အအေးဟပ်မှာ
မောတတ်သမျှပြေ၊
ပဲသိမ်းဖို့ ဇောထပ်နေ
တောရပ်မြေ အညာတစ်လွှား။
နှင်းမှုန်မှုန် ဆောင်းလမှာဖြင့်
ကောင်းအလှ အဖြာဖြာနဲ့
သာယာစွာ အလုပ်ဖွဲ့တွေပေါ့
အညာရွာ အဟုတ်ခဲပါလို့
နွဲ့ကြပုံ လှမ်းအတွေ့
အိုကွယ်
အချမ်းမေ့လေတကား။ ။

**လွမ်းလေးကို(သရက်)**

**ပလင်ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## နိုင်ငံတကာ သတင်းများ

# သမ္မတပူတင်ကို တစ်သီးပုဂ္ဂလသမ္မတလောင်းအဖြစ် ထောက်ခံသူအုပ်စုတစ်စုက တရားဝင်အမည်စာရင်းတင်သွင်း

**မော်စကို ဒီဇင်ဘာ ၁၇**

ရုရှားသမ္မတပူတင်ကိုထောက်ခံသူများသည် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် တစ်သီးပုဂ္ဂလသမ္မတလောင်းအဖြစ် ရုရှားသမ္မသပူတင်ကို ဒီဇင်ဘာ ၁၆ ရက်တွင် တရားဝင်အမည်စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။

ရုရှားရွေးကောက်ပွဲဥပဒေများအရ အနည်းဆုံးထောက်ခံသူဦးရေ ၅၀၀ ပါဝင်သည့် အစုအဖွဲ့တစ်ရပ်က တစ်သီးပုဂ္ဂလသမ္မတအမည်စာရင်းပေးသွင်းမှုမှာ တရားဝင်မှုရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၁၆ ရက်တွင် သမ္မတပူတင်ကိုထောက်ခံသည့် နိုင်ငံရေးနယ်ပယ်၊ အားကစားနယ်ပယ်နှင့် ယဉ်ကျေးမှုနယ်ပယ်တို့မှ နာမည်ကျော်ခေါင်းဆောင်ဦးရေ ၇၀၀ ခန့်တို့သည် မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေး၍ သမ္မတပူတင်ကို တစ်သီးပုဂ္ဂလသမ္မတလောင်းအဖြစ် အမည်စာရင်းပေးသွင်းရန် တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။

တစ်သီးပုဂ္ဂလသမ္မတလောင်းအဖြစ် ၂၀၂၄ သမ္မတရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်မည့် သမ္မတပူတင်အနေဖြင့် ရုရှားဒေသကြီး ၄၀ နှင့်အထက်မှ သမ္မတလောင်းအဖြစ် ထောက်ခံကြောင်း လက်မှတ်အနည်းဆုံး ၃၀၀၀၀၀ ကောက်ခံရန်လိုအပ်မည်ဖြစ်သည်။

ရုရှားသမ္မတပူတင်သည် ၂၀၁၈ ခုနှစ် ရုရှားသမ္မတရွေးကောက်ပွဲတွင်လည်း တစ်သီးပုဂ္ဂလသမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသည်။

၂၀၂၄ ခုနှစ် မတ်လအတွင်း ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ယခုလအစောပိုင်းတွင် ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ကူဝိတ်စော်ဘွား ရှိတ်ခ်နာဝပ်ဖ် အသက် ၈၆ နှစ်အရွယ်၌ ကွယ်လွန်

**ကူဝိတ်စီးတီး ဒီဇင်ဘာ ၁၇**

ကူဝိတ်စော်ဘွားရှိတ်ခ်နာဝပ်ဖ် အယ်လ်အာမက် အယ်လ်ဆာဘားသည် ဒီဇင်ဘာ ၁၆ ရက်တွင် ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း ကူဝိတ်အစိုးရက သတင်းထုတ်ပြန်ထားသည်။

ကူဝိတ်စော်ဘွား ရှိတ်ခ်နာဝပ်ဖ်သည် ကွယ်လွန်ချိန်တွင် အသက် ၈၆ နှစ်ရှိပြီဖြစ်ကြောင်း ကူဝိတ်အစိုးရသတင်းထုတ်ပြန်ချက်အရ သိရသည်။

ရှိတ်ခ်နာဝပ်ဖ်သည် ကူဝိတ်စော်ဘွားရာထူးကို ရယူခဲ့ပြီး သုံးနှစ်အကြာတွင် ကွယ်လွန်ခဲ့ရခြင်းဖြစ်သည်။

ကျန်းမာရေး ချုချာနေသည့် ကူဝိတ်စော်ဘွား ရှိတ်ခ်နာဝပ်ဖ်သည် စော်ဘွားရာထူးရယူပြီး မကြာမီ ၂၀၂၁ ခုနှစ်အတွင်းမှာပင် နိုင်ငံအုပ်ချုပ်ရေးတာဝန်အများစုကို အိမ်ရှေ့မင်းသားရှိတ်ခ်မီရှားလ်ဘယ်လ်အာမက်အယ်လ်ဆာဘားထံ လွှဲအပ်ထားရသူဖြစ်သည်။

စော်ဘွားရှိတ်ခ်နာဝပ်ဖ် ကွယ်လွန်ပြီးနောက် ကူဝိတ်စော်ဘွားအရိုက်အရာကို အသက် ၈၃ နှစ်အရွယ် အိမ်ရှေ့မင်းသား ရှိတ်ခ်မီရှားလ်က ရယူမည်ဖြစ်သည်။

စော်ဘွား ရှိတ်ခ်နာဝပ်ဖ်သည် အစ်ကိုဖြစ်သူ စော်ဘွားရှိတ်ခ်အယ်လ်ဆာဘား ကွယ်လွန်ပြီးနောက် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ကူဝိတ်စော်ဘွားရာထူးကို ရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ရုရှားက နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို တိုက်ခိုက်မည်ဟူသော သမ္မတဂျိုးဘိုင်ဒင်၏မှတ်ချက်ကို သမ္မတပူတင် ဝေဖန်



**မော်စကို ဒီဇင်ဘာ ၁၇**

ယူကရိန်း၌ စစ်နိုင်ခဲ့ပါက မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ရုရှားနိုင်ငံက တိုက်ခိုက်လိမ့်မည်ဟူသော အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ပြောကြားချက်မှာ အဓိပ္ပာယ်မဲ့လွန်းနေကြောင်း ရုရှားသမ္မတပူတင်က ယနေ့တွင် ဝေဖန်လိုက်သည်။

ယူကရိန်းနိုင်ငံ၌ စစ်နိုင်ခဲ့ပါက ရုရှားနိုင်ငံအနေဖြင့် နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို တိုက်ခိုက်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ယခုလအစောပိုင်းတွင် ပြောကြားထားသည်။

သို့သော် သမ္မတဂျိုးဘိုင်ဒင်သည် အဆိုပါသတိပေးစကားအတွက် ခိုင်မာသည့်အထောက်အထားပြသနိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်း၌ စစ်နိုင်ခဲ့လျှင် နေတိုးနိုင်ငံတစ်နိုင်ငံကို တိုက်ခိုက်လိမ့်မည်ဟူသော သမ္မတဂျိုးဘိုင်ဒင်၏ စကားမှာ အဓိပ္ပာယ်မဲ့လွန်းနေကြောင်း နိုင်ငံပိုင်ရုပ်သံဌာနတစ်ခုနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတွင် သမ္မတပူတင်က သုံးသပ်ခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် နေတိုးအုပ်စုနှင့် စစ်မက်ဖက်ပြိုင်တိုက်ခိုက်ရန် စိတ်မဝင်စားကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

သမ္မတဂျိုးဘိုင်ဒင်၏စကားသည် ၎င်း၏ရုရှားနိုင်ငံဆိုင်ရာမူဝါဒအမှားများကို ဖုံးကွယ်ရေးအတွက် ဆင်ခြေမဲ့သည့် စကားမျိုးသာဖြစ်သည်ဟု ရုရှားသမ္မတကသုံးသပ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# လစ်ဗျားကမ်းလွန်၌ ရေယာဉ်တစ်စီးနစ်မြုပ်မှုဖြစ်ပွား တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၆၁ ဦး သေဆုံး

**ထရိုပိုလီ ဒီဇင်ဘာ ၁၇**

လစ်ဗျားနိုင်ငံ ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း ရေယာဉ်တစ်စီးပျက်စီးနစ်မြုပ်ခဲ့ရာ အမျိုးသမီးနှင့် ကလေးများအပါအဝင် ရွှေ့ပြောင်းဝင်ရောက်သူ ၆၁ ဦး ရေနစ်သေဆုံးခဲ့ရကြောင်း နိုင်ငံတကာလူဝင်မှုအဖွဲ့(အိုင်အိုအမ်)က ဒီဇင်ဘာ ၁၆ ရက်တွင် သတင်းပြန်ထားသည်။

လစ်ဗျားနိုင်ငံ ဇဝါရာမြို့မှ ထွက်ခွာသွားသည့် အဆိုပါရေယာဉ်ပေါ်တွင် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၈၆ ဦးလိုက်ပါသွားကြောင်း အသက်ရှင်ကျန်ရစ်ခဲ့သူများ၏အဆိုအရ သိရသည်။

ဥရောပသို့ သွားရောက်ရေးအတွက် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများအသုံးပြုသည့် မြေထဲပင်လယ်လမ်းကြောင်းမှာ ကမ္ဘာပေါ်၌ ဘေးအန္တရာယ်အများဆုံး လူဝင်မှုလမ်းကြောင်းတစ်ခုဖြစ်လာကြောင်း အိုင်အမ်အိုက သတိပေးထားသည်။

ယခုနှစ်အတွင်း မြေထဲပင်လယ်ဒေသ၌ ဖြစ်ပွားခဲ့သော တရားမဝင်ရွှေ့ပြောင်း ဝင်ရောက်သူများ သေဆုံးမှုများထဲတွင် ယခုနှစ် ဇွန်လအတွင်း ပေါ်ပေါက်ခဲ့သည့် ငါးဖမ်းလှေတစ်စီး နစ်မြုပ်မှုဖြစ်စဉ်မှာ အသေအပျောက်အများဆုံးဖြစ်သည်။

လစ်ဗျားနိုင်ငံ တိုဘရုခ်မြို့မှ ထွက်ခွာသွားသည့် အဆိုပါငါးဖမ်းလှေသည် ဂရိကမ်းရိုးတန်းကမ်းလွန်၌ နစ်မြုပ်ခဲ့ရာ ၇၈ ဦးသေဆုံးခဲ့ရပြီး ၅၁၈ ဦးပျောက်ဆုံးခဲ့ရကြောင်း သိရသည်။



ယခုနှစ် ပထမခြောက်လအတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများ သေဆုံးမှု၏ အဓိကအကြောင်းရင်းမှာ ရေနစ်သေဆုံးမှုများဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဝိုင်အရက်ပို့ကုန်များအပေါ် ချမှတ်ထားသည့် အခွန်စည်းကြပ်မှု လာမည့်နှစ်တွင် တရုတ်နိုင်ငံရုပ်သိမ်းမည်ဟု သြစတြေးလျအစိုးရမျှော်လင့်

**ဆစ်ဒနီ ဒီဇင်ဘာ ၁၇**

သြစတြေးလျ ဝိုင်အရက်ပို့ကုန်များအပေါ် ချမှတ်ထားသည့် ဒဏ်ခတ် အခွန်စည်းကြပ်မှုကို တရုတ်နိုင်ငံက လာမည့်နှစ် နှစ်စပိုင်းတွင် ပြန်လည်ရုပ်သိမ်းပေးမည်ဟု မိမိတို့မျှော်လင့်ထားကြောင်း သြစတြေးလျအစိုးရ တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

သြစတြေးလျ ဝိုင်ပို့ကုန်များအပေါ် ချမှတ်ထားသည့် အခွန်စည်းကြပ်မှုစည်းမျဉ်းများကို ပြန်လည် ရုပ်သိမ်းပေးရေးအတွက် တရုတ်တာဝန်ရှိသူများ၏ အပြုသဘောဆောင်သည့်ဆုံးဖြတ်ချက်ကို လာမည့်နှစ်စတွင်ရရှိနိုင်မည်ဟု မိမိတို့ မျှော်လင့်ထားကြောင်း သြစတြေးလျကုန်သွယ်ရေးဝန်ကြီး ဒွန်ဖာရဲလ်က သတင်းဌာနများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ဝိုင်အရက် ပို့ကုန်များနှင့် ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WHO)သို့ တင်သွင်းထားသော အငြင်းပွားမှုကိုဖြေရှင်းရန်နှင့် ဝိုင်ပို့ကုန်များအပေါ် အခွန်စည်းကြပ်မှုကို ပြန်လည်သုံးသပ်ရန် တရုတ်နှင့် သြစတြေးလျနိုင်ငံတို့အကြား ယခုနှစ် အောက်တိုဘာလအတွင်း သဘောတူထားပြီးဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါမူလအစကို နိုင်ငံတကာစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် သြစတြေးလျနိုင်ငံက ၂၀၂၁ ခုနှစ်အတွင်း တောင်းဆိုခဲ့ပြီးနောက် တရုတ်နိုင်ငံသည် သြစတြေးလျဝိုင်ပို့ကုန်အပါအဝင် ပို့ကုန်အတော်များများကို ကုန်သွယ်ရေးကန့်သတ်ချက်များချမှတ်ခဲ့သည်။

သြစတြေးလျနိုင်ငံသည် ဝိုင်ပို့ကုန်များအပေါ် တရုတ်နိုင်ငံက အခွန်စည်းကြပ်ထားမှုနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်တွင် WHO သို့ တိုင်တန်းချက်တင်သွင်းခဲ့သည်။

တရုတ်နိုင်ငံသည် သြစတြေးလျ ဝိုင်အရက်ထုတ်ကုန်များ၏ အဓိကဈေးကွက်တစ်ခုဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် အဆုံးသတ်သည့် ၁၂ လတာကာလအတွင်း တရုတ်နိုင်ငံသို့တင်ပို့သည့် သြစတြေးလျဝိုင်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၄ သန်းထိ အမြင့်ဆုံးသို့ ရောက်ခဲ့ဖူးကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ဒီဇင်ဘာ ၂၉ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များ လွှတ်တင်ရန်စီစဉ်



**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဒီဇင်ဘာ ၂၉ ရက်တွင် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များ လွှတ်တင်ရန်စီစဉ်ထားကြောင်း ဒီဇင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

ဒီဇင်ဘာ ၂၉ ရက်တွင် လွှတ်တင်မည့် စတားလင့်ခ်ဂြိုဟ်တုများထဲတွင် ဆဲလ်ဖုန်းများဆီသို့ အင်တာနက် တိုက်ရိုက်ချိတ်ဆက်ပေးနိုင်စွမ်းရှိသော ဂြိုဟ်တုအမျိုးအစားသစ်ခြောက်စင်းလည်း ပါဝင်သည်။

ဒီဇင်ဘာ ၂၉ ရက် စတားလင့်ခ် မစ်ရှင်ကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံ စမ်းသပ်လွှတ်တင်မှု နှစ်ကြိမ်အပါအဝင် အာကာသ မစ်ရှင်ပေါင်း ၉၀ ကျော်ကို ယခုနှစ်အတွင်း လွှတ်တင်ထားသည်။

၂၀၂၃ ခုနှစ်အတွင်း Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ခဲ့သော မစ်ရှင် ၉၀ ကျော်အနက် အများစုမှာ စတားလင့်ခ်ဂြိုဟ်တုလွှတ်တင်ရေး မစ်ရှင်များဖြစ်ကြသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည်ငှင်းတည်ဆောက်နေသော စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု အစင်း ၅၁၀၀ ကျော် လွှတ်တင်ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်က တာဝန်သစ်တစ်ရပ်အဖြစ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၏ တွင်းဝအနားစွန်းနယ်မြေသို့ တက်ရောက်မည်

**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် တာဝန်သစ်တစ်ရပ်အဖြစ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၏ တွင်းဝအနားစွန်းနယ်မြေသို့ တက်ရောက်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းအနားစွန်းနယ်မြေသို့ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် တက်ရောက်နိုင်မည့် လမ်းကြောင်းတစ်ခုရှိနေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အဆိုပါလမ်းကြောင်း၏ စမှတ်သို့ရောက်ရှိရေးအတွက် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်အနေဖြင့် လက်ရှိနေရာမှ ၂ ဒသမ ၄ မိုင်အကွာထိ ဆက်လက်သွားရောက်ရမည်ဖြစ်ကြောင်း သိရသည်။

ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေအတွင်း သတ်မှတ်တာဝန်အားလုံး ပြီးဆုံးခဲ့ပြီးနောက် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်ကို ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း အနားစွန်းနယ်မြေသို့ စေလွှတ်ရန် နာဆာအဖွဲ့က စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။



ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း နယ်မြေပေါ်သို့ စတင်ဆင်းသက်ခဲ့သည်။

ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေပေါ် ဆင်းသက်ခဲ့ပြီးနောက် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်ကျောက်သားနမူနာများနှင့်သတ္တုမြှုန် ၁၀ ခုရယူ၍ သတ်မှတ်နေရာများ၌ ချထားနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ဂျပန်ဂြိုဟ်တုတစ်စင်းကို ဒီဇင်ဘာ ၁၅ ရက်က အီလက်ထရွန်ဒုံးပျံဖြင့် Rocket Lab ကုမ္ပဏီ လွှတ်တင်ပေးခဲ့

**ဝယ်လင်တန် ဒီဇင်ဘာ ၁၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် Rocket Lab ကုမ္ပဏီသည် ဒီဇင်ဘာ ၁၅ ရက်က ဂျပန်ဂြိုဟ်တုတစ်စင်းကို အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ကြောင်း ဒီဇင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

TSUKUYOMI-1 အမည်ရှိ ဂျပန်ဂြိုဟ်တုကို သယ်ဆောင်ထားသည့် အီလက်ထရွန်ဒုံးပျံကို နယူးဇီလန်နိုင်ငံ မာဟီးယားကျွန်းဆွယ် ဒေသမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် TSUKUYOMI-1 ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ် သို့ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု Rocket Lab ကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် TSUKUYOMI-1 ဂြိုဟ်တုကို မူလက ဒီဇင်ဘာ ၁၃ ရက်တွင် လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း ရာသီဥတု အခြေအနေကြောင့် ဒီဇင်ဘာ ၁၅ ရက်မှသာ လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမစ်ရှင်သည် Rocket Lab အီလက်ထရွန်ဒုံးပျံများအတွက် ယခုနှစ်၏ ၁၀ ကြိမ်မြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒီဇင်ဘာ ၁၅ ရက် မစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ၄၂ ကြိမ်မြောက် မာဟီးယားကျွန်းဆွယ်မှတစ်ဆင့် အီလက်ထရွန်ဒုံးပျံ လွှတ်တင်မှုလည်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ည ၉ နာရီနောက်ပိုင်း ညစာစားသူများ လေဖြတ်နိုင်ခြေမြင့်တက်လာနိုင်ဖွယ်ရှိ

**ပဲရစ် ဒီဇင်ဘာ ၁၇**

ည ၉ နာရီနောက်ပိုင်း ညစာစားသူများတွင် လေဖြတ်နိုင်ခြေမြင့်တက် လာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ပြင်သစ်နိုင်ငံ ဆောဟွန်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၁၀၀၀၀၀ ကျော်တို့၏ အစားအစာစားသောက်မှုအလေ့အထများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ညစာကို ည ၉ နာရီနောက်ပိုင်းမှ စားသူများသည် Transient Ischaemic Attack (TIA) သို့မဟုတ် အသေးစားလေဖြတ်မှုဖြင့်ရင်ဆိုင်နိုင်ရခြေ ပုံမှန်ထက် ၂၈ ရာခိုင်နှုန်း ပိုမြင့်မားနေကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ည ၉ နာရီ နောက်ပိုင်းမှ ညစာစားသူများသည် ည ၈ နာရီမတိုင်မီ ညစာစားသူများနှင့် နှိုင်းယှဉ်ပါက အသေးစားလေဖြတ်မှုဖြင့် ရင်ဆိုင်ရနိုင်ခြေ ပိုမြင့်မားကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အသေးစားလေဖြတ်မှု (Mini Stroke) သည် ဦးနှောက်အစိတ်အပိုင်းများဆီသို့ သွေးဝင်ရောက်မှု ယာယီပြတ်တောက်သွားချိန်တွင် ဖြစ်ပွားတတ်သည့် လေဖြတ်မှုပုံစံတစ်မျိုးဖြစ်ကြောင်း၊ ညပိုင်းအချိန်လွန်မှ ညစာစားမှုကြောင့် သွေးအတွင်းသကြားဓာတ်ပါဝင်မှု မြင့်တက်လာနိုင်ပြီး သွေးဖိအားလည်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## တုပ်ကွေးရောဂါက ကိုဗစ်ရောဂါကဲ့သို့ပင် ရေရှည်ခံစားရမည့်ရောဂါလက္ခဏာများ ချန်ထားခဲ့နိုင်

**နယူးယောက် ဒီဇင်ဘာ ၁၇**

ရာသီချိန် တုပ်ကွေးရောဂါသည် ကိုဗစ်ရောဂါကဲ့သို့ပင် ရေရှည်ခံစားရမည့် ရောဂါလက္ခဏာများ ချန်ထားခဲ့နိုင်ကြောင်း ဒီဇင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါနှင့်တုပ်ကွေးရောဂါ ကူးစက်ခံခဲ့ရသည့် လူနာပေါင်း ၉၀၀၀၀ ကျော်တို့၏ ရောဂါကူးစက်ခံခဲ့ရပြီး နောက်ပိုင်းကျန်းမာရေးအချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ ကိုဗစ်ရောဂါသည်သာမက တုပ်ကွေးရောဂါကြောင့်လည်း လူနာများအနေဖြင့် ရောဂါလက္ခဏာများ ရေရှည်ဆက်ခံစားရနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် လွှမ်းခြုံကြည့်ပါက ကိုဗစ်ရောဂါကြောင့် လူသေဆုံးမှုနှုန်းသည် တုပ်ကွေးရောဂါကြောင့် သေဆုံးရမှုနှုန်းထက် ၅၀ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ထို့ပြင် ကိုဗစ်လူနာများသည် တုပ်ကွေးလူနာများနှင့် နှိုင်းယှဉ်ပါက ရောဂါလက္ခဏာများကြောင့် ဆေးရုံ ပြန်တက်ရနိုင်ခြေလည်း ပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်ရောဂါကြောင့် နောက်ဆက်တွဲအဖြစ် ကျန်းမာရေးပြဿနာ ၉၄ မျိုးအနက် ၆၄ မျိုးသည် ဆက်လက် ခံစားရနိုင်ခြေမြင့်မားပြီး တုပ်ကွေးရောဂါကြောင့် ကျန်းမာရေးပြဿနာခြောက်မျိုး ဆက်လက်ခံစားရနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



နိုင်ငံတကာ
## အားကစားသတင်းများ

# ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်း အယ်မာရီယာအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်

**ဘာစီလိုနာ ဒီဇင်ဘာ ၁၇**

ဘာစီလိုနာ အသင်းသည် ဗလင်စီယာအသင်းနှင့် ကစားခဲ့သည့် လာလီဂါပြိုင်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်းအနေဖြင့် အဝါကတ်ပြသခံရသဖြင့် အဝါကတ်ငါးကြိမ်ပြည့်မြောက်ခဲ့သောကြောင့် အယ်မာရီယာအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

ဗလင်စီယာအသင်းနှင့် ပွဲစဉ်တွင် ဖရန်ကီဒီဂျောင်းသည် ဘာစီလိုနာအသင်းအတွက် ပွဲထွက်ကစားသမားအဖြစ်ပါဝင်လာခဲ့ပြီး အသင်းအနေဖြင့် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်နေချိန် ပွဲကစားချိန် ၇၇ မိနစ်အရောက်တွင် အဝါကတ်ပြသခံရသဖြင့် ယခုရာသီလာလီဂါပြိုင်ပွဲတွင် အဝါကတ်ငါးကြိမ်ထိပြည့်မြောက်ခဲ့သောကြောင့် ရာသီဝက်နောက်ဆုံးပွဲစဉ်ဖြစ်သည့် အယ်မာရီယာအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ဖရန်ကီဒီဂျောင်းသည် လာလီဂါပွဲစဉ် ၁၀ ပွဲပါဝင်ခဲ့ရာတွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပေးခဲ့ပြီး နည်းပြဇာဗီ၏ ယုံကြည်မှုရရှိနေသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ကာဒီဇက်အသင်း၊ အိုဆာဆူနာအသင်း၊ ဗယ်လ်ကာနိုအသင်း၊ အေတီကိုအသင်းနှင့် ယခုပွဲစဉ်တို့တွင် အဝါကတ်ပြသခံခဲ့ရကာ အဝါကတ်ငါးကြိမ်ပြည့်ခဲ့သည့်အတွက် စည်းမျဉ်းသတ်မှတ်ချက်အရ တစ်ပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။

ထို့ကြောင့် ၎င်းသည် ခရစ္စမတ်ကာလမတိုင်မီအနားယူရမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၅ ရက်တွင် မက္ကဆီကိုကလပ် အမေရိကအသင်းနှင့် ခြေစမ်းပွဲကစားအပြီးတွင် လာမည့် ဇန်နဝါရီ ၅ ရက်တွင်ကစားမည့် လက်ပါးမက်အသင်းနှင့် ပွဲစဉ်၌ ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ မွန်းလွဲ(၃)နာရီတွင် လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင် ရရှိခဲ့သည်။

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ယှဉ်ပြိုင်ကစားနေမှုများကို ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်တိုးရီ၊ ဦးမျိုးလှိုင်၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်ဘောလုံး အားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**STA**

# နည်းပြဒီယေဂိုအလွန်ဆိုနှင့်လမ်းခွဲခဲ့ကြောင်း ဆီဗီလာအသင်းထုတ်ပြန်ကြေညာ

**မက်ဒရစ် ဒီဇင်ဘာ ၁၇**

ဆီဗီလာအသင်းသည် လာလီဂါ အမှတ်ပေးပြိုင်ပွဲ အိမ်ကွင်းပွဲစဉ် တွင် ဂီတာဖေအသင်းကို သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့ပြီးနောက် လာလီဂါတွင် နိုင်ပွဲမရသေးသည့် နည်းပြဒီယေဂို အလွန်ဆိုနှင့် လမ်းခွဲခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

နည်းပြဒီယေဂိုအလွန်ဆိုသည် ပြီးခဲ့သည့် အောက်တိုဘာလက နည်းပြမန်ဒီလီဘာ နေရာတွင် ကာလတိုစာချုပ်ဖြင့် တာဝန်ယူခဲ့သူ ဖြစ်သော်လည်း ၎င်းအနေဖြင့် ပြိုင်ပွဲစုံ ၁၄ ပွဲကိုင်တွယ်ခဲ့ရာ ကိုပါဒယ်ရေးဗလား ပြိုင်ပွဲတွင် အောက်တန်းကလပ် ကွင်းတာနာ အသင်းကိုသာ အနိုင်ရခဲ့ပြီး အမှတ်ပေးပြိုင်ပွဲရှစ်ပွဲနှင့် ချန်ပီယံ လိဂ်ပြိုင်ပွဲလေးပွဲတို့တွင် နိုင်ပွဲမရခဲ့ သဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ထို့ပြင် အမှတ်ပေးပွဲစဉ်တွင် လည်း ဆီဗီလာအသင်းသည် ဂီတာ ဖေအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ ပြီးနောက် အဆင့်(၁၆)တွင်ရောက် ရှိခဲ့ကာ အဆင့်(၁၇)မှဆဲလ်တာဗီဂို အသင်း၊ အဆင့်(၁၈)တန်းဆင်းဇုန် မှ ကာဒီဇက်အသင်းတို့နှင့် ရမှတ် တူညီနေသောကြောင့် ဆီဗီလာ အသင်း တာဝန်ရှိသူများက အလွန်ဆိုနှင့် လမ်းခွဲရန်ဆုံးဖြတ် ခဲ့သည်။

ဆီဗီလာအသင်း အားကစား ဒါရိုက်တာ ဗစ်တာအော်တာက "အသင်းအနေနဲ့ ဒီယေဂိုအလွန်ဆို ကို အသင်းရဲ့ဖိအားတွေကရုန်းထွက် နိုင်ဖို့အတွက် လက်တွဲခဲ့တာပါ။ လက်ရှိမှာတော့ မျှော်လင့်ထား သလောက် မဖြစ်ခဲ့တာကြောင့် လမ်းခွဲလိုက်တာပါ။ သူ့ရဲ့ကြိုးစား အားထုတ်မှုအတွက် ကျေးဇူးတင်ပါ တယ်။ အနာဂတ်မှာအောင်မြင် ပါစေလို့ ဆုတောင်းပေးပါတယ်။ မကြာခင်မှာ နည်းပြအသစ်တစ်ယောက် ခန့်အပ်ဖို့ ကြိုးစားနေပါတယ်"ဟု ပြောကြားခဲ့သည်။

ဆီဗီလာအသင်းသည်လာမည့် ဒီဇင်ဘာ ၂၀ ရက်တွင် ဂရန်နာဒါ အသင်းနှင့် ဒါဘီပွဲစဉ်အပြီး ဒီဇင် ဘာ ၂၃ ရက်တွင် စက်တင်ဘာလ က ရာသီဥတုဆိုးရွားမှုကြောင့် ရွှေ့ဆိုင်းခဲ့သည့် အေတီကိုအသင်း နှင့် ပွဲကျန်ပွဲစဉ်ထပ်မံယှဉ်ပြိုင် ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ကွင်းလယ်ကစားသမား လော့ယာ ကွင်းအတွင်းနှလုံးရပ်တန့်လဲကျမှုကြောင့် ဘုန်းမောက်အသင်းနှင့် လူတန်အသင်းတို့ပွဲစဉ်ရွှေ့ဆိုင်း

**လန်ဒန် ဒီဇင်ဘာ ၁၇**

ပရီးမီးယားလိဂ် ပွဲစဉ်(၁၇) အဖြစ်ကစားခဲ့သည့် ဘုန်းမောက် အသင်းနှင့် လူတန်အသင်းတို့ ပွဲစဉ်တွင် ဘုန်းမောက်အသင်း ခေါင်းဆောင် လော့ယာသည် ရုတ်တရက်နှလုံးရပ်တန့်၍ ကွင်း အတွင်းလဲကျခဲ့မှုကြောင့် ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် လူတန် အသင်းသည် ပွဲအစသုံးမိနစ်ကတည်း က အိမ်ရှင်ဘုန်းမောက်အသင်းကို ဦးဆောင်ဂိုးသွင်းယူ၍ ထိန်းချုပ် ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်း ပွဲချိန် ၅၈ မိနစ်အရောက်တွင် တိုက်စစ်မှူးဆိုလန်ကီက ဘုန်းမောက် အသင်းအတွက် ချေပဂိုးသွင်းယူနိုင် ခဲ့ပြီး ပွဲကစားချိန် မိနစ် ၆၀ နီးပါး တွင် လူတန်အသင်းခေါင်းဆောင် လော့ယာသည် ကွင်းအတွင်း ရုတ်တရက်လဲကျခဲ့ရာ ဘုန်းမောက် အသင်းဆေးအဖွဲ့က လိုအပ်သည့် အကူအညီများ ပြုလုပ်ပေးခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဘုန်းမောက် ကစားသမား လော့ယာသည် နှလုံးရပ်တန့်၍ ကွင်းအတွင်း လဲကျခဲ့ခြင်းဖြစ်ပြီး နောက် ကွင်းလယ်ဖိုင် ဆိုင်မွန်ဟူပါ က နှစ်ဖက်အသင်းကစားသမားများ ကို အဝတ်လဲခန်းအတွင်းဝင်ရောက် စေခဲ့ပြီး တစ်နာရီခွဲခန့်အကြာ တွင် ပြိုင်ပွဲကိုရပ်ဆိုင်းခဲ့ခြင်း ဖြစ်သည်။




အသက် ၂၉ နှစ်ရှိ လော့ယာ သည် ပြီးခဲ့သည့်ဘောလုံးရာသီက လည်း ချန်ပီယံရှစ် play-off ဗိုလ်လုပွဲစဉ်တွင် နှလုံးရောဂါ ကြောင့် ကွင်းအတွင်းလဲကျမှုဖြစ်ပွား ခဲ့ပြီး ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရာ အောင်မြင်ခဲ့သဖြင့် ဘောလုံး ပြန်ကစားနိုင်ခဲ့သကဲ့သို့ ယခုအခါ နှလုံးထပ်မံရပ်တန့်မှု ဖြစ်ပွား၍ ကွင်းအတွင်းလဲကျမှုဖြစ်ပွားခဲ့သော် လည်း ဘုန်းမောက်အသင်း ဆေးအဖွဲ့၏ အကူအညီဖြင့် ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်နိုင်ခဲ့ သဖြင့် အသက်ဘေးမှလွတ်မြောက် ခဲ့ပြီး မည်သည့်ကာလထိအနားယူ ရမည်ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- အာဆင်နယ်၊ ချဲလ်ဆီး၊ ဖူလ်ဟမ်နှင့် စပါးအသင်းတို့က စိတ်ဝင်စားနေသည့် တိုက်စစ်မှူး ဂျီမီနက်ဇ်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ကျော်အလို ရှိကြောင်း ဖီရင်နုအသင်းက ထုတ်ပြန်ခဲ့သည်။
- အင်တာမီလန်အသင်းက ဒဏ်ရာရရှိနေသည့် ကွာရာဒိုနေရာ တွင် ဒီဂျာလို၊ ဘူချာနန်၊ ကန်ဒရီဗာနှင့် မူနီယာတို့ကို အစားထိုးနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။
- ဆန်းဒါးလန်းအသင်းတွင် ခြေစွမ်းပြနေသည့် ဘယ်လင်ဟမ်၏ ညီဖြစ်သူ ကွင်းလယ်ကစားသမား ဂျိုးဘယ်လင်ဟမ်ကို လီဗာပူးအသင်း၊အာဆင်နယ်အသင်းနှင့်ချဲလ်ဆီးအသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ **ML**

### ပရီးမီးယားလိဂ် ပွဲစဉ် (၁၇) ရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၂ | - | ၀ | ဘရိုက်တန် |
| ဘရန့်ဖို့ဒ် | ၁ | - | ၂ | အေဗာတန် |
| ဝက်စ်ဟမ်း | ၃ | - | ၀ | ဝုဗ် |

(၀၄၀)

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၂)တွင် မြဝတီအက်ဖ်စီအသင်းက ရတနာပုံအက်ဖ်စီအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၂)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် မြဝတီ အက်ဖ်စီအသင်းနှင့် ရတနာပုံ အက်ဖ်စီအသင်းတို့ ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။




အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၀ မိနစ်တွင် သန့်ဇင်အောင်က မြဝတီအက်ဖ်စီ အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ရတနာပုံအက်ဖ်စီအသင်းကလည်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့ရာ အဆုံးသတ်ပိုင်းအားနည်းချက်များကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ရတနာပုံ အက်ဖ်စီအသင်းသည် ချေပဂိုး အတွက် ပြန်လည် ဖိအားပေးမှု များကြောင့် ပိုမိုအကြိတ်အနယ် ရှိခဲ့သော်လည်း မြဝတီအက်ဖ်စီ အသင်းကသာ ပွဲချိန် မိနစ် ၅၀ တွင် သန့်ဇင်အောင်က လည်းကောင်း၊ ပွဲချိန် ၈၁ မိနစ်တွင် စိုးမင်းဦးက လည်းကောင်း ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပွဲချိန် ၈၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် မိုးဆွေက ရတနာပုံအက်ဖ်စီအသင်း အတွက် ချေပဂိုးတစ်ဂိုးပြန်လည် သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီး ဆုံးချိန်၌ မြဝတီအက်ဖ်စီအသင်း က ရတနာပုံအက်ဖ်စီအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# Mauritius Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အိုသောင်ဇန် ဦးဆောင်

**မိုလူးဝစ် ဒီဇင်ဘာ ၁၇**

မောရစ်ရှနိုင်ငံတွင် ကျင်းပနေသည့် Mauritius Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် တောင်အာဖရိက ဂေါက်သီးရိုက် ကစားသမား အိုသောင်ဇန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ဒီဗီလိုင်ယာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်လျက်ရှိသည်။

အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဖြစ်ကြသည့် ကန်တာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

British Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုရှင်ဟောင်း အိုသောင်ဇန်အနေဖြင့် ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အတွင်း တောင်အာဖရိကနိုင်ငံတွင် ကျင်းပခဲ့သော Alfred Dunhill Champion-ship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး Mauritius Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုထပ်မံဆွတ်ခူးနိုင်ခဲ့ပါက အာဖရိကတိုက်တွင်ကျင်းပသည့် ပြိုင်ပွဲနှစ်ရပ်ဆက်တိုက်တွင် ချန်ပီယံဆု ဆွတ်ခူးနိုင်သည့် ကစားသမား အဖြစ်မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ချဲလ်ဆီးအသင်းက ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်ဂိုးသမားရမ်ဒေးလ်ကို ခေါ်ယူရန်ပြင်ဆင်

**လန်ဒန် ဒီဇင်ဘာ ၁၇**

ချဲလ်ဆီးအသင်းသည် အသင်းမှ အဓိကဂိုးသမား ဆန်းချက် ဒူးဒဏ်ရာကြောင့် အနားယူရမည်ဖြစ်သည့်အတွက် လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် ဂိုးသမားရမ်ဒေးလ်ကို ခေါ်ယူရန် အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

ဂိုးသမားဆန်းချက်သည် ပြီးခဲ့သည့် အဲဗာတန်အသင်းနှင့်ချဲလ်ဆီးအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ကာလအတန်ကြာ အနားယူရမည့် အခြေအနေများကြောင့် ချဲလ်ဆီး အသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဂိုးသမားတစ်ဦးကိုခေါ်ယူရန် ပြင်ဆင်နေခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ဂိုးသမားနေရာတွင် ဆန်းချက်အပြင် ကီပါနှင့် ပီထရိုဗစ်ချ်တို့ရှိနေသော်လည်း ကီပါကို ရီးရဲလ်မက်ဒရစ်အသင်းထံ အငှားစေလွှတ်ထားပြီး လက်ရှိတွင် ပီထရိုဗစ်ချ် တစ်ဦးတည်းသာရှိနေသည့်အတွက် ရမ်ဒေးလ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေခြင်း ဖြစ်သည်။

ဂိုးသမားရမ်ဒေးလ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အာဆင်နယ်အသင်းတွင် အဓိကဂိုးသမားအဖြစ် ပွဲထွက်ခွင့်ရရှိခဲ့သော်လည်း ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက အသင်းသို့ ဂိုးသမားရာယာပြောင်းရွှေ့လာခဲ့ပြီးနောက် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့သည့်အတွက် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန်ပြင်ဆင်နေသူဖြစ်သည်။

လက်ရှိတွင် ဂိုးသမားရမ်ဒေးလ်ကို နယူးကာဆယ်အသင်းကလည်း ခေါ်ယူရန် ပစ်မှတ်ထားနေသောကြောင့် ချဲလ်ဆီးအသင်းကလက်ဦးမှု ရယူလိုနေသည့်အတွက် ဇန်နဝါရီအပြောင်းအရွှေ့ကာလ မတိုင်မီ ကမ်းလှမ်းမှုပြုလုပ်ဖွယ်ရှိနေကြောင်း သိရသည်။

Ref : RT
Trs : STA

# UTS Grand Final တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ကပ်စပါရှဒ် တက်ရောက်

**လန်ဒန် ဒီဇင်ဘာ ၁၇**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် UTS Grand Final တင်းနစ်ပြိုင်ပွဲ အုပ်စု(က) တွင် ကပ်စပါရှဒ်က အုပ်စုအတွင်း အာဂျင်တီးနား တင်းနစ်ကစားသမား ရှဝက်ဇ်မန်းကို(၁၆-၁၀၊ ၇-၁၆၊ ၁၃-၁၂၊ ၁၇-၈)ရလဒ်ဖြင့် အနိုင်ရရှိကာ အုပ်စုအဆင့်ကို ကျော်ဖြတ်ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကပ်စပါရှဒ်သည် အုပ်စုအတွင်း ယှဉ်ပြိုင်ကစားခဲ့ရသော ပွဲစဉ်သုံးပွဲတွင် နှစ်ပွဲအနိုင်ရရှိခဲ့ပြီး သုံးပွဲစလုံးအနိုင်ရရှိခဲ့သော ရုရှားတင်းနစ်ကစားသမား ရူဘလက်ဖ်နှင့်အတူအုပ်စုအဆင့်ကိုကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ကပ်စပါရှဒ်သည် ဆီမီးဖိုင်နယ် အဆင့်တွင် အုပ်စု(ခ)မှ အုပ်စုပထမနေရာဖြင့် ဆီမီးဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့သည့် ဗြိတိန် တင်းနစ်ကစားသမား ဂျက်ဒရပ်ပါနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရူဘလက်ဖ်က အုပ်စု(ခ)မှ အုပ်စုဒုတိယနေရာဖြင့် တက်ရောက်ခဲ့သော ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရှနီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ကပ်စပါရှဒ်က"အုပ်စုတက်ဖို့ အရေးကြီးတဲ့ပွဲစဉ်မှာ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ရှဝက်ဇ်မန်းဟာ ဝါရင့်ကစားသမားတစ်ယောက်ဖြစ်သလို စွမ်းဆောင်ရည်ပိုင်းသာမက အတွေ့အကြုံပိုင်းကလဲ ကျွန်တော့်ထက်အများကြီးသာပါတယ်။သူ့အနေနဲ့ ဒီနှစ်အတွင်း ဒဏ်ရာပြဿနာတွေနဲ့သာရှန်းကန်နေရတဲ့အတွက်ကြောင့် ပုံစံကောင်းတချို့ ပျောက်ဆုံးနေတာဖြစ်ပါတယ်။ သူသာ ပုံမှန်လက်စွမ်းပြနိုင်ရင် အနိုင်ရဖို့မလွယ်ပါဘူး။ ဒီပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်အားလုံးဟာ လေ့ကျင့်ပြင်ဆင်ချိန်ရက်သတ္တပတ်ပဲရခဲ့ပေမဲ့ အုပ်စုအတွင်းမှာ ပွဲစဉ်တိုင်းကခက်ခဲခဲ့ပါတယ်။ အခက်အခဲတွေကိုကျော်ဖြတ်ပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# IBF၊ WBO ဖလိုင်းဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို ရိုဒရီကွက်ဇ် ဆွတ်ခူး




**ဂလန်ဒယ် ဒီဇင်ဘာ ၁၇**

IBF၊ WBO ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် WBO ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ရိုဒရီကွက်ဇ်နှင့် IBF ဖလိုင်းဝိတ်တန်းကမ္ဘာ့ချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား ဆန်နီအက်ဝပ်တို့ ဒီဇင်ဘာ ၁၆ ရက်တွင် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ဂလန်ဒယ်မြို့တွင် ထိုးသတ်ယှဉ်ပြိုင်ခဲ့ရာ ဆန်နီအက်ဝပ်က ကိုးချီမြောက်တွင် အရှုံးပေးခဲ့သည့်အတွက် ရိုဒရီကွက်ဇ်က IBF၊ WBO ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆန်နီအက်ဝပ်သည် ကိုးချီမြောက်တွင် ရိုဒရီကွက်ဇ်၏ထိုးချက်ကြောင့် ဒဏ်ရာရရှိခဲ့ပြီး လိုအပ်သော ဆေးကုသမှုပြုလုပ်ခဲ့သော်လည်း နည်းပြအဖွဲ့ဝင်များက ဆက်လက်ထိုးသတ်ခြင်း မပြုတော့ရန် ဆုံးဖြတ်လိုက်သည့်အတွက်ကြောင့် ပုဝါဖြူပြခဲ့သည့်အတွက် ကြိုးဝိုင်းဒိုင်က ရိုဒရီကွက်ဇ်ကို အနိုင်ပေးခဲ့သည်။

ဆန်နီအက်ဝပ်သည် IBF ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်ကိုဆုံးရှုံးခဲ့ရသလို ကစားသမားဘဝ၏ ပထမဦးဆုံးသော ရှုံးပွဲဖြင့်ရင်ဆိုင်ခဲ့ရသည်။

ဆန်နီအက်ဝပ် အနေဖြင့် ဒုတိယအချီမှာကတည်းက မျက်ခုံးကွဲသွားသည့်အတွက် မြင်ကွင်းမရှင်းတော့သည့် အခြေအနေဖြင့် ကိုးချီမြောက်ထိ ထိုးသတ်ခဲ့ရပြီး ဆက်လက်ထိုးသတ်ရန် မြင်ကွင်းမရှင်းတော့သည့် အတွက်ကြောင့် အရှုံးပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရိုဒရီကွက်ဇ်က "ဆန်နီဟာ ကျွန်တော်ထင်ထားတာထက်တောင် ပိုပြီးတော့လျင်မြန်တယ်။ကျွန်တော် ထင်ထားတာထက် ဦးနှောက်ကောင်းတဲ့ လက်ဝှေ့သမားတစ်ယောက်ပါ။ ဒါပေမဲ့လဲ ကျွန်တော့်အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ ထိုးသတ်ခဲ့သလိုဒီပွဲစဉ်မှာ သေချာပေါက် အနိုင်ရလိမ့်မယ်လို့လဲ ယုံကြည်ခဲ့တယ်။ ကြိုးဝိုင်းထဲမှာ ကျွန်တော် မျှော်လင့်ထားတဲ့အတိုင်းလုပ်ပြနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

### ပြင်သစ်လီဂူး ပွဲစဉ် (၁၆) ရလဒ်

| | | | | |
|---|---|---|---|---|
| နန့်တက် | ၀ | - | ၂ | ဘရက် |
| လိုရီယန့် | ၁ | - | ၂ | စထရာဘော့ |
| မက်စ် | ၀ | - | ၁ | မောင့်ပယ်လီယာ |
| တူးလော့ | ၀ | - | ၀ | ရင်းနက် |
| မာဆေး | ၂ | - | ၁ | ကလဲယားမောင့် (၀၄၀) |

# စစ်ပွဲ၏သက်ရောက်မှုများအကြောင်း တစေ့တစောင်း

နေရှား(သုတေသန)

❖ စစ်ပွဲ၏သက်ရောက်မှုများသည် ကျယ်ပြန့်ပြီး နေရာတကာပျံ့နှံ့လေ့ရှိကာ ရေတို သို့မဟုတ် ရေရှည်ဖြစ်နိုင်သည်။ စစ်ပွဲအတွင်း အရပ်သားများ၊ အထူးသဖြင့် အမျိုးသမီးများနှင့်ကလေးငယ်များသည် ဖော်ပြရန်ခက်ခဲသည့် ရက်စက်ကြမ်းကြုတ်မှုများကို ခံစားခဲ့ကြရသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခများတွင် သေဆုံးခဲ့သည့် ဦးရေ နှစ်သန်းသည် ကလေးငယ်များဖြစ်သည်။ အဆိုပါ ရက်စက်ကြမ်းကြုတ်မှုများနှင့် အရပ်သားပြည်သူများ၏ဆင်းရဲဒုက္ခကြောင့် ဖြစ်ပေါ်လာသည့် ကျယ်ပြန့်သောစိတ်ဒဏ်ရာသည် ၎င်းပဋိပက္ခများ၏ နောက်ထပ်ဆိုးကျိုးတစ်ခုဖြစ်လာသည်။ ❖

မျက်မှောက်ခေတ် ပြည်သူတို့သည် နည်းပညာတိုးတက်မှု၊ လူနေထိုင်မှုပုံစံပြောင်းလဲမှုနှင့် နေ့စဉ်ဘဝအတွက် ရှုန်းကန်လှုပ်ရှားရမှုများ၏ သက်ရောက်မှုကို ပုံစံမျိုးစုံဖြင့် စံစား၊ ခံစားရလျက်ရှိနေသည်။ သို့ရာတွင် တစ်ဖက်၌ စစ်ပွဲများကြောင့် ပေါ်ပေါက်လေ့ရှိသည့် သက်ရောက်မှုများကို သတိမမူမိရှိနေကြသည်။ စစ်ပွဲမျိုးစုံထူပြောခဲ့သည့် ၂၀ ရာစုကာလအတွင်းက စစ်ဘေးဒုက္ခမျိုးစုံကို လူထုဆက်သွယ်ရေးမီဒီယာနည်းလမ်းများ၊ အထူးသဖြင့် သတင်းစာ၊ ရေဒီယိုနှင့် နောက်ပိုင်းတွင် ရုပ်မြင်သံကြားများမှ တစ်ဆင့် သိရှိခဲ့ကြသည်။ စာရေးသူ၏မိဘများသည် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နှင့် မဟာမိတ်တို့ တိုက်ခိုက်မှုများကို အကြိမ်ကြိမ်မြင်တွေ့ခဲ့ပြီး ဘေးဒုက္ခမျိုးစုံကို ရင်ဆိုင်ခဲ့ရကြောင်း ပြောပြခဲ့သည်ကို မှတ်သားဖူးသည်။ မျက်မှောက်ကာလတွင် ၎င်းတို့ထက် အဆပေါင်းများစွာ သာလွန်မြန်ဆန်သော လူမှုဆက်သွယ်ရေးမီဒီယာမျိုးစုံ ရှိနေသည့်ကြားမှပင် သိရှိလေ့လာသင့်သည့် စစ်ပွဲများ၏သက်ရောက်မှုအချက်များကို အများပြည်သူတို့ မသိရှိခြင်း သို့မဟုတ် လျစ်လျူရှုခြင်းများကြောင့် မှန်ကန်သည့် ဆင်ခြင်သုံးသပ်မှုပြုလုပ်ရာတွင် ချို့ယွင်းအားနည်းချက်များ ဖြစ်စေသည်ကို မြင်တွေ့နေရသည်။

**ပဋိပက္ခများ၏ သက်ရောက်မှု**

စစ်ပွဲ၏သက်ရောက်မှုများသည် ကျယ်ပြန့်ပြီး နေရာတကာ ပျံ့နှံ့လေ့ရှိကာ ရေတို သို့မဟုတ် ရေရှည်ဖြစ်နိုင်သည်။ စစ်ပွဲအတွင်း အရပ်သားများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များသည် ဖော်ပြရန်ခက်ခဲသည့် ရက်စက်ကြမ်းကြုတ်မှုများကို ခံစားခဲ့ကြရသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခများတွင် သေဆုံးခဲ့သည့် ဦးရေ နှစ်သန်းသည် ကလေးငယ်များဖြစ်သည်။ အဆိုပါ ရက်စက်ကြမ်းကြုတ်မှုများနှင့် အရပ်သားပြည်သူများ၏ ဆင်းရဲဒုက္ခကြောင့် ဖြစ်ပေါ်လာသည့် ကျယ်ပြန့်သော စိတ်ဒဏ်ရာသည် ၎င်းပဋိပက္ခများ၏ နောက်ထပ် ဆိုးကျိုးတစ်ခုဖြစ်လာသည်။ မျက်မှောက်ခေတ် ကမ္ဘာ့ပြည်တွင်းစစ်ပွဲများသည် ယေဘုယျအားဖြင့် နိုင်ငံတွင်း စစ်သည်များထက် အရပ်သားများကို ပိုမိုထိခိုက်စေသည်။ ၎င်းသည် တိုက်ခိုက်ရေးသမားများက အရပ်သားများကို ပစ်မှတ်ထားမှု နည်းဗျူဟာမြောက်ရည်မှန်းချက်တစ်ခုအဖြစ် တိုးမြှင့်လုပ်ဆောင်လာသောကြောင့်ဖြစ်သည်။

စစ်ပွဲ၏အကျိုးသက်ရောက်မှုများတွင် မြို့များကို အစုလိုက်အပြုံလိုက် ဖျက်ဆီးခြင်းအပါအဝင် နိုင်ငံတစ်ခု၏ စီးပွားရေးအပေါ် ရေရှည်ဖြစ်စေသည့် သက်ရောက်မှုများပါဝင်သည်။ လက်နက်ကိုင် ပဋိပက္ခသည် အခြေခံအဆောက်အအုံ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးဆိုင်ရာ စည်းလုံးညီညွတ်မှုအပေါ် သွယ်ဝိုက်၍ အပျက်သဘောဆောင်သည့် အရေးကြီးသော အကျိုးဆက်များဖြစ်စေသည်။ ဤသွယ်ဝိုက်အကျိုးဆက်များကို မကြာခဏ လျစ်လျူရှုကြပြီး တန်ဖိုးထားမှုမရှိခြင်းက နိုင်ငံကို အဘက်ဘက်မှ ထိခိုက်ဆုံးရှုံးနစ်နာစေသည်။

**ရေရှည်သက်ရောက်မှုများ**

ဥပမာအားဖြင့် ဥရောပရှိ နှစ် ၃၀ စစ်ပွဲအတွင်း ဂျာမနီနိုင်ငံရှိ ပြည်နယ်များ၏ လူဦးရေ ၃၀ ရာခိုင်နှုန်းခန့် လျော့ကျသွားခဲ့သည်။ ဆွီဒင်တပ်မတော်တစ်ခုတည်းက ဂျာမနီရှိ ရဲတိုက်ပေါင်း ၂၀၀၀၊ ရွာပေါင်း ၁၈၀၀၀ နှင့် မြို့ပေါင်း ၁၅၀၀ ထိ ဖျက်ဆီးခဲ့ပြီး ဂျာမနီမြို့အားလုံး၏ သုံးပုံတစ်ပုံထိ ဖျက်ဆီးခဲ့သည်။ ဒုတိယကမ္ဘာစစ်၏ စုစုပေါင်း ကျဆုံးမှုများအတွက် ခန့်မှန်းတွက်ချက်မှုများမှာ ကွဲပြားသော်လည်း စစ်သည်သန်း ၂၀ ခန့်နှင့်အရပ်သားသန်း ၄၀ အပါအဝင် စစ်ပွဲတွင် လူသန်း ၆၀ ခန့်သေဆုံးခဲ့သည်ဟု အများစုက ကောက်ချက်ချကြသည်။ ဆိုဗီယက်ပြည်ထောင်စုသည် စစ်ပွဲအတွင်း လူ ၂၇ သန်းခန့် ဆုံးရှုံးခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း သေဆုံးမှုအားလုံး၏ ထက်ဝက်ခန့်ရှိသည်။ တစ်မြို့တည်းတွင် အရပ်သား သေဆုံးမှုအများဆုံးအရေအတွက်မှာ ပြည်သူ ၁ ဒသမ ၂ သန်း ဖြစ်သည်။ ပထမကမ္ဘာစစ်အတွင်း စည်းရုံးခဲ့သည့် ဥရောပစစ်သည် သန်း ၆၀ တွင် ရှစ်သန်း သေဆုံးပြီး ခုနစ်သန်းသည် အမြဲတမ်း မသန်စွမ်းဖြစ်စေကာ ၁၅ သန်းသည် ပြင်းထန်စွာ ဒဏ်ရာရခဲ့ကြသည်။ ကမ္ဘောဒီးယားပြည်တွင်းစစ်တွင် လူဦးရေ ၃၀၀၀၀၀ ခန့်သေဆုံးခဲ့ပြီး သီရိလင်္ကာ ပြည်တွင်းပဋိပက္ခတွင် အနည်းဆုံးလူဦးရေ ၁၀၀၀၀၀ ခန့် သေဆုံးခဲ့သည်။

**စီးပွားရေးအပေါ်သက်ရောက်မှု**

စီးပွားရေးသည် စစ်ပွဲကာလနှင့်စစ်ပွဲအပြီးတွင် ဆိုးရွားသောသက်ရောက်မှုများ ကြုံတွေ့နိုင်သည်။ စစ်ပွဲတွင် မလိုလားအပ်သော အကျိုးဆက်များသည် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လေ့ရှိကာ နောက်ပိုင်းတွင် ကျန်ရှိသောသက်ရောက်မှုများအဖြစ် ဖြစ်ပေါ်လာပြီး ရေရှည်တွင်စီးပွားရေးကို အဟန့်အတားဖြစ်စေသည်ဟု ပညာရှင်တို့ကဆိုသည်။ ၂၀၁၂ ခုနှစ်တွင် စစ်ပွဲနှင့်အကြမ်းဖက်မှုများ၏ စီးပွားရေးသက်ရောက်မှုသည် ကမ္ဘာ့စုစုပေါင်းထုတ်ကုန် (Gross World Product-GWP) သို့မဟုတ် အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၆ ထရီလီယံ၏ ၁၁ ရာခိုင်နှုန်းရှိခဲ့သည်ဟု ခန့်မှန်းခဲ့ကြသည်။ ရပ်ရွာ သို့မဟုတ် နိုင်ငံတစ်ခု၏ နေ့စဉ် လုပ်ငန်းများရပ်တန့်သွားပြီး ပိုင်ဆိုင်မှုများပျက်စီးသွားနိုင်သည်။ လူများသည် စစ်ဘေးတိမ်းရှောင်နေရချိန်တွင် ၎င်းတို့၏လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိဘဲ လုပ်ငန်းများကိုရပ်တန့် သို့မဟုတ် လက်လွှတ်ခဲ့ရသောကြောင့် ပါဝင်ပတ်သက်နေသော နိုင်ငံများ၏စီးပွားရေးကို ထိခိုက်ပျက်စီးစေသည်။

အချို့သောကိစ္စများတွင် စစ်ပွဲသည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးကို နိုးဆွပေးသည်ဟုဆိုသည်။ ၎င်းမှာရှားပါးသည်။ ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်သည် အမေရိကန်ကို စီးပွားပျက်ကပ်ကြီးမှလွတ်မြောက်စေသည်ဟု မကြာခဏဖော်ပြကြသည်။ ကမ္ဘာ့ဘဏ်၏ အဆိုအရ နိုင်ငံတစ်ခုတွင် ပဋိပက္ခများပြေလျော့သွားကာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်ပေါ်လာပါက နိုင်ငံနှင့်ပြည်သူများ၏ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ စီးပွားရေး၊ ပြန်လည်ထူထောင်ရေးတို့ကို တွန်းအားပေးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဟု ဆိုသည်။ ကမ္ဘာ့ဘဏ်က ထပ်မံဆိုထားသည်မှာ ပဋိပက္ခများသည် စီးပွားရေးအပေါ် အပြုသဘောဆောင်သည့် သက်ရောက်မှုများ မရှိသလောက် နည်းပါးသည်ဟု ဆိုခြင်းပင်ဖြစ်သည်။ ပဋိပက္ခဇုန်များနှင့် နယ်နိမိတ်ချင်းထိစပ်နေသောနိုင်ငံနှင့်ဒေသများသည် ကြီးမားသောဘတ်ဂျက်ဖိအားများဖြင့် ရင်ဆိုင်နေရသည်။ ဆီးရီးယားဒုက္ခသည်ပေါင်း ၆၃၀၀၀၀ ကျော် ဝင်ရောက်လာမှုကြောင့် ဂျော်ဒန်နိုင်ငံသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော် ကုန်ကျခဲ့သည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။ ပြင်သစ်-ပါရှန်းစစ်ပွဲနှင့် ပထမကမ္ဘာစစ်ကဲ့သို့သော စစ်ပွဲများသည် ပါဝင်သည့်နိုင်ငံများ၏ စီးပွားရေးကိုသာ ပျက်စီးစေခဲ့သည်။ ဥပမာအားဖြင့် ပထမကမ္ဘာစစ်တွင် ရုရှား၏ပါဝင်ပတ်သက်မှုသည် ရုရှားစီးပွားရေးကိုပြိုလဲလုနီးပါးဖြစ်စေခဲ့ပြီး ၁၉၁၇ ခုနှစ် ရုရှားတော်လှန်ရေး ပေါ်ပေါက်သည်ထိ သက်ရောက်မှုဖြစ်စေခဲ့သည်။

**လုပ်သားအင်အားအပေါ်သက်ရောက်မှု**

စစ်ပွဲ၏သက်ရောက်မှုနှင့်အတူ စီးပွားရေး၏ လုပ်သားအင်အားသည်လည်း ပြောင်းလဲစေသည်။ အသက်ဆုံးရှုံးမှုများ၊ လူဦးရေအပြောင်းအလဲ၊ ဒုက္ခသည်များ ရွှေ့ပြောင်းနေထိုင်မှုနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်မှုများကြောင့် လုပ်သားအင်အား အရွယ်အစား ကျုံ့သွားခြင်းနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခြင်းတို့ကြောင့် အများစုသည် နည်းလမ်းပေါင်းစုံဖြင့် လုပ်သားအင်အားကို ထိခိုက်လေ့ရှိသည်။ အမျိုးသားများ စစ်တိုက်သောအခါ အမျိုးသမီးများသည် ကျန်ရှိသောအလုပ်များကို တာဝန်ယူကြသည်။ ၁၉၈၀-၁၉၈၈ ခုနှစ် အီရန်-အီရတ်စစ်ပွဲအတွင်း လုပ်သားအင်အား ပြတ်လပ်မှုကြောင့် အမျိုးသမီးများ အလုပ်အကိုင်နယ်ပယ်များသို့ ဝင်ရောက်ခဲ့ကြရသည်။

**အိုးအိမ်စွန့်ခွာထွက်ပြေးရသူများ**

နေရပ်စွန့်ခွာခြင်း သို့မဟုတ် အတင်းအကျပ် ရွှေ့ပြောင်းရခြင်းသည် စစ်ဖြစ်ချိန်အတွင်း မကြာခဏ ပေါ်ပေါက်လေ့ရှိပြီး ရပ်ရွာ၊ ဒေသနှင့်လူတစ်ဦးချင်းစီကို ဆိုးရွားစွာထိခိုက်စေနိုင်သည်။ စစ်ပွဲတစ်ခုဖြစ်ပွားပါက လူများစွာသည် ၎င်းတို့၏အသက်နှင့် မိသားစုများ၏ အသက်ဆုံးရှုံးမည်ကိုစိုးရိမ်သဖြင့် ၎င်းတို့၏ နေအိမ်များကိုစွန့်ခွာကာ ပြည်တွင်း သို့မဟုတ် ပြည်ပသို့ ထွက်ပြေးကြရသည်။ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိဒုက္ခသည် ၅၃ ရာခိုင်နှုန်းသည် ဆိုမာလီယာ၊ အာဖဂန်နစ္စတန်နှင့် ဆီးရီးယားတို့မှ ဆင်းသက်လာခဲ့သည်။ United Nations Human Rights Council (UNHRC) ၏ အစီရင်ခံစာ၌ ကမ္ဘာတစ်ဝန်းရှိ လူပေါင်း ၆၅ သန်းခန့်သည် ၎င်းတို့၏နေအိမ်မှ အတင်းအကျပ်စွန့်ခွာစေခြင်း ခံခဲ့ရသည်ဟုဆိုသည်။ ၎င်းတို့အနက် ၂၁ ဒသမ ၃ သန်းသည် ဒုက္ခသည်များဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှု**

စစ်ပွဲသည် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကို အဓိကနည်းလမ်းနှစ်မျိုးဖြင့်ပံ့ပိုးပေးသည်။ ပထမအချက်မှာ ဇီဝမျိုးစိတ်များကိုသတ်ဖြတ်ခြင်း၏ တိုက်ရိုက်သက်ရောက်မှုဖြစ်ပြီး ဒုတိယအချက်မှာ ရှင်သန်ရန်လိုအပ်သော အရင်းအမြစ်မျိုးစိတ်များ သို့မဟုတ် ၎င်းတို့၏ နေထိုင်ရာတစ်ခုလုံးကိုပင် ဆုံးရှုံးခြင်း၏ သွယ်ဝိုက်၍သက်ရောက်မှုဖြစ်သည်။ လူတို့အတွက် ကြည့်ပါက ပါရှန်ပင်လယ်ကွေ့စစ်ပွဲအတွင်း အမေရိကန်စစ်ဘက်က စွန့်ပစ်ထားသော ယူရေနီယံ (DU) ကိုအသုံးပြုခြင်းသည် အီရတ်တောင်ပိုင်းဒေသများ၌ ကင်ဆာရောဂါ အစုလိုက်အပြုံလိုက်ဖြစ်စေသည်ဟု အခိုင်အမာဆိုကြသည်။ ထို့ပြင် ဗီယက်နမ်စစ်ပွဲအတွင်း အမေရိကန်အစိုးရ၏ အဆိပ်သင့်စေသော လိမ္မော်ရောင်အဆိပ်သင့်မှုကို ခွင့်ပြုချက်ကြောင့် ဗီယက်နမ်လူမျိုး ၄၀၀၀၀၀ သေဆုံးခြင်း၊ ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ ကင်ဆာဝေဒနာခံစားရသူဦးရေ ၂၀၀၀၀၀ နှင့် မွေးရာပါချို့ယွင်းချက်ဖြင့် မွေးဖွားလာသူဦးရေ ၅၀၀၀၀၀ ရှိကြောင်း ဗီယက်နမ်အစိုးရက ခန့်မှန်းထားသည်ကိုတွေ့ရှိရသည်။ ကမ္ဘောဒီးယားပြည်တွင်းစစ်ကြောင့် ယနေ့အချိန်ထိ တောင်ယာများတွင်ကြွင်းကျန်မိုင်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ၏ အန္တရာယ်ကို ရင်ဆိုင်နေရဆဲဖြစ်ပြီး နှစ်စဉ် လူရာဂဏန်းခန့်ထိခိုက်ဒဏ်ရာရမှုနှင့်သေဆုံးမှု ဖြစ်ပေါ်လျက်ရှိသည်။

**၂၁ ရာစုအတွင်းဖြစ်ပွားသည့်စစ်ပွဲများ၌ သေဆုံးမှု**

၂၀၀၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ဖြစ်ပွားခဲ့သည့် အာဖဂန်နစ္စတန်စစ်ပွဲတွင် သေဆုံးသူ ၁၇၆၂၀၆ ဦး ရှိခဲ့ပြီး အရပ်သား ၄၆၃၁၉ ဦး ပါဝင်ခဲ့သည်ကို တွေ့ရှိရသည်။ ဆီးရီးယားပြည်တွင်းစစ်တွင် စုစုပေါင်း သေဆုံးသူ ၆၁၃၄၀၇ ဦးရှိခဲ့ပြီး ၎င်းတွင်အရပ်သား ၃၀၆၈၈၇ ဦးကျော် ထိပါဝင်သည်။ ထို့ပြင် ပြည်တွင်း ဒုက္ခသည် ၆ ဒသမ ၇ သန်းကျော်ရှိပြီး ပြည်ပသို့ ထွက်ခွာသည့် ဒုက္ခသည် ၆ ဒသမ ၆ သန်းရှိကြောင်း တွေ့ရှိရသည်။ ၂၀၁၁ ခုနှစ် လစ်ဗျားစစ်ပွဲတွင် သေဆုံးသူ ဦးရေ ၉၄၀၀ ကျော်၊ ပျောက်ဆုံးသူဦးရေ ၄၀၀၀ နှင့် ဒဏ်ရာရရှိသူဦးရေ ၅၀၀၀ ကျော်ရှိခဲ့သည်။ ယီမင်ပြည်တွင်းစစ်တွင်လည်း သေဆုံးသူဦးရေ ၃၇၇၀၀၀ ကျော် ရှိခဲ့ပြီး ဒုက္ခသည် လေးသန်းကျော်ရှိသည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ရုရှား-ယူကရိန်းပဋိပက္ခတွင် နှစ်ဖက်ထိခိုက် သေဆုံးသူဦးရေ ၁၀၀၀၀၀ ကျော်ရှိနေပြီး ၎င်းတွင် အရပ်သားဦးရေ ၁၅၀၀ ခန့် ပါဝင်သည်ဟုဆိုသည်။ လက်ရှိ ဖြစ်ပွားသည့် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခသည် သေဆုံးသူဦးရေ ၁၇၇၀၀ ကျော်ရှိခဲ့ကြောင်းတွေ့ရှိရသည်။

ခြုံ၍ဆိုရသော် စစ်ပွဲ၏သက်ရောက်မှုများနှင့် အန္တရာယ်များကို ကမ္ဘာ့နိုင်ငံများရှိ အစိုးရများ၊ တပ်မတော်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် ကောင်းစွာသိရှိကြသည်။ သို့ဖြစ်၍ လည်း နိုင်ငံအချင်းချင်း စစ်မက်ဖြစ်ပွားခြင်းများမှ တားဆီးရန် အစိုးရများက သံတမန်များထားရှိ၍ အဆင့်ဆင့်စေ့စပ်ညှိနှိုင်းခြင်းများ လုပ်ဆောင်လေ့ရှိသည်။ အစိုးရအများစုသည် မလွှဲမရှောင်သာသည့်အချိန်မှသာ စစ်ပွဲနည်းလမ်းကို ရွေးချယ်ကြသည်။ အင်အားသာလွန်သည့် အချို့နိုင်ငံများကမူ ရည်ရွယ်ချက်နှင့် မဟာဗျူဟာ အမျိုးမျိုးဖြင့် စစ်ကိုမြူဆွယ်လျက်ရှိပြီး တချို့ကမူ ကိုယ်စားစစ်များဖြင့် ဆင်နွှဲလျက်ရှိသည်ကို မြင်တွေ့ရသည်။ မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသည့် ကမ္ဘာ့စစ်ရေးပဋိပက္ခများ၌ ထိခိုက်သေဆုံးမှုများ၊ အခြေခံအဆောက်အအုံ ပျက်စီးဆုံးရှုံးမှုများနှင့် သန်းနှင့်ချီသည့်ဒုက္ခသည်များကို ကမ္ဘာ့သတင်းရုပ်သံများတွင် မကြာခဏ စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့နေရသည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် ကမ္ဘာ့စစ်သမိုင်းများမှ ပေးအပ်လျက်ရှိသော သက်ရောက်မှုများနှင့် နောက်ဆက်တွဲဆိုးကျိုးများကို မိမိကိုယ်တိုင်နှင့်နိုင်ငံ့အကျိုးအတွက် သင်ခန်းစာရယူနိုင်ပါရန် မျှဝေတင်ပြလိုက်ရပါသည်။

**ကိုးကား**

- **Effects of War, Iraq War 2003, Afghan War, Syrian Civil War.**

# တိုက်ကြီးမြို့နယ် ရှမ်းကျောင်းကြီးကျောင်းတိုက်နီးဘုရားကြီးဓမ္မာရုံတွင် ရှမ်းတိုင်းရင်းသားတို့၏ ရှမ်းနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



၂၀၂၂ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ရှမ်းကျောင်းကြီးကျောင်းတိုက် နီးဘုရားကြီးဓမ္မာရုံတွင် ရှမ်းတိုင်းရင်းသားတို့၏ ရှမ်းနှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း ရှမ်းတိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုကော်မတီ (တိုက်ကြီးမြို့နယ်)ဥက္ကဋ္ဌ စိုင်းကျော်ထူးက ပြောပြ၍ သိရသည်။

ရှမ်းတိုင်းရင်းသားတို့၏ ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်ကို ရှမ်းတိုင်းရင်းသားများနေထိုင်ရာ ဒေသအလိုက် နှစ်စဉ် နတ်တော်လဆန်း ၁ ရက်မှစတင်ကာ နတ်တော်လကွယ်ထိ နတ်တော်လတစ်လလုံး ကျင်းပလေ့ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ်တွင်လည်း ရှမ်းနှစ်သစ်ကူးပွဲတော်ကို တိုက်ကြီးမြို့နယ် ရှမ်းကျောင်းကြီးကျောင်းတိုက် နီးဘုရားကြီးဓမ္မာရုံတွင် ဒီဇင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

"ရှမ်းတိုင်းရင်းသားတွေရဲ့ နှစ်သစ်ကူးပွဲတော်ကို နတ်တော်လတစ်လလုံး ဒေသအလိုက် ကျင်းပလေ့ရှိပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ မင်္ဂလာဒုံမြို့နယ်က ရှမ်းတိုင်းရင်းသားတွေ စုပေါင်းပြီးတော့ တိုက်ကြီးနီးဘုရားကြီးဓမ္မာရုံမှာ လာရောက်ကျင်းပကြတာဖြစ်ပါတယ်။ တိုက်ကြီးနဲ့ မှော်ဘီမှာ ရှမ်းစာပေသင်ကြားပေးနေတဲ့ အခြေခံပညာကျောင်း (၁၄) ကျောင်းရှိပါတယ်။ အဲဒီကရှမ်းတိုင်းရင်းသား ကျောင်းသားလေးတွေရဲ့ ရှမ်းတိုင်းရင်းသားရိုးရာအကနဲ့ ကဗျာရွတ်ပြိုင်ပွဲလဲ ဒီဇင်ဘာ ၁၆ ရက်က ပြုလုပ်တဲ့ နှစ်သစ်ကူးပွဲတော်မှာ ထည့်သွင်းကျင်းပခဲ့ပါတယ်"ဟု ရှမ်းတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီ (တိုက်ကြီးမြို့နယ်)ဥက္ကဋ္ဌ စိုင်းကျော်ထူးက ပြောပြသည်။ ASH

# Netflix ၏ ဟာသအက်ရှင်ဇာတ်ကားသစ်အတွက် ရောင်လီဗိုင်းနှင့် ရိုင်ယန်ရေးနိုးတို့ ထပ်မံလက်တွဲမည်

**နယူးယောက် ဒီဇင်ဘာ ၁၇**

Netflix ကုမ္ပဏီ၏ ဟာသအက်ရှင်ဇာတ်ကားသစ်တစ်ကားအတွက် ဒါရိုက်တာ ရောင်လီဗိုင်းနှင့် မင်းသား ရိုင်ယန်ရေးနိုးတို့ ထပ်မံ လက်တွဲမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ဒါရိုက်တာ ရောင်လီဗိုင်းနှင့် မင်းသား ရိုင်ယန်ရေးနိုးတို့ကြား လက်တွဲဆောင်ရွက်မည့် စတုတ္ထမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် တရားဝင်ဇာတ်ကားနာမည်မပေးရသေးသည့် ဟာသအက်ရှင် ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒါနာဖောက်ကရေးသားပေးမည်ဖြစ်သည်။

ဒါရိုက်တာ ရောင်လီဗိုင်းနှင့် မင်းသား ရိုင်ယန်ရေးနိုးတို့သည် The Adam Project နှင့် Free Guy ဇာတ်ကားတို့အတွက်ပူးပေါင်းဆောင်ရွက်ခဲ့ကြသူများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင်လည်း ရောင်လီဗိုင်းနှင့် ရိုင်ယန်ရေးနိုးတို့သည် မာဗယ်စတူဒီယို၏ Deadpool-3 ဇာတ်ကားကို ရိုက်ကူးနေကြဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# Miss Earth 2023 ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြုအလှမယ် ဆောင်းနှင်းစံက ပိတောက်ပန်းအမျိုးသားဝတ်စုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပနေသည့် Miss Earth 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ဆောင်းနှင်းစံက ပိတောက်ပန်းအမျိုးသားဝတ်စုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍သိရသည်။

Miss Earth 2023 ပြိုင်ပွဲကို ယခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂၂ ရက်ထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပလျက်ရှိကာ အဆိုပါ ပြိုင်ပွဲတွင်ပါဝင်သည့် ပြိုင်ပွဲတစ်ခုဖြစ်သော အမျိုးသားဝတ်စုံပြိုင်ပွဲတွင် ပိတောက်ပန်းအမျိုးသားဝတ်စုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲက နိုင်ငံပေါင်း ၁၀၀ ကျော်က အလှမယ်တွေနဲ့ ယှဉ်ပြိုင်လျက်ရှိပါတယ်။ Miss Earth ပြိုင်ပွဲရဲ့ Theme က Me Love 20 Tree ဖြစ်တဲ့အတွက် ပါဝင်ယှဉ်ပြိုင်နေကြတဲ့ နိုင်ငံအသီးသီးက အလှမယ်တွေက ကိုယ့်နိုင်ငံ ကိုယ်စားပြု အပင်တစ်မျိုးကိုရွေးချယ်ယှဉ်ပြိုင်ကြရမှာဖြစ်ပါတယ်။ အဲဒီအတွက် မြန်မာတို့ရဲ့နှစ်သစ်ကူး ရိုးရာမင်္ဂလာပန်းဖြစ်တဲ့ ပိတောက်ပန်းဝတ်စုံကိုရွေးချယ်ပြီး ဝတ်ဆင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်"ဟု အလှမယ် ဆောင်းနှင်းစံက ပြောပြသည်။



အဆိုပါ ပိတောက်ပန်းဝတ်စုံကို ပုဂံရိုးရာအကများ၏ အငွေ့အသက်ကိုပေါင်းစပ်၍ ပုဂံခေတ်ရေကစားနေသော လှပျိုဖြူမလေး အသွင်ဖန်တီးကာ Miss Earth Myanmar 2023 ၏ အမျိုးသားဝတ်စုံအဖြစ် ဖန်တီးချုပ်လုပ်ထားကြောင်း၊ ဝတ်ရုံကိုလည်း ဂုန်နီအိတ်ကိုသာ အဓိကအသုံးပြုချုပ်လုပ်ထားပြီး မြန်မာ့ကနုတ်ပန်းများကို အုန်းဆံကြိုးများနှင့် အလှဆုံးဖန်တီးပုံဖော်ထားကြောင်း သိရသည်။

အလှမယ် ဆောင်းနှင်းစံသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် Miss Earth Myanmar 2023 ပြိုင်ပွဲတွင် Winner ဆုအပြင် Title ဆုအနေဖြင့် Miss ZN Fashion 2023၊ Best in Swimsuit နှင့် Miss Propoliz 2023 ဆုများကို ရရှိထားသူလည်းဖြစ်ကြောင်း သိရသည်။ ASH

# Children of Blood and Bone ကို ဒါရိုက်တာ ဂီနာပရင့်ဆက်တီဝုဒ် ရိုက်ကူးမည်

**နယူးယောက် ဒီဇင်ဘာ ၁၇**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Children of Blood and Bone ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ဂီနာပရင့်ဆက်တီဝုဒ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၆ ရက်သတင်းများအရ သိရသည်။

Children of Blood and Bone ဇာတ်ကားသည် အမေရိကန်အမျိုးသမီးစာရေးဆရာ တိုမီအဒီယီမီ၏ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။


အဆိုပါဇာတ်ကား၏ဇာတ်ညွှန်းမူကြမ်းကိုလည်း ဒါရိုက်တာ ဂီနာပရင့်ဆက်တီဝုဒ်က ရေးသားမည်ဖြစ်ပြီး ဒါရိုက်တာ ဂီနာပရင့်ဆက်တီဝုဒ်သည် The Old Guard နှင့် The Woman King ကဲ့သို့ နာမည်ကျော် ဇာတ်ကားများကို ရိုက်ကူးခဲ့သူဖြစ်သည်။

လက်ရှိတွင် Children of Blood and Bone ဇာတ်ကား ရုံတင်မည့်ရက်နှင့် ပါဝင်မည့်သရုပ်ဆောင်များကို Paramount ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Paramount ရုပ်ရှင်ကုမ္ပဏီသည် အဆိုပါဇာတ်ကားရိုက်ကူးခွင့်ကို ၂၀၂၂ ခုနှစ်တွင် လူးကပ်ရုပ်ရှင်ကုမ္ပဏီမှ ဝယ်ယူထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**






# ၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် ရွှေကြိုမောင်မယ်များ ရွေးချယ်မှုပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် ရွှေကြိုမောင်မယ်များ ရွေးချယ်မှုကို ယနေ့မှ စတင်ပြုလုပ်လျက်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် ရွှေကြိုမောင်မယ် လျှောက်လွှာများကို ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အတွင်း လျှောက်ထားစေခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ပဏာမလူတွေ့စစ်ဆေးခြင်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရွှေကြိုမောင်မယ်တွေ ပဏာမအဆင့်ရွေးချယ်မှုကို ဒီနေ့မနက်ပိုင်းမှာ ရွှေကြိုမောင်မယ်လျှောက်လွှာအမှတ်စဉ် ၀၀၁ ကနေ ၂၁၆ ထိနဲ့ နေ့လယ်ပိုင်းမှာ လျှောက်လွှာအမှတ်စဉ် ၂၁၇ ကနေ ၃၃၅ ထိ လူတွေ့စစ်ဆေးမှုတွေကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှာ ရွေးချယ်ရေးဘုတ်အဖွဲ့က ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် ရုပ်ရှင်ထူးချွန်ဆုများကိုချီးမြှင့်ရန် ၂၀၂၃ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် မြန်မာရုပ်ရှင် ဇာတ်ကားများတွင် ပါဝင်သော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ အမည်များကို သက်ဆိုင်ရာထုတ်လုပ်ရေးကုမ္ပဏီများမှတစ်ဆင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဒီဇင်ဘာ ၈ ရက် နောက်ဆုံးထားပြီး တောင်းခံထားကြောင်း၊ ယခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects functions to rerun No 1 Oil Refinery (Thanlyin)





Senior General Min Aung Hlaing hears report on oil pipeline connections in the compound of No.1 Thanlyin Oil Refinery.

**Nay Pyi Taw December 17**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint SAC Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo, Lt-Gen Nyo Saw, union ministers, the Yangon Region chief minister, senior military officers from Office of Commander-in-Chief, the Yangon Command commander and officials, inspected functions to rerun No 1 Oil Refinery (Thanlyin) of Myanmar Petrochemical Enterprise (MPE), Ministry of Energy, in Thanlyin Township, Yangon Region, this afternoon.

First, the Senior General and party were welcomed by Union Minister for Energy U Ko Ko Lwin, Director General U Aung Myint of MPE and members.

At the refinery parlour, the union minister and the director general reported on brief history of the refinery, mechanical details and related works, past operations of the refinery and future programs, national energy sufficiency programs based on existing energy sources, production capacity of domestic refineries and plans to upgrade them, and raw material supply.

In response, the Senior General dealt with matters relating to rerunning the refinery and other areas where supported is required. Expense for importing energy for domestic needs and the cost for upgrading local industries to rerun at full capacity must be taken into account in carrying out the factory renovation project, he said. The initial program is to restore the production capacity of the No 1 Oil Refinery (Thanlyin) before continuing the project. Swift implementation of the project is a must as it will be a beneficial project that will help fulfill the local energy demand.

The Senior General and party then looked around the refinery, and the refinery B, lubricant factory, liquefied gas storage in its compound. The Senior General looked into the requirements and urged officials to make efforts to rerun the refinery at the earliest possible time as it will help fulfill the local need.

Afterwards, the Senior General presented cash awards to staff of the refinery through the officials.

100



Senior General Min Aung Hlaing inspects conditions of No.1 Thanlyin Oil Refinery.



# Plan to upgrade dairy cow breeding and dairy production with Lancang-Mekong cooperation special fund in 2024

**Nay Pyi Taw December 17**

The Myanmar Livestock Breeding Federation on 15 December stated that Myanmar will upgrade dairy cow breeding farms and dairy product production with the Lancang-Mekong cooperation special fund in 2024.

In this regard, the plan will cover dairy cow breeding and dairy production in Myanmar, China, Thailand, Laos, Vietnam and Cambodia.

Thailand's Khon Kaen University will initiate the plan with the special fund from January to December 2024.

The training and technological workshop will take place with participation of livestock experts, dairy cow breeders and milk and dairy product manufacturers. Moreover, the network on dairy cow breeding and milk and dairy product production will be established among Mekong-Lancang region.

The training course and workshop will take place in May 2024. Myanmar Livestock Breeding Federation and Myanmar Dairy Producers Association are coordinating the plan to send Myanmar trainees to the training and workshop. Applications for training will be released, and officials will serutinize the qualification of trainees. 336



A milk processing factory in operation.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Chairman Prime Minister Senior General Min Aung Hlaing fixes gold nut at connection of structures at Bago River Bridge (Thanlyin Bridge-3)



Senior General Min Aung Hlaing fixes a gold nut at the connection structures at Bago River Bridge (Thanlyin Bridge-3) under construction.

**Nay Pyi Taw December 17**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing fixed a gold nut in connecting the structures of Bago River Bridge (Thanlyin Bridge-3) in Yangon Region this morning.

The ceremony to fix a gold nut at the bridge was also attended by Council Joint Secretary Lt-Gen Ye Win Oo, council members General Mya Tun Oo and Lt-Gen Nyo Saw, Union Ministries U Ko Ko Lwin, Dr Thet Khine Win and U Myo Thant, Yangon Region Chief Minister U Soe Thein, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command and officials.

On arrival at the site to fix the gold nut, the Senior General and party were welcomed by officials. Union Minister for Construction U Myo Thant reported on construction of the bridge in phases.

At the auspicious time, the Senior General fixed the gold nut in commemoration of connecting the structures of the bridge and sprinkled scented on it.

The Senior General presented a fruit basket to engineers from the bridge through an official. Then, the Senior General posed for documentary photos together with those present and the ceremony successfully conclude.

The Senior General viewed round completion of construction tasks on the bridge and gave necessary instructions to officials.

Japan International Cooperation Agency-JICA of Japan and Myanmar's Ministry of Planning and Finance, Ministry of Construction and relevant ministries started implementation of the Bago River Bridge (Thanlyin Bridge-3) construction project in 2013. The bridge will be 8,638 feet long and 75 feet wide. It will be a four-lane facility flanked by five feet wide motorbike way on either side. The bridge is of cable stayed bridge, steel box and PC box with 75 tonne-load of withstanding. So far, the project has completed by 94 per cent. There remain placing of concrete asphalt on the bridge and approach roads, railing and related facility as well as a toll plaza.

Upon a cent per cent completion, new bridge can help ease traffic congestion on Thanlyin Bridge-1. Due to booming businesses with local and foreign investments based on Thilawa Special Economic Zone, socioeconomic life of people from Thanlyin, Kyauktan, Kayan and Thongwa townships will have improvement. The bridge will contribute to development of Thilawa SEZ and Thanlyin region and create chances for people to have access to Hpa-an-Myawady area through East-West economic corridor, benefiting Mon and Kayin states for development and improving communication with regional countries. As the new bridge is built with advanced technologies, Myanmar engineers can accumulate experiences of modern technologies in building bridges. Moreover, skilled workers can be turned out from the project which created employment opportunities. 100



Senior General Min Aung Hlaing hears report on bridge construction work.

# Lagunbyin water supply project supplies 22 million gallons of water per day



Photo shows an aerial view of Lagunbyin water supply project.

**Yangon December 17**

According to the Yangon City Development Committee on 15 December, Lagunbyin water supply project can supply more than 22 million gallons of drinking water to the city dwellers per day.

The project is located at Lagunbyin dam at the corner of No 2 highway and circular road in Dagon Myothit (South) Township.

The Engineering Department (Water and Sanitation) of YCDC prioritizes sufficient supply of drinking water to the local people.

In accord with the master plan for 2040, water supply project of Yangon is being implemented as ten zonal system.

Hence, YCDC supplies 13 million gallons of water to zone-7 Dagon Myothit (North) and (East) township, 14 million gallons to zone-8 Dagon Myothit (South) and (Seikkan) township, three million gallons to zone-2 Thakayta and Dawbon townships, 10 million gallons to Thalawa special economic zone on a daily basis.

Starting from 2020, Lagunbyin project has been supplying water to dwellers in addition to people from Shwe Pinlon housing in Ward 27 of Dagon Myothit (North) Township.

Currently, local people from Shwe Pinlon housing comprising six blocks and Estate Rosa Gardeo and Green Villa can consume sufficient water in 2022-23 financial year.

As such, the project can supply sufficient water of 22 million gallons of water to the people starting from 15 December 2023-24 financial year. 336

# Amar of Pyapon Township sent 75,000 viss of cuttle-fish to Yangon market in November

**Pyapon December 17**

Amar of Pyapon Township in Ayeyawady Region sent 75,000 viss of cuttle-fish to Yangon market in November, said Daw Thin Thin, owner of marine product depot in Amar.

The town could send just 45,000 viss of cuttle-fish to Yangon in October, compared with 75,000 viss in November. In addition to cuttle-fish, Amar distributes other kinds of marine products to Yangon market.

"Now is time of capturing a large volume of cuttle-fish. In November, we sold 75,000 viss of cuttle-fish to Yangon, exceeding 30,000 viss rather than that of October. Now, price of cuttle-fish is stable. We mostly send marine products including cuttle-fish to Yangon market," said Daw Thin Thin.

Local fishermen systematically do processing for cuttle-fish before sending them to Yangon market. Large cuttle-fish fetches K29,000 per viss and small, K25,000 per viss. Due to capturing a large volume of cuttle-fish to be sent to Yangon market, local fishermen and those related to the production of marine products can earn increased incomes for their livelihoods.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီတလီ၊ ဂျပန်၊ ဗြိတိန်နိုင်ငံတို့က ဆဋ္ဌမမျိုးဆက် တိုက်လေယာဉ်အစီအစဉ်ကို အရှိန်မြှင့်လုပ်ဆောင်ရန် လက်မှတ်ရေးထိုး



အီတလီ၊ ဂျပန်နှင့်ဗြိတိန်နိုင်ငံတို့သည် ၎င်းတို့၏ မျိုးဆက်တိုက်လေယာဉ်များ အစီအစဉ်ကို အရှိန်မြှင့်လုပ်ဆောင်ရန် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် Global Combat Air Program (GCAP) အပြည်ပြည်ဆိုင်ရာအစိုးရအဖွဲ့အစည်း (GIGO) ကို ဖွဲ့စည်းထူထောင်ပြီး နိုင်ငံများကိုယ်စား GCAP ၏ လမ်းညွှန်မှု၊ ဦးတည်ချက်၊ ထိန်းကျောင်းလုပ်ဆောင်မှု၊ ကွပ်ကဲကြီးကြပ်မှုနှင့် စီမံခန့်ခွဲမှုတို့ကို လုပ်ဆောင် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GIGO အဖွဲ့အစည်းကို နိုင်ငံ သုံးနိုင်ငံစလုံးမှ အစိုးရအရာရှိများနှင့် ဖွဲ့စည်းထားပြီး ထုတ်လုပ်သူကုမ္ပဏီများဖြစ်သည့် BAE Systems၊ Leonardo၊ နှင့် Mitsubishi Heavy Industries တို့ကစက်မှုလုပ်ငန်းလုပ်ဖော်ကိုင်ဖက်များအဖြစ် ပါဝင်ဆောင်ရွက်ကာ စီမံကိန်းတစ်ခုလုံး၏ အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ်များကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်လျက်ရှိသည်။

GIGO အဖွဲ့အစည်းအနေဖြင့် လာမည့် ၂၀၃၅ ခုနှစ်တွင် ဆဋ္ဌမမျိုးဆက် တိုက်လေယာဉ်စီမံကိန်းကို အပြီးသတ်လုပ်ဆောင်နိုင်ရန်စီစဉ်နေပြီး အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးစက်မှုလုပ်ငန်း အခြေစိုက်စခန်းများကိုပါ ယခုထက်ပိုမို၍ အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားရန် အစီအစဉ်ရေးဆွဲထားသည်။ စီမံကိန်းဆိုင်ရာ ရုံးဌာန နှစ်ခုစလုံးသည် ဗြိတိန်နိုင်ငံတွင် အခြေစိုက်သွားမည်ဖြစ်သည်။

GCAP စီမံကိန်းအဖွဲ့ဝင် Leonardo ကုမ္ပဏီ ဒါရိုက်တာ Gugllielmo Maviglia က သဘောတူညီချက်၏ အရေးပါမှုနှင့် စက်မှုလုပ်ငန်းအတွက် ဆောင်ကြဉ်းပေးမည့် အပြောင်းအလဲများကို အလေးပေးပြောကြားခဲ့သည်။

အဆင့်မြင့်နည်းပညာဖြင့် ပံ့ပိုးပေးသွားမည့် ဆန်းသစ်သောမျိုးဆက်သစ် တိုက်လေယာဉ်၏ ဖွံ့ဖြိုးတိုးတက်မှုကို မြင်တွေ့ရမည့် GCAP စီမံကိန်းသည် နိုင်ငံတကာ စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအတွက် အသွင်ကူးပြောင်းရေး ချဉ်းကပ်မှုအသစ်ကို ပုံဖော်နေသည်ဟု Gugllielmo Mavigliaက ထည့်သွင်းပြောကြားခဲ့သည်။

စီမံကိန်းတွင် လက်ရှိ ဝန်ထမ်းအင်အား ၉၀၀၀ ကို အလုပ်ခန့်ထားပြီး Supplier ကုမ္ပဏီပေါင်း ၁၀၀၀ နှင့်အတူ အကောင်အထည်ဖော် လုပ်ဆောင်နေခြင်းလည်း ဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားသည် မျိုးဆက်သစ်တိုက်လေယာဉ်များကို တီထွင်ထုတ်လုပ်ရန် အပြိုင်အဆိုင်ကြိုးပမ်းနေကြသည်။ ၂၀၂၂ ခုနှစ်က တရုတ်နိုင်ငံသည် ၎င်း၏ဆဋ္ဌမမျိုးဆက် တိုက်လေယာဉ်များအတွက် ဒီဇိုင်းအဆိုပြုချက်ဟုယူဆရသော Tailless ဂျက်လေယာဉ်အတွက် အမျိုးအစားပုံစံတူကို ထုတ်ဖော်ပြသခဲ့သည်။

ယခုနှစ် အစောပိုင်းတွင် အမေရိကန်သည် ၎င်း၏ အဆင့်မြင့်မျိုးဆက်သစ်လေကြောင်းစိုးမိုးမှု Next Generation Air Dominance တိုက်လေယာဉ် အစီအစဉ်အတွက် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံအသုံးပြုရန် ကြေညာခဲ့ပြီး စက်မှုလုပ်ငန်းလုပ်ဖော်ကိုင်ဖက် ကုမ္ပဏီများထံ စာချုပ်စာတမ်းများထုတ်ပြန်ပေးကာ ၂၀၂၄ ခုနှစ်အစောပိုင်းတွင် ထုတ်လုပ်ရေး သဘောတူစာချုပ်ကို ချုပ်ဆိုသွားနိုင်လိမ့်မည်ဟု ကတိပြုပြောကြားခဲ့သည်။

**Italy, Japan, UK Sign Deal Bolstering Sixth-Gen Stealth Fighter Program ကို ဘာသာပြန်ဆိုထားပါသည်။**

## Aaronia ကုမ္ပဏီက Aartos ဒရုန်းထောက်လှမ်းမှုစနစ်အတွက် ကန်ဒေါ်လာသန်း ၂၀ တန်ဖိုးရှိ အမှာစာလက်ခံရရှိ

Aaronia ကုမ္ပဏီထုတ် CUAVစနစ်တွင်ပါဝင်သော Aartos ဒရုန်းထောက်လှမ်းမှုစနစ်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ တန်ဖိုးရှိ အမှာစာ လက်ခံရရှိခဲ့ကြောင်း www.armyrecognition.com သတင်းဌာနက ဒီဇင်ဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Aaronia ကုမ္ပဏီ၏ CUAV စနစ်ဖြင့် အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းထားချိန်တွင် အချက်အလက်တွက်ချက်ခြင်း၊ ထောက်လှမ်းခြင်းနှင့် စောင့်ကြည့်နည်းပညာဆိုင်ရာ နိုင်ငံတကာကျွမ်းကျင်ပညာရှင် ကုမ္ပဏီတစ်ခု အဆင့်အတန်းကို ထပ်မံအတည်ပြုလိုက်ခြင်းလည်း ဖြစ်ကြောင်း www.armyrecognition.com သတင်းဌာနက ရေးသားဖော်ပြထားသည်။

စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၂၀ တန်ဖိုးရှိသော ဤဝယ်ယူရေးအမှာစာသည် Aartos ဒရုန်းထောက်လှမ်းမှု စနစ်အတွက် ရရှိဖူးသမျှအကြီးမားဆုံး အမှာစာတစ်ရပ်လည်းဖြစ်သည်။ Aartos စနစ်သည် အမျိုးမျိုးသောလိုအပ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်စေရန် စနစ်၏ဖွဲ့စည်းတည်ဆောက်ထားမှု စွမ်းဆောင်ရည်ကို ဖော်ပြထားပြီး လက်ရှိဈေးကွက်တွင် ရရှိနိုင်သော အစွမ်းထက်ဆုံးဖြေရှင်းချက်အဖြစ် ရပ်တည်လျက်ရှိသည်။

Aartos ဒရုန်းထောက်လှမ်းမှုစနစ်မှတစ်ဆင့် Aaronia ကုမ္ပဏီသည် လိုအပ်ချက်အမျိုးမျိုးနှင့် ဘတ်ဂျက်ကန့်သတ်ချက်များကို ပြည့်မီစွာလုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသောအထူးစွယ်စုံရနှင့် စိတ်ကြိုက်ပြင်ဆင်နိုင်သော ဖြေရှင်းနည်းလမ်းများကို ပံ့ပိုးပေးနိုင်သည်။ ကမ်းလှမ်းချက်များသည် အကန့်အသတ်ရှိသော ဖြန့်ကြက်အသုံးပြုမှုပုံစံ အမျိုးမျိုးအတွက် စံပြုဒီဇိုင်းများအဖြစ် ခရီးဆောင်လက်တော့ပ်တာရှင်း X2 နှင့် X5 မှ ထိပ်တန်းအဆင့်မြင့်ဖြေရှင်းချက် X7 နှင့် X9 ထိပါရှိကြောင်း သိရသည်။ ထို့ကြောင့် Aartos စနစ်သည် ဒရုန်းများ၏ခြိမ်းခြောက်မှုကို အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာကဏ္ဍများတွင် ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

ရှာဖွေတွေ့ရှိမှုနှင့် ဖျက်ဆီးမှုနည်းပညာနှစ်ခုစလုံးကို လွှမ်းခြုံထားသည့် ဤစနစ်များသည် ကျွန်ုပ်တို့အနေဖြင့် စိတ်ကျေနပ်မှုရရှိအောင် ဝန်ဆောင်မှုပေးစေနိုင်သည်။ CUAV စနစ်၏ ထိရောက်မှုနှင့် ယုံကြည်စိတ်ချရမှုကို အာမခံချက်ပေးနိုင်သည်။ ကျွန်ုပ်တို့၌ထားရှိသော ယုံကြည်မှုသည် ဒရုန်းတိုက်ခိုက်မှုများကို အမြင့်မားဆုံးအဆင့် ကာကွယ်မှုဖြင့် ဖောက်သည်နိုင်ငံများကို တစ်သမတ်တည်း ဝန်ဆောင်မှုပေးနိုင်စေရန် သေချာစေမည့် Aartos စနစ်ကို စဉ်ဆက်မပြတ်အဆင့်မြှင့်တင်သွားနိုင်ရန် ကျွန်ုပ်တို့ကို တွန်းအားပေးလျက်ရှိသည်ဟု Aaronia ကုမ္ပဏီ၏ စီအီးအိုနှင့် တည်ထောင်သူ Thorsten Chmielus က ထည့်သွင်းပြောကြားခဲ့သည်။

Aartos စနစ်ကို စာချုပ်ချုပ်ရန် ဆုံးဖြတ်ချက်ချခြင်းသည် ပြိုင်ဘက်စနစ်



များနှင့် ခြားနားစွာသတ်မှတ်ခြင်း၌ စနစ်၏ ထူးခြားသောအင်္ဂါရပ်များပေါ်တွင် မူတည်နေသည်။ ဥပမာအားဖြင့် စနစ်သည် ဒရုန်းများ၏ တည်နေရာနှင့် အမြန်နှုန်းကို ပိုင်းခြားစိတ်စစ်နိုင်ရုံသာမက ၎င်းတို့၏ အမြင့်ပေကိုလည်း တိကျစွာဆုံးဖြတ်ပေးသည်။ ၎င်းသည် လှိုင်းနှုန်းစဉ်တစ်ခုလုံးကို စကင်န်ဖတ်ကာ ကွဲပြားခြားနားသောလှိုင်းနှုန်း၊ ကြိမ်နှုန်းများကို တစ်ပြိုင်တည်းစောင့်ကြည့်ခြင်းဖြင့် ရေဒီယိုအချက်ပြမှုများကို ဖော်ထုတ်သိရှိနိုင်စေခြင်းဖြင့် ဒရုန်းများအားလုံးကို တစ်ချိန်တည်းမှာပင် Pinpoint ထောက်မှတ်၍ ခြေရာခံထိန်းကျောင်းနိုင်စေမည်ဖြစ်သည်။

Aartos စနစ်သည် ဒရုန်းနှင့်အော်ပရေတာနှစ်ခုစလုံးအတွက် အချိန်နှင့်တစ်ပြေးညီ တည်နေရာပြ အချက်အလက်များကို ဖော်ပြပေးနိုင်သည်။ ဤလုပ်ငန်းစဉ်အတွက် အဓိကအချက်မှာ Aaronia ကုမ္ပဏီ၏ မူပိုင်ဆော့ဖ်ဝဲဖြေရှင်းချက်၊ RTSA-Suite PRO၊ အစွမ်းထက်သောအချိန်နှင့်တစ်ပြေးညီ လှိုင်းနှုန်းရောင်စဉ်များ ခွဲခြမ်းစိတ်ဖြာသည့်ဆော့ဖ်ဝဲဖြစ်သည်။

၎င်းဆော့ဖ်ဝဲသည် အကဲဖြတ်စိစစ်နိုင်ရန်အတွက် ဟာ့ဒ်ဝဲအစိတ်အပိုင်းအမျိုးမျိုးကို ချောမွေ့စွာပေါင်းစပ်ပြီး ရိုးရှင်းထိရောက်ကာ အကောင်းမွန်ဆုံးစနစ် လုပ်ဆောင်နိုင်မှုကို ထပ်လောင်းအားဖြည့်ပေးနိုင်သည်။

**Aaronia's CUAV system wins US$ 20 Mn order for Aartos drone detection system ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကွင်းစလန်းပြည်နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ် နိုင်သဖြင့် ဒေသခံပြည်သူများကို ဘေးလွတ်ရာရွှေ့ပြောင်းရန်ထုတ်ပြန်



**ကင်ဘာရာ ဒီဇင်ဘာ ၁၇**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သဖြင့် ဒေသခံပြည်သူများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် တာဝန်ရှိသူများက ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဩစတြေးလျနိုင်ငံ ကမ်းရိုးတန်းဒေသများကို ဝင်ရောက်တိုက်ခတ်ခဲ့သော အပူပိုင်းမုန်တိုင်းဂျပ်စဘာ၏အရှိန်ကြောင့် Cairns မြို့နှင့် အနီးတစ်ဝိုက်ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိပြီး မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ မြေနိမ့်ပိုင်းဒေသများရှိ ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဒေသတစ်ဝိုက်မှာ ဒီရေက အဆက်မပြတ်တက်လာနေပါတယ်။ မိုးကလဲ ဆက်တိုက်ရွာနေတာဖြစ်တဲ့အတွက် ဒေသခံတွေအနေနဲ့ ပိုမြင့်တဲ့ကုန်းမြင့်ဒေသတွေကို ပြောင်းရွှေ့သင့်ပါတယ်"ဟု ကွင်းစလန်းပြည်နယ် မီးသတ်နှင့် အရေးပေါ်ဝန်ဆောင်မှုဌာနမှ အကြီးအကဲ ဂရက်လီရှိက ပြောကြားခဲ့သည်။

ဩစတြေးလျ မိုးလေဝသဌာနကလည်း အဆိုပါဒေသတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ဒီရေတက်လာခြင်းတို့ကြောင့် အသက်အန္တရာယ်ကို ဖြစ်စေနိုင်သော ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလာနိုင်ပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းနှင့် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ခြင်းတို့ဖြစ်ပွားနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

Cairns မြို့မြောက်ဘက်ဒေသများတွင် ဒီဇင်ဘာ ၁၆ ရက်က မိုးရေချိန်လက်မ ၉၀၀ ကျော်ထိရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကာ လာမည့်ရက်များတွင် မိုးဆက်လက်ရွာသွန်းနိုင်သဖြင့် စောင့်ကြည့်မှုများလုပ်ဆောင်လျက်ရှိကြောင်း ထုတ်ပြန်ထားသည်။

**Ref : Sputnik News**
**Trs : AZH**

# စကော့တလန်တွင် လာမည့်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပေါ်လာနိုင်

**လန်ဒန် ဒီဇင်ဘာ ၁၇**

စကော့တလန် အနောက်မြောက်ဘက်ပိုင်းတွင် လာမည့်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဗြိတိန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့သည် Highlands နယ်မြေ၊ Argyll and Bute နယ်မြေ၊ Stirling နယ်မြေနှင့် Perth and Kinross နယ်မြေတို့တွင် ဖြစ်ပေါ်လာနိုင်ကြောင်း၊ မိုးရေချိန်မှာ ၁၀ စင်တီမီတာမှ ၁၅ စင်တီမီတာအတွင်း ရွာသွန်းဖွယ်ရှိနေပြီး အနောက်ဘက်ပိုင်းရှိ ကုန်းမြင့်ဒေသများတွင် မိုးရေချိန်မှာ ၂၀ စင်တီမီတာထိ မြင့်တက်လာနိုင်ကြောင်း ဗြိတိန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်သွားခဲ့သည်။





"စကော့တလန် အနောက်မြောက်ဘက်ပိုင်းမှာ လာမဲ့ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ၊ မြေပြိုကျမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ မိုးရေချိန်ကတော့ ၁၀ စင်တီမီတာကနေ ၁၅ စင်တီမီတာထိ မြင့်တက်နိုင်ပြီး ကုန်းမြင့်ဒေသတွေမှာတော့ ၂၀ စင်တီမီတာထိ မြင့်တက်နိုင်ပါတယ်"ဟု ဗြိတိန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂရေဟမ်က ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့သည် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်ပြီး လျှပ်စစ်မီးပြတ်တောက်မှုများ၊ လမ်းတံတားများ ပျက်စီးကာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း ထုတ်ပြန်သွားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ပါကစ္စတန်တွင် လေထုညစ်ညမ်းမှုတိုက်ဖျက်ရန် ပထမဆုံးအကြိမ် မိုးအတုရွာချခြင်းပြုလုပ်ခဲ့

**အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၁၇**

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် အန္တရာယ်ရှိသော လေထုညစ်ညမ်းမှုအခြေအနေကို တိုက်ဖျက်ရန် ပထမဆုံးအကြိမ်အဖြစ် မိုးအတုရွာချခြင်း ပြုလုပ်ခဲ့ကြောင်း ပန်ဂျပ်ပြည်နယ် အစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

တိမ်တိုက်မျိုးစေ့ချကိရိယာများ တပ်ဆင်ထားသော လေယာဉ်များသည် ဒီဇင်ဘာ ၁၆ ရက်တွင် လာဟိုးမြို့၏ အရှေ့ဘက်မှတစ်ဆင့် တိမ်တုများဖန်တီးခဲ့ပြီး လာဟိုးမြို့၏ ၁၅ ကီလိုမီတာအတွင်း မိုးအတု၏အကျိုးသက်ရောက်မှုကို စောင့်ကြည့်ခဲ့ရာ လာဟိုးမြို့၏အနည်းဆုံးဧရိယာ ၁၀ ခုတွင် မိုးရွာသွန်းခဲ့ကြောင်း သိရသည်။

လာဟိုးမြို့၏ လေထုအရည်အသွေးသည် ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း အထူးဆိုးရွားသော အခြေအနေသို့ ရောက်ရှိခဲ့ပြီး အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် စာသင်ကျောင်းများကို ပိတ်ထားခြင်းအပါအဝင် နည်းလမ်းများစွာကိုအသုံးပြုခဲ့သော်လည်း လေထုညစ်ညမ်းမှုကို ထိန်းချုပ်နိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးအတုရွာချခြင်းကို လုပ်ဆောင်ရန် အာရပ်စော်ဘွားများပြည်ထောင်စုမှ ပညာရှင်များသည် ပြီးခဲ့သည့် ၁၀ရက်ခန့်မှစတင်၍ ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း၊ မိုးအတုရွာချရန်အတွက် လေယာဉ်နှစ်စင်းဖြင့် မီးတောက်အတု ၄၈ လုံးကို အသုံးပြုခဲ့ရကြောင်း ပန်ဂျပ်ပြည်နယ်ဝန်ကြီးချုပ် မော့ဆင်နတ်ဗီက ပြောကြားသွားခဲ့သည်။

လာဟိုးမြို့ လေထုညစ်ညမ်းမှု တိုက်ဖျက်ရေး မိုးအတုရွာချခြင်းကို အာရပ်စော်ဘွားများပြည်ထောင်စုမှ နည်းပညာပံ့ပိုးပေးခဲ့ကြောင်း၊ မြို့အတွင်း လေထုညစ်ညမ်းမှု တိုက်ဖျက်ရန် လေသန့်စင်စက်များကို လာမည့် ရက်သတ္တပတ်တွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်ပြီး မိုးအတုရွာချခြင်းကိုလည်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပန်ဂျပ်ပြည်နယ်ဝန်ကြီးချုပ် မော့ဆင်နတ်ဗီက ဆက်လက်ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : AZH**

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် တိုက်ရိုက်ထုတ်လွှင့်မည်

လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်းလူငယ်များပေါ်ထွန်းလာစေရေးအတွက် "ပြည်ထောင်စုအကျိုးသယ်ပိုးဖို့ အသိပညာမြှင့်တင်စို့"ဆောင်ပုဒ်ဖြင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို ယင်းနေ့နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV HD၊ MRTV News၊ MRTVNRC၊ MRTV Farmers'၊ MRTV Sportsနှင့်MRTV ParliamentChannel၊ MWD HD၊ MWD Variety HD၊ MITV၊ MOI Website၊MOI Youtube၊ မြန်မာ့အသံရေဒီယိုနှင့် MRTV App:အပါအဝင်Onlineတို့မှလည်း တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။




ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။




## ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) စက်ရုံဝင်းအတွင်းရှိ ရေနံချက်စက်ရုံ(ခ)၊ ချောဆီစက်ရုံ၊ ရေနံဓာတ်ငွေ့ရည်သိုလှောင်ကန်တို့အား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

☆ ကျောဖုံးမှအဆက်

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ညွှန်ကြားရေးမှူးချုပ်တို့က စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံဆိုင်ရာ အချက်အလက်များနှင့် ဆက်စပ်လုပ်ငန်းများ၊ စက်ရုံလည်ပတ်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ စွမ်းအင်ကဏ္ဍတွင် ထူထောင်ထားပြီးဖြစ်သည့် အရင်းအမြစ်များကိုအခြေခံ၍ နိုင်ငံတော်၏ စွမ်းအင်ဖူလုံစေရေးအတွက် ဆောင်ရွက်နေမှုအစီအမံများ၊ နိုင်ငံအတွင်းရှိ ရေနံချက်စက်ရုံများမှ ရေနံထုတ်လုပ်နိုင်မှု၊ ထုတ်လုပ်နေမှုနှင့် အဆင့်မြှင့်တင်ပြုပြင်မွမ်းမံနိုင်မှုအခြေအနေများ၊ ကုန်ကြမ်းရရှိနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံပြန်လည်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်သွားရန်လိုအပ်သည့်လုပ်ငန်းစဉ်များနှင့် အခြားဖြည့်ဆည်းပေးရန်လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး ပြည်တွင်းစွမ်းအင်လိုအပ်ချက်အတွက် ပြည်ပမှတင်သွင်းပါက ကုန်ကျမည့်ကုန်ကျစရိတ်နှင့် ပြည်တွင်းရှိ စက်ရုံများကို စွမ်းအားပြည့်ပြန်လည်လည်ပတ်ပြီး ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို ထုတ်လုပ်ပါက ကုန်ကျနိုင်မည့်ကုန်ကျစရိတ်တို့ကို တွက်ချက်စဉ်းစားဆောင်ရွက်သွားရန် လိုကြောင်း၊ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)ကို မူလအခြေအနေအတိုင်း ပြန်လည်လည်ပတ် ထုတ်လုပ်နိုင်ရေးကို ကနဦးဆောင်ရွက်သွားရန်လိုပြီး နောက်ပိုင်း အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများကို ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို အထောက်အကူပြုပေးနိုင်မည်ဖြစ်ပြီး အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) စက်ရုံဝင်းအတွင်းရှိ ရေနံချက်စက်ရုံ(ခ)၊ ချောဆီစက်ရုံ၊ ရေနံဓာတ်ငွေ့ရည်သိုလှောင်ကန်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေနံချက်စက်ရုံများကို အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်၍ ပြည်တွင်းစက်သုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကယားပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာရှိ တောင်ကြီးခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ကယားပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဝန်ထမ်းများ ပီပီပေးအပ်သော တာဝန်များကိုကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ တတ်မြောက်ထားသည့် ပညာရပ်များဖြင့် ပြည်သူကို အပြည့်အဝအလုပ်ကျွေးပြုရမည်ဖြစ်ပြီး နိုင်ငံတော်နှင့်ဝန်ကြီးဌာနမှပေးအပ်သည့် တာဝန်များကိုအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် တစ်ဦးချင်း၏စွမ်းဆောင်ရည် တိုးတက်စေရန် လေ့လာသင်ယူမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ဆပ်ပြာနှင့် ထောက်ပံ့ငွေကျပ် ၃၆၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်ပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

# လူငယ်နှင့်စာပေအနုပညာပွဲတော် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)သို့ သွားရောက်၍ ပြခန်းများ ခင်းကျင်းပြင်ဆင်ထားရှိမှုနှင့် ဖွင့်ပွဲအခမ်းအနား ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)တွင် လူငယ်နှင့် စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားအတွက် ဇာတ်တိုက်လေ့ကျင့်နေသော ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြခန်းများ ခင်းကျင်းဆောင်ရွက်နေမှုနှင့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းဆိုင်များကိုကြည့်ရှု၍ ပွဲတော်သို့လာရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ပြည်သူများ အဆင်ပြေစွာ လေ့လာကြည့်ရှုနိုင်ရေးနှင့် နေ့အလိုက် ဖျော်ဖြေရေးအစီအစဉ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ စနစ်တကျ ဆောင်ရွက်ရေးကိစ္စများကို မှာကြားသည်။

အဆိုပါ လူငယ်နှင့် စာပေအနုပညာပွဲတော်သည် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စီစဉ်ကျင်းပခြင်းဖြစ်ပြီး ပွဲတော်တွင် ဝန်ကြီးဌာန ၁၅ ခုမှ ပြခန်းပေါင်း ၆၂ ခန်း ခင်းကျင်းပြသမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များ၊ အနုပညာရှင်များနှင့် ဆွေးနွေးပွဲများ၊ တိုင်းရင်းသားရိုးရာ အစားအစာဆိုင်များ၊ စာအုပ်အရောင်းဆိုင်များ စီစဉ်ထားရှိကာ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်ထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ မည်သူမဆို အခမဲ့ဝင်ရောက် လေ့လာကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)၏ (၁၆)ကြိမ်မြောက် ပန်းပွဲတော်(Flower Dreamland)ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၇**



အမျိုးသား ကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၏ (၁၆)ကြိမ်မြောက် ပန်းပွဲတော် (Flower Dreamland) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ အမျိုးသား ကန်တော်ကြီးဥယျာဉ်၌ ကျင်းပရာ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇိုးမြတ်ထွဋ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဥယျာဉ်သို့ လာရောက်အပန်းဖြေကြသည့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထိမ်းအမှတ်နေရာတစ်ခုဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် ပန်းပွဲတော်ကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကျင်းပနေကြပြီး ပန်းပွဲတော်၊ ပန်းပြပွဲများသည် ခရီးသွားကဏ္ဍကို များစွာအထောက်အကူပြုသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံ၏ခရီးသွားလုပ်ငန်းနှင့် ဒေသလူမှုစီးပွားကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ပန်းပွဲတော်ကို မတူညီသည့်ပုံစံ၊ ဆန်းသစ်တီထွင်မှုနှင့်အတူ အစဉ်အလာမပျက် ကျင်းပလျက်ရှိပါကြောင်း၊ (၁၅)ကြိမ်မြောက် ပန်းပွဲတော်ကာလအတွင်း ခရီးသွားဧည့်သည်စည်ကားခဲ့မှုမှာ အတိုင်းအတာတစ်ခုအထိရှိခဲ့သည်ဟု သိရှိရပါကြောင်း၊ လာမည့်နှစ်တွင် အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟုလည်း သိရှိရပါကြောင်း၊ ပြင်ဦးလွင်မြို့၏ခရီးသွားလုပ်ငန်းကို များစွာ အထောက်အကူဖြစ်စေပါကြောင်း၊ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်အပန်းဖြေခြင်းဖြင့် ပြင်ဦးလွင်မြို့၏ခရီးသွားလုပ်ငန်းနှင့် လူမှုစီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး ပြင်ဦးလွင်မြို့ကို စံပြမြို့တော်ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)မှ တာဝန်ရှိသူများက ပန်းပွဲတော်ကျင်းပရခြင်း၊ မြေယာရှုခင်းဒီဇိုင်းရေးဆွဲခြင်း၊ မြေပြင်ပုံဖော်ခြင်းနှင့် ပန်းစိုက်ပျိုးခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပန်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ အကအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံ၏ ထင်ရှားသော အထိမ်းအမှတ်ပွဲတော်တစ်ခုဖြစ်လာပြီး ပန်းမန်စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားခဲ့ရသော်လည်း ၂၀၂၂ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်းပြည်ပပန်းမျိုးစိတ်မျိုးစုံ၊ ရာသီပန်းမျိုးစုံတို့ကို ပေါင်းစပ်ကာ ဇုန်အလိုက်ခင်းကျင်းပြသထားကြောင်း၊ ပန်းပွဲတော်ကျင်းပသည့်ကာလအတွင်း ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့်အစီအစဉ်များ ပါဝင်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# လက်ပံတန်းမြို့နယ် ကျေးနီကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ခေါင်းလျှော်ရည်၊ ဆပ်ပြာချက် သင်တန်းဆင်း

**လက်ပံတန်း ဒီဇင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကွမ်းခြံကျေးရွာအုပ်စု ကျေးနီကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ခေါင်းလျှော်ရည်၊ ဆပ်ပြာချက်သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်က အမှာစကားပြောကြားပြီး လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက သင်တန်းဖွင့်လှစ်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး သင်ကြားပေးထားသည့် ပညာရပ်များကို လက်တွေ့အသုံးပြု၍ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဆုရသင်တန်းသူသုံးဦးအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာမက ခေါင်းလျှော်ရည်၊ ဆပ်ပြာချက်နှင့်ပတ်သက်သည့် သင်ခန်းစာဘာသာရပ်များကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့ သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အေးမြတ်**



# မိတ္ထီလာခရိုင်ရှိ ကေဗွီ ၅၀၀ ကံကောင်း(မိတ္ထီလာ) ပင်မဓာတ်အားခွဲရုံစီမံကိန်းကို ဒုတိယဝန်ကြီး ဒေါက်တာအေးကျော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ ကေဗွီ ၅၀၀ ကံကောင်း(မိတ္ထီလာ) ပင်မဓာတ်အားခွဲရုံစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် စီမံကိန်းမန်နေဂျာတို့က စီမံကိန်းလုပ်ငန်းများ တိုးတက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ကေဗွီ ၅၀၀ ပင်မဓာတ်အားခွဲရုံသည် မြန်မာနိုင်ငံတွင် ပထမဆုံးတည်ဆောက်သည့် စီမံကိန်းဖြစ်သည့်အတွက် နည်းပညာစံချိန်စံညွှန်းပြည့်မီစေရေးအထူးဂရုပြုဆောင်ရွက်စေလိုကြောင်း၊ ဌာနမှအင်ဂျင်နီယာများကို ထိန်းသိမ်းမောင်းနှင်ရေးအတွက် နည်းပညာများကို လေ့လာဆည်းပူးနိုင်ရန် ပြည်ပသို့စေလွှတ်လျက်ရှိသကဲ့သို့ စီမံကိန်းလုပ်ငန်းခွင်တွင် နည်းပညာပိုင်း အတတ်ပညာများကိုပါ လေ့လာရယူရန်လိုကြောင်း၊စီမံကိန်းပစ္စည်းများလုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိရေးနှင့်လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်းနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ကြရန်မှာကြားပြီး ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် စီမံကိန်းလုပ်ငန်းများ တည်ဆောက်တပ်ဆင်နေမှုနှင့် နွေရာသီကာလအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများထုတ်ပြန်

**ယမန်နေ့မှအဆက်**

(၆) ရထားရဲတပ်ဖွဲ့အတွက် ဖြစ်လျှင် တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် တပ်ဖွဲ့ခွဲမှူး၊

(၇) ပြည်ထဲရေးဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်တာဝန်ပေးသော ပြန်တမ်းဝင်အရာရှိအဆင့်ထက် မနိမ့်သော အရာရှိ။"

( ခ ) ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် သွားလာရေးခက်ခဲသော သို့မဟုတ် အခြေအနေတစ်ရပ်ရပ်ကြောင့် ရှာဖွေအမိန့်ရယူရန် ခက်ခဲနိုင်သောဒေသနှင့် သတ်မှတ်ကာလအတွင်းတွင် ရဲအုပ်အဆင့်အောက် မနိမ့်သည့် စခန်းမှူးသည် ရှာဖွေအမိန့်မပါဘဲ ဝင်ရောက်ရှာဖွေနိုင်သည်။

၂၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၆ တွင်-

(က) နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ရှာဖွေရေးအရာရှိသည် တွေ့ရှိသည့် ဆေးဝါးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆေးဝါးများကို ထုတ်လုပ်ရာ၌ အသုံးပြုသည့်ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ဓာတုပစ္စည်းများကို သက်သေများ ရှေ့တွင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းပြီး ချိန်တွယ်ရာတွင် ထုပ်ပိုးခွံ မပါဘဲ အသားတင်အလေးချိန်ကိုသာ မှတ်သားဖော်ပြရမည်။ ထို့နောက် ယင်းသက်သေများ ရှေ့တွင် အဆိုပါ ဆေးဝါးများ၊ ဓာတုပစ္စည်းများကို ညွှန်ကြားချက်နှင့်အညီ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးအတွက် နမူနာထုတ်ယူရမည်၊"

( ခ ) နည်းဥပဒေခွဲ (ဇ) ၌ ပါရှိသော "သက်ဆိုင်ရာမြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ဂ ) နည်းဥပဒေခွဲ (ဍ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဎ) နှင့် (ဏ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဎ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် ငွေကြေး၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စိစစ်ဖော်ထုတ်ရန် လိုအပ်ပါက ဗဟိုအဖွဲ့နှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ တင်ပြရမည်၊

(ဏ) နည်းဥပဒေခွဲ (ဎ) အရ စိစစ်ဖော်ထုတ်သိမ်းဆည်းရမိသော ငွေကြေး၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများသည် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်ခြင်းမရှိပါက ဥပဒေပုဒ်မ ၂၄ နှင့်အညီ ဆောင်ရွက်နိုင်ရန် တရားစွဲအဖွဲ့အစည်းက သက်ဆိုင်ရာတရားရုံးသို့ တင်ပြရမည်။

၂၂။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ ပြစ်မှုတစ်ခုခုအတွက် ရှာဖွေအမိန့် ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ရဲလက်စွဲပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ သို့ရာတွင် လုံခြုံရေးအရ စိုးရိမ်ဖွယ်ရာ အခြေအနေရှိပါက ရှာဖွေရေးအရာရှိသည် သက်သေခံပစ္စည်းများကို ချိန်တွယ်ချိပ်ပိတ် ထုပ်ပိုးခြင်းနှင့် စပ်လျဉ်း၍ လုံခြုံစိတ်ချရသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်နိုင်သည်။ ယင်းသို့ဆောင်ရွက်ရသည့် အခြေအနေကို ရှာဖွေရေးအရာရှိက ရှာဖွေပုံစံတွင် ကျိုးကြောင်းဖော်ပြရမည့်အပြင် အထက်ဌာနသို့ ပြန်လည်အစီရင်ခံတင်ပြရမည်။"

၂၃။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၃ တွင်-

( က ) နည်းဥပဒေခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ပြစ်မှုကျူးလွန်သူများအား ထိန်းချုပ်သယ်ဆောင်ခြင်းနည်းလမ်းဖြင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊"

( ခ ) နည်းဥပဒေခွဲ (ဂ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) လျှို့ဝှက်အမာခံသတင်းပေးသူကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးခြင်း။"

၂၄။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၅။ ရှာဖွေရေးအရာရှိများသည် ပြစ်မှုကိုနောက်ကွယ်မှ အဓိကကျူးလွန်သူများ၊ ပြည်တွင်းပြည်ပဂိုဏ်းနှင့် အုပ်စုဝင်များကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ပြစ်မှုကျူးလွန်သူများအား ထိန်းချုပ်သယ်ဆောင်ခြင်းနည်းလမ်းဖြင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ လျှို့ဝှက်အမာခံသတင်းပေးအား အသုံးပြု၍ ဖော်ထုတ်ဖမ်းဆီးခြင်း၊ လျှို့ဝှက်အမာခံသတင်းပေးသူကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အစီအစဉ်များချမှတ်၍ ဆောင်ရွက်ရမည်။"

၂၅။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၅ ၏ နောက်တွင် နည်းဥပဒေ ၃၅-က နှင့် ၃၅-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၅-က။ (က) ရှာဖွေရေးအရာရှိ သို့မဟုတ် အမှုစစ်အရာရှိသည် ပြစ်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်မှတ်တမ်းများ၊ တယ်လီဖုန်းဆက်သွယ်မှုမှတ်တမ်းများတောင်းခံရန် သတ်မှတ်ထားသည့်အတိုင်း ဗဟိုအဖွဲ့သို့ တင်ပြရမည်။

( ခ ) ဗဟိုအဖွဲ့သည် တောင်းခံချက်အပေါ် စိစစ်၍ ပြစ်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်မှတ်တမ်းများ၊ ဆက်သွယ်မှုမှတ်တမ်းများကိုထုတ်ပေးရန် သက်ဆိုင်ရာဆက်သွယ်ရေးလုပ်ငန်းသို့ အမိန့်ထုတ်ဆင့်နိုင်သည်။ အမိန့်စာမိတ္တူကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ သိသာရန် ပေးပို့ရမည်။

( ဂ ) ဗဟိုအဖွဲ့၏ အမိန့်ရရှိသည့်အခါ သက်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူသည် ပြစ်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်မှတ်တမ်းများ၊ ဆက်သွယ်မှုမှတ်တမ်းများကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ကြည့်ရှုစစ်ဆေးခွင့်နှင့် မိတ္တူကူးယူခွင့်ပြုရမည်။

၃၅-ခ။ (က) ပြစ်မှုကို အဓိကကျူးလွန်သူကိုဖြစ်စေ၊ ပြည်တွင်းပြည်ပရှိအဖွဲ့နှင့် အုပ်စုဝင်များကိုဖြစ်စေ၊ ကွင်းဆက်ကျူးလွန်သူကိုဖြစ်စေ ဖော်ထုတ် ဖမ်းဆီးရေးအတွက် ထိန်းချုပ်သယ်ဆောင်ခြင်းနည်းလမ်းကို အသုံးပြုရန် လိုအပ်ပါက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး သို့မဟုတ် နေပြည်တော်ရဲတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြ၍ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

( ခ ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ ထိန်းချုပ်သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူအား လိုအပ်ပါက ပြစ်မှုတွင် အစိုးရသက်သေအဖြစ် ထည့်သွင်းနိုင်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရန် စိစစ်ခွင့်ပြုနိုင်သည်။"

စာမျက်နှာ ၂၁ သို့

**စာမျက်နှာ ၂၀ မှအဆက်**

၂၆။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေခွဲ (ခ) တို့၏ ခြေဆင်းတွင်ပါရှိသော "အတွင်းရေးမှူး" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၇။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၉ နည်းဥပဒေခွဲ (ခ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) ဓာတုဗေဒစစ်ဆေးရေးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီး ပြန်လည်ပေးပို့သော ချိပ်ပိတ်ထားသည့် သက်သေခံပစ္စည်းများကို အကြောင်းကိစ္စတစ်ခုခုကြောင့် ဖွင့်ဖောက်စစ်ဆေးရန် လိုအပ်ပါက သက်ဆိုင်ရာရဲစခန်းမှူးသည် ဓာတုဗေဒစစ်ဆေးရေးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဖွင့်ဖောက်စစ်ဆေး၍ တွေ့ရှိသည့်အခြေအနေကို မှတ်တမ်းတင်ပြီး ဖွင့်ဖောက်စစ်ဆေးရာတွင် ပါဝင်သူများက လက်မှတ်ရေးထိုးရမည်။"

၂၈။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၀။ ဆေးဝါးသုံးစွဲခြင်း ရှိ မရှိ ပဏာမစစ်ဆေးခြင်းနှင့် ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီစစ်ဆေးရမည်။"

၂၉။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၃၀။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၂ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ဓာတ်ခွဲစမ်းသပ်ရန်ပေးပို့သူသည် ဆေးဝါး၊ ဓာတုပစ္စည်းနှင့် အမှာစာပါ စာအိတ်တို့ကို ညွှန်ကြားချက်နှင့်အညီ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးဌာနမှ တာဝန်ရှိသူထံသို့ စနစ်တကျ လုံခြုံစွာ ပို့ဆောင်ပေးအပ်ရမည်။"

၃၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၈ နည်းဥပဒေခွဲ (စ) ကို ပယ်ဖျက်ရမည်။

၃၂။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၅၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၇။ အမှုစစ်အရာရှိသည်-

(က) ဥပဒေပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်သူသည် ယခင်က ၎င်းပုဒ်မများအနက် ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ပြစ်ချက်ဟောင်းရှိသည့်အတွက် အများဆုံးပြစ်ဒဏ်ချမှတ်နိုင်ရန်အလို့ငှာ ဥပဒေပုဒ်မ ၂၃ ကို ပူးတွဲ၍ တရားစွဲဆိုရမည်။

(ခ) ဥပဒေပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုအတွက် ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရသော်လည်း ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့လျှင်သော်လည်းကောင်း၊ အယူခံ သို့မဟုတ် ပြင်ဆင်မှုတွင် တရားသေလွတ်လျှင်သော်လည်းကောင်း ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍ တရားစွဲဆိုခြင်းမပြုရ။

**ရှင်းလင်းချက်။** ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသည့် ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းမဟုတ်ဘဲ ပြစ်ဒဏ်တချို့တစ်ဝက်ကိုကျခံပြီး ကျန်ရှိသည့်ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပေးခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ဂ) တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ပြစ်ချက်ဟောင်းရှိကြောင်း စုံစမ်း၍ မရရှိသဖြင့် ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍ စွဲဆိုခြင်းမပြုနိုင်စေကာမူ တရားစွဲတင်ပို့ပြီးနောက် စီရင်ချက်မချမီ ပြစ်ချက်ဟောင်းရှိကြောင်း စုံစမ်း၍ ရရှိလျှင် ဥပဒေပုဒ်မ ၂၃ ဖြင့်ထပ်မံ၍ စွဲချက်တင်နိုင်ရန်တရားရုံးသို့ တင်ပြရမည်။

(ဃ) ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍စွဲဆိုလျှင်-

(၁) ယခင်က ပြစ်မှုထင်ရှားစီရင်ခဲ့သော ပြစ်မှု၏မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသော စီရင်ချက်မိတ္တူမှန်ဖြစ်စေ၊ ထောင်ကျဝရမ်းစာမိတ္တူဖြစ်စေ၊ ပြစ်ဒဏ်ကိုအတည်ပြုခဲ့သည့် အကျဉ်းထောင် တာဝန်ခံ၏ သက်သေခံလက်မှတ် (ရဲပုံစံ-၃၁) ဖြစ်စေ ပူးတွဲပါရှိရမည်။

(၂) ရဲစွဲချက်လွှာပုံစံတွင် သိသာထင်ရှားစေရန် ပြစ်မှုကျူးလွန်သူ၏ အမည်နှင့်ယှဉ်တွဲလျက် ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးကြောင်း မင်နီဖြင့် ရေးသားဖော်ပြရမည်။"

၃၃။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၅၈ နည်းဥပဒေခွဲ (ဂ) တွင်ပါရှိသော "အလားတူ" ဆိုသည့် စကားရပ်များကို "ဥပဒေပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထားသော" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃၄။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၆၀ နည်းဥပဒေခွဲ (ခ) ပါ "အသက် ၁၆ နှစ်အောက်ရှိသူကလေးသူငယ်" ဆိုသည့် စကားရပ်ကို "အသက် ၁၈ နှစ် အောက်ရှိသူကလေးသူငယ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၅။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၆၁ နည်းဥပဒေခွဲ (င) ပါ "အသက် ၁၆ နှစ်အောက်ရှိကလေးသူငယ်" ဆိုသည့် စကားရပ်ကို "အသက် ၁၈ နှစ် အောက်ရှိကလေးသူငယ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ အခန်း (၁၂) ၏ နောက်တွင် အခန်း(၁၂-က)၊ အခန်းခေါင်းစဉ်၊ နည်းဥပဒေ ၆၂-က၊ ၆၂-ခ နှင့် ၆၂-ဂ တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

**"အခန်း(၁၂-က)**

**ရန်ပုံငွေထူထောင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း**

၆၂-က။ ဗဟိုအဖွဲ့သည် ဥပဒေပုဒ်မ ၂၅-က ပုဒ်မခွဲ (က) ပါ ရငွေများဖြင့် ထူထောင်ထားသည့် ရန်ပုံငွေကို ထိန်းသိမ်းရန်နှင့် ဥပဒေပုဒ်မ ၂၅-က ပုဒ်မခွဲ (ခ) အရ ရရှိသည့် လှူဒါန်းပစ္စည်းများကို စီမံခန့်ခွဲရန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

၆၂-ခ။ ရန်ပုံငွေထိန်းသိမ်းစီမံခန့်ခွဲရေးအဖွဲ့သည်-

(က) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်က ထောက်ပံ့သောပစ္စည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များက လှူဒါန်းထားသော ပစ္စည်းများကို ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လက်ခံခြင်း၊ စီမံခန့်ခွဲခြင်းများ ပြုလုပ်ရမည်။

(ဂ) မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ရရှိမည့် ရန်ပုံငွေများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုသောဘဏ်တွင် စာရင်းဖွင့်လှစ်အပ်နှံ၍ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုလုပ်ရမည်။

(ဃ) ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူရမည့်အပြင် စာရင်းစစ်ဆေးရာတွင် ကူညီဆောင်ရွက်ရမည်။

(င) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များက လှူဒါန်းသော ငွေကြေးနှင့်ပစ္စည်းများ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ လှူဒါန်းထောက်ပံ့သည့် အဖွဲ့အစည်းများ၊ အလှူရှင်များ ပွင့်လင်းမြင်သာစွာ သိရှိစေရန် စာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ကြေညာပေးရမည်။

၆၂-ဂ ။ ဗဟိုအဖွဲ့သည် ဥပဒေပုဒ်မ ၂၅-က ပုဒ်မခွဲ (က) အရ ထူထောင်ထားသည့် ရန်ပုံငွေမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အသုံးစရိတ်နှင့် ဆုငွေချီးမြှင့်ခြင်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲနိုင်သည်။

၃၇။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၆၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၆၄။ တရားရုံးသည်-

(က) ကလေးသူငယ်က ပြစ်မှုတစ်ခုခုကို ကျူးလွန်သည့်အချိန်တွင် အသက် ၁၈ နှစ် မပြည့်သေးပါက ၎င်းအား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ရမည်။

(ခ) ပြစ်မှုနှင့်အကျုံးဝင်သော ဆေးဝါး၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို လိုအပ်သလို စီမံခန့်ခွဲရန်အလို့ငှာ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သို့ ပေးပို့ရန် အမိန့်ချမှတ်ရမည်။"

၃၈။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၆၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၅။ (က) ဥပဒေပုဒ်မ ၂၅-ဂ ပုဒ်မခွဲ (က) အရ ပေးသွင်းခဲ့သည့် ရန်ပုံငွေ၏ ရာခိုင်နှုန်း တစ်ရပ်ကို ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများအတွက် အသုံးပြုရန် အောက်ပါအတိုင်း ခွင့်ပြုနိုင်သည်-

| | |
|---|---|
| (၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ကာကွယ်တားဆီးနှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများ | ၅၀% |
| (၂) ပြစ်မှုနှင့်စပ်လျဉ်း၍ သတင်းပေးသူအား ချီးမြှင့်ငွေ | ၃၀% |
| (၃) ဖမ်းဆီးရေးအဖွဲ့အား ဆုချီးမြှင့်ငွေ | ၂၀% |

(ခ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ (က) ပါ နှုန်းထားများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။"

၃၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများတွင် ပါရှိသော ပုံစံ (၁) နှင့် ပုံစံ (၂) တို့ကို ပယ်ဖျက်ရမည်။

**ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်**
**ပြည်ထောင်စုဝန်ကြီး**
**ပြည်ထဲရေးဝန်ကြီးဌာန**

# လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများထုတ်ပြန်

**ယမန်နေ့မှအဆက်**

### အခန်း(၅)
### ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် လောင်းကစားဖမ်းဆီးရေးအဖွဲ့က ဆောင်ရွက်ရန်နည်းလမ်းများ

၁၆။ လောင်းကစားအိမ်တွင် လောင်းကစားခြင်းကို ဝင်ရောက်ရှာဖွေဖမ်းဆီးရန် ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် ဥပဒေအရ သက်ဆိုင်ရာဝရမ်းထုတ်ပေးခွင့်ရှိသူထံမှ ဝရမ်းရရှိမှသာ လုပ်ငန်းစတင်ဆောင်ရွက်ရမည်။

၁၇။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည်-

(က) ဝရမ်းကို လုံခြုံစွာသိမ်းဆည်းထားရမည်။

(ခ) ဝရမ်းထုတ်ပေးထားကြောင်း သတင်းမပေါက်ကြားစေရ။

(ဂ) ဝရမ်းထုတ်ပေးသည့်နေ့မှစ၍ ဝရမ်းကိုအသုံးပြုရသည့်နေ့အထိ ဆောင်ရွက်ချက်ကို နေ့စဉ်မှတ်တမ်းထားရှိရမည်။

၁၈။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် ဝရမ်းတွင်သတ်မှတ်ထားသည့် ကာလအတွင်း၌သာ ဝရမ်း၌ဖော်ပြထားသည့် လောင်းကစားအိမ်သို့ အချိန်မရွေးဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။

၁၉။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် လောင်းကစားအိမ်သို့ ဝင်ရောက်ရာတွင်-

(က) ဝရမ်းပါရှိရမည်။

(ခ) ရှာဖွေပုံစံ ပါရှိရမည်။

(ဂ) သက်သေ အနည်းဆုံးနှစ်ဦး ပါရှိရမည်။

(ဃ) သင့်လျော်မည့် လူအင်အားကို ခေါ်ဆောင်သွားနိုင်သည်။

(င) လောင်းကစားအိမ်အတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်ခြင်းမရှိပါက မည်သည့်နည်းဖြင့်မဆို ဝင်ရောက်နိုင်ခွင့်ရှိသည်။

၂၀။(က) အပိုဒ် ၁၉ အရ ဖမ်းဆီးသူသည်-

(၁) ဖမ်းဆီးရမိသူများ၏ အမည်စာရင်းကိုရယူပြီး သက်သေနှစ်ဦးရှေ့တွင် ရှာဖွေ၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် သိမ်းဆည်းပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အားယာယီပြန်လည်အပ်နှံခြင်းကတိခံဝန်ချုပ် (ပုံစံ-ဃ) ဖြင့် ပေးအပ်ထားနိုင်သည်။

(၂) အထက်ပါဆောင်ရွက်ချက်များကို လောင်းကစားဝရမ်း အတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ဖြင့် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း ဝရမ်းထုတ်ပေးသူထံ အစီရင်ခံတင်ပြရမည်။

(ခ) အပိုဒ်ခွဲ(က) အရ လောင်းကစားဖမ်းဆီးသူက အပ်နှံခြင်းကိုလက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

၂၁။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသည့် ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် ဝရမ်းတွင်သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်ခြင်းမရှိလျှင် မည်သည့်အတွက် ဖမ်းဆီးနိုင်ခြင်းမရှိကြောင်း အကျိုးအကြောင်းဖော်ပြချက်ပါရှိသည့် လောင်းကစားဝရမ်းအတည်မဖြစ်ကြောင်း အစီရင်ခံစာ [ပုံစံ-ဂ(၁)]နှင့်အတူ ဝရမ်းကို ဝရမ်းထုတ်ပေးသူထံ ဆောလျင်စွာပြန်လည်တင်ပြအပ်နှံရမည်။

### အခန်း(၆)
### လောင်းကစားခြင်းကို ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သိမ်းဆည်းခြင်း ဆောင်ရွက်ရာတွင် လိုက်နာရန် နည်းလမ်းများ

၂၂။ လောင်းကစားခြင်းကို ဖမ်းဆီးသူသည်-

(က) လောင်းကစားအိမ်ရှင်ကိုဖြစ်စေ၊ လောင်းကစားအိမ်အတွင်း တွေ့ရှိသူတစ်ဦးဦးကိုဖြစ်စေ ၎င်းတွင် ဝရမ်းပါရှိကြောင်း ပြောကြားရမည်။

(ခ) လောင်းကစားသည့်နေရာတွင်တွေ့ရှိသည့် လောင်းကစားခြင်း၌ ပါဝင်သူများကို ဖမ်းဆီးပြီး ၎င်းတို့၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဖအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာတို့ကို ရေးမှတ်ရမည် သို့မဟုတ် ရေးမှတ်စေရမည်။

(ဂ) လောင်းကစားသည့်နေရာအား ရှာဖွေခြင်း၊ လောင်းကစားကိရိယာ၊ ငွေကြေးနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းနှင့် လောင်းကစားခြင်း၌ ပါဝင်သူများကို ဖမ်းဆီးခြင်းတို့ ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၃။ ဖမ်းဆီးခြင်းခံရမည့်သူသည် ဖမ်းဆီးခြင်းမခံရရန် အိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုအတွင်းသို့ ဝင်ရောက်ထွက်ပြေးပုန်းအောင်းနေသည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် ဖမ်းဆီးသူသည် ထိုအိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုအတွင်းသို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။ ထိုသို့ဖမ်းဆီးနိုင်ရန် ထိုအိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုတွင် နေထိုင်သူ သို့မဟုတ် တာဝန်ရှိသူသည် ဖမ်းဆီးသူအား လိုအပ်သည့် အကူအညီများပေးရမည်။

၂၄။ ဖမ်းဆီးရာတွင် ဖမ်းဆီးခြင်းခံရမည့်သူက ဖမ်းဆီးခြင်းမခံလျှင် သို့မဟုတ် အကြမ်းဖက်ခုခံလျှင် သို့မဟုတ် ထွက်ပြေးတိမ်းရှောင်ရန် အားထုတ်လျှင် ဖမ်းဆီးခွင့်ရှိသူ မည်သူမဆို ထိုသူကိုဖမ်းဆီးနိုင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

၂၅။ လောင်းကစားအိမ်တွင် လောင်းကစားကိရိယာတစ်ခုခုကို ကွယ်ဝှက်ထားကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် အဆိုပါ လောင်းကစားအိမ်နေရာအနှံ့အပြားကိုရှာဖွေနိုင်သည်။ ထိုသို့ရှာဖွေရာတွင် လောင်းကစားအိမ်ရှင်နှင့် သက်သေများရှေ့တွင် ရှာဖွေရမည်။ ရှာဖွေတွေ့ရှိသော လောင်းကစားကိရိယာကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် သိမ်းဆည်း၍ ထိုရှာဖွေပုံစံတွင် သိမ်းဆည်းသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည့်အပြင် လောင်းကစားအိမ်ရှင်ကိုပါ လက်မှတ်ရေးထိုးစေပြီး ရှာဖွေပုံစံမိတ္တူကို လောင်းကစားအိမ်ရှင်ကတောင်းခံလျှင် ပေးရမည်။ ရှာဖွေပုံစံတွင် လောင်းကစားကိရိယာတွေ့ရှိသည့်နေရာကို တိကျစွာဖော်ပြ၍ ရေးသွင်းရမည်။

### အခန်း(၇)
### ကာစီနိုအတွင်း ဝင်ရောက်ကစားသည့် မြန်မာနိုင်ငံသားအားဖမ်းဆီးခြင်း

၂၆။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနိုအတွင်း မြန်မာနိုင်ငံသားတစ်ဦးဦး ဝင်ရောက်ကစားနေကြောင်း သတင်းရရှိလျှင် ကိုယ်တိုင်ဝင်ရောက်ဖမ်းဆီးနိုင်သည်။

၂၇။ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနိုအတွင်း မြန်မာနိုင်ငံသားတစ်ဦးဦး ဝင်ရောက် ကစားနေကြောင်း သတင်းရရှိပါက ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝရမ်း [ပုံစံ-က(၁)] ထုတ်ပေး၍ ထိုဝင်ရောက်ကစားသူ မြန်မာနိုင်ငံသားကို ဖမ်းဆီးစေနိုင်သည်။

၂၈။ (က) အပိုဒ် ၂၆ နှင့် အပိုဒ် ၂၇ အရ ဖမ်းဆီးသူသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနိုအတွင်း ဝင်ရောက်သည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) အနည်းဆုံးသက်သေနှစ်ဦး ပါရှိရမည်။

(၂) ရှာဖွေပုံစံပါရှိရမည်။

(၃) ကာစီနို၌ တာဝန်ရှိသူတစ်ဦးဦးကို မိမိ၏အခွင့်အာဏာကိုပြောပြ၍ မည်သည့်အတွက်လာကြောင်းပြောကာ ဝင်ခွင့်တောင်းခံရမည်။

(၄) ကာစီနိုအတွင်း လောင်းကစားရန် ရောက်ရှိနေသည့် သို့မဟုတ် လောင်းကစားနေသည့် မြန်မာနိုင်ငံသားကို ဖမ်းဆီးပြီး ၎င်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဖအမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာတို့ကို မေးမြန်း၍ ရေးမှတ်ရမည်။

(၅) ကာစီနို၌ ကစားရာတွင် မြန်မာနိုင်ငံသားအသုံးပြုသည့် လောင်းကစားကိရိယာများနှင့် ငွေကြေးပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် မိမိကိုယ်တိုင် လက်မှတ်ရေးထိုးသိမ်းဆည်းပြီး သိမ်းဆည်းခြင်းခံရသူနှင့် အနည်းဆုံးသက်သေ ၂ ဦး အား လက်မှတ်ရေးထိုးစေရမည်။

(၆) ဖမ်းဆီးခံရသူ၏ ကိုယ်ပေါ်၌ရှာဖွေ၍ တွေ့ရှိသော လောင်းကစားကိရိယာများ၊ ငွေကြေးနှင့် ပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် မိမိကိုယ်တိုင် လက်မှတ်ရေးထိုးသိမ်းဆည်းပြီး သိမ်းဆည်းခြင်းခံရသူနှင့် အနည်းဆုံး သက်သေ ၂ ဦး အား လက်မှတ်ရေးထိုးစေရမည်။ ဖမ်းဆီးခံရသူသည် အမျိုးသမီးဖြစ်က အမျိုးသမီးချင်း ရှာဖွေရမည်။

(၇) အပိုဒ်ခွဲငယ် (၅) နှင့် (၆) အရ သိမ်းဆည်းသော ရှာဖွေပုံစံမိတ္တူကို သိမ်းဆည်းခြင်းခံရသူက တောင်းခံလျှင် ပေးရမည်။

(၈) ဖမ်းဆီးခံရသည့်သူသည် ထွက်ပြေးတိမ်းရှောင်ရန် သို့မဟုတ် အကြမ်းဖက်ခုခံရန် အားထုတ်လျှင် ၎င်းအား ဖမ်းဆီးရမိရေးအတွက် ရာဇဝတ်ကျင့်ထုံး ဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

(၉) ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည်အပ်နှံခြင်းကတိခံဝန်ချုပ် (ပုံစံ-ဃ) ဖြင့် ပေးအပ်ထားနိုင်သည်။

(ခ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၃) အရ ဝင်ခွင့်တောင်းသည့်အခါ ကာစီနိုတာဝန်ခံ သို့မဟုတ် တာဝန်ရှိသူက ဝင်ရောက်ခွင့်ပြုရမည်။

(ဂ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၉) အရ အပ်နှံခြင်းကိုလက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

၂၉။ အပိုဒ် ၂၆ အရ ဖမ်းဆီးသူသည် မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ စခန်းမှူးဖြစ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

၃၀။ (က) ဝရမ်းနှင့်စပ်လျဉ်းပြီး တာဝန်ပေးအပ်ခြင်းခံရသူသည်-

(၁) ကာစီနိုအတွင်းဝင်ရောက်ကစားသူ မြန်မာနိုင်ငံသားကို ဖမ်းဆီးရမိပါက လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ဖြင့် ဝရမ်းထုတ်ပေးသူထံ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# ထီးချိုင့်ကို နေ့စဉ်နီးပါး လေကြောင်းတိုက်ခိုက်နေပြီး ဓာတုလက်နက်သုံး၍ ပုံးကြဲနေသည်ဟု သတင်းတု၊ သတင်းမှားများရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်ကို တပ်မတော်က လေကြောင်းဖြင့် နေ့စဉ်ဗုံးကြဲတိုက်ခိုက်လျက်ရှိပြီး ဓာတုလက်နက်ဗုံးများအသုံးပြုနေသည်ဟု မဟုတ်မမှန် ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် ဓာတုလက်နက်များကို မည်သည့်တိုက်ပွဲများတွင်မှ အသုံးပြုတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်းနှင့် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ၎င်းတို့အဖွဲ့အကျအဆုံးများပြားလာပါက ထိုကဲ့သို့ မဟုတ်မမှန်သတင်းများကို အကြမ်းဖက်အားပေးမီဒီယာများမှတစ်ဆင့် ဝါဒဖြန့်ထုတ်လွှင့်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် နယ်မြေဒေသလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးများကို ပြည်သူလူထုနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကိုလူမှုကွန်ရက်များမှတစ်ဆင့်နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ko Ye" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ညောင်ပင်သာကျေးရွာနေ ရဲနောင်(ခ)ကိုရဲကို နံနက် ၉ နာရီတွင်လည်းကောင်း၊ "Zin Mar Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မြိုင်မြို့နယ် ကံမြင့်ကုန်းကျေးရွာနေ ဇင်မာဝင်းကို မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "KoSai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဆယ်သိန်းကျေးရွာနေ စိုင်းဟိန်းကိုကို ညနေ ၃ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Zaw Myo Htun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကန်သာ(C) ရပ်ကွက်နေ ဇော်မျိုးထွန်းနှင့် "Aung Chan Myae" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးမြို့နယ် သိင်္ဂါရရပ်ကွက်နေ အောင်ချမ်းမြေ့တို့ နှစ်ဦးကို ညနေ ၅ နာရီ ၄၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၈၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့်အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၂၅ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၈၁၀ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့်မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

**၁။** ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

**၂။** ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**၃။** ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းသီးအနုအလုံးရေ ၁၇၅၀၀၀၀ ထိ တင်ပို့ခဲ့ရ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကွမ်းသီးအနုအလုံးရေ ၁၇၅၀၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကွမ်းသီးအနုအလုံးရေ ၁၅၀၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကွမ်းသီးအနုအလုံးရေ ၁၇၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါကွမ်းသီးအနုများတင်ပို့အားကောင်းလာခြင်းသည် ပြည်ပဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်ယူအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ဒေသထွက်ကွမ်းသီးတွေ တင်ပို့ရောင်းချလျက်ရှိပါတယ်။နိုဝင်ဘာလအတွင်း ကွမ်းသီးအလုံးရေ ၁၇၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြည်ပဈေးကွက်က ကွမ်းသီးအနုတွေ ဝယ်ယူအားမြင့်တက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ။ တရုတ်နိုင်ငံက ကွမ်းသီးအနုကိုအဓိကဝယ်ယူနေတာပါ။ လက်ရှိကွမ်းသီးအနုတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်သူတွေလုပ်ငန်းအဆင်ပြေနေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကိုကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူပြီး စနစ်တကျရွေးချယ်ထုပ်ပိုးကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခင်က ကွမ်းသီးအစိမ်း၊ အမှည့်ဈေးကွက် နှစ်မျိုးသာရှိပြီး ယခုအခါ ရင့်မှည့်ချိန်ထိ စောင့်ရောင်းရန်မလိုဘဲ ကွမ်းသီးအနုများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**





# လက်ဆောင်

မောင်ချမ်းမင်း(ကျိုက်စကော)

(၁)

"အစ်ကို ဘယ်ပစ္စည်းလေး ယူမလဲရှင့်"

"ခုန အစ်ကိုပြထားတဲ့ဟာလေးပဲ ယူလိုက်တော့မယ်နော် ညီမ"

ဆုံးဖြတ်ချက်ခိုင်မာစွာချ၍ ယခင်ရွေးထားသည့် လက်ကောက်လေးကိုသာယူရန် ရွှေဆိုင်ဝန်ထမ်းကောင်မကလေးကိုမှာလိုက်သည်။ သည်လက်ကောက်လေးကိုသာမြင်လျှင်တော့ ကျွန်တော့်ဇနီး ခိုင်လေး တစ်ယောက် အံ့သြဝမ်းသာဖြစ်နေမည်မှာ မလွဲမသွေ။ ခိုင်လေးအံ့သြမည်ဆိုလည်း အံ့သြလောက်ပေ၏။ ကျွန်တော်နှင့် ခိုင်လေးချစ်သူသက်တမ်းဖြစ်ခဲ့သည့် ငါးနှစ်တာကာလအတွင်း တန်ဖိုးကြီးလက်ဆောင်ဟူ၍ ဒိုင်ယာရီစာအုပ်လေးနှင့် အရုပ်လေးများမှလွဲပြီး စွဲစွဲထင်ထင်ဖြစ်လောက်သည်ထိ မည်သည့်ပစ္စည်းမှ မည်မည်ရရမပေးဖူးခဲ့။ ထို့ကြောင့် ယခုကဲ့သို့ တန်ဖိုးကြီး ရွှေလက်ကောက်လေးသာ သူ့အတွက်အမြတ်တနိုးဝယ်လာပေးသည်ဆိုလျှင် မရွှေခင် ခိုင်လေး တစ်ယောက် မည်မျှပျော်ရွှင်နေမည်ကို ကျွန်တော် မှန်းဆကြည့်ရုံဖြင့်သိနေ၏။ ထိုသို့ ခိုင်လေးအတွက်သာတွေးပြီး ပျော်နေသည့်ကျွန်တော်။

အိမ်ပြန်ချိန် ပြန်မရောက်လျှင် နေမထိထိုင်မသာဖြစ်နေတတ်သည့်အမေ။ တစ်ဦးတည်းသောကျွန်တော့်ကို မိန်းမရထားပြီဖြစ်သော်လည်း အရိပ်တကြည့်ကြည့်နှင့် ကလေးငယ်တစ်ယောက်ပမာ စိတ်မချနိုင်သေးသည့်အမေ။ ကျွန်တော့်ဘဝ၏ တစ်ဦးတည်းသောအမေ။

(၂)

"တစ်ဦးတည်းသောအမေ" ထိုစကားကိုသုံးမှသာ ပြည့်စုံမှန်ကန်ပါလိမ့်မည်။ အမေဆိုသော်လည်း ကျွန်တော့်ဘဝ၏ ဖခင်နေရာကိုရော မိခင်နေရာကိုပါ တွဲဖက်တာဝန်ယူခဲ့ရရှာသူ။ ကျွန်တော့်အဖေဆိုသူက အမေ့ကို သူ့နယ်တွင်လိုက်မနေသည့်အတွက် ကိုယ်ဝန်သုံးလနှင့်ထားပြီး ထွက်သွားခဲ့ရာမှ နောက်မိန်းမထပ်ရခဲ့ချိန်။ ပညာမတတ် အရင်းအနှီးမရှိခဲ့သည့်အမေကတော့ သူ တတ်ကျွမ်းသော ဆေးလိပ်လိပ်ခြင်း အတတ်ပညာလေးကိုသာအရင်းတည်ပြီး ကျွန်တော့်ကို လူ့လောကကြီးထဲရောက်အောင် ခေါ်ဆောင်ပေးခဲ့ရှာ၏။ ကျွန်တော်နှင့်ပတ်သက်ပြီး အမေပြောနေကျစကားလေးတစ်ခွန်းရှိ၏။

"အမေဟာ ပညာမတတ်ခဲ့လို့ ယောက်ျားပစ်တာခံခဲ့ရသလို ပင်ပန်းဆင်းရဲပြီး ဒုက္ခရောက်နေရပေမဲ့ အမေ့သားလေးကိုတော့ ပညာတတ်ဘွဲ့ရတစ်ယောက်ဖြစ်အောင် အမေကြိုးစားသွားမှာ"ဟူ၍ အမေပြောခဲ့သည့်စကားအတိုင်း ကျွန်တော်မူလတန်းကျောင်းသားဘဝ၊ အလယ်တန်းကျောင်းသားဘဝ၊ အထက်တန်းကျောင်းသားဘဝပြီး၍ တက္ကသိုလ်ကျောင်းသားဘဝရောက်သည့်တိုင်အောင် အမေ့စကားတို့က မှန်ကန်ကြောင်း သက်သေပြခဲ့ပါ၏။ ကျွန်တော်ဘွဲ့ရတစ်ယောက်ဖြစ်ရန် ကောက်စိုက်ချိန်ကောက်စိုက်၊ ညခင်းဘက်ဆေးလိပ်လိပ်ပြီး ကြုံရာအလုပ်ကို လုပ်ကိုင်ရင်းဖြင့် ဘဝကိုသုညကစခဲ့ရရှာသူ အမေ။ အမေအကြောင်းပြောရမည်ဆိုလျှင် အမေနှင့်ပတ်သက်ပြီး ကျွန်တော် မေ့မရသော နေ့လေးတစ်နေ့ကို ထည့်ပြောမှပြည့်စုံမည်ဖြစ်ပေသည်။ ထိုနေ့က မှတ်မှတ်ရရမို့ တစ်လောကလုံး ပိန်းပိတ်အောင်မှောင်ပြီး ရွာတော့မည့်အသွင်ဟန်ပြင်နေသည့်မိုးကောင်းကင်ကြီးကိုပင် စွဲစွဲထင်ထင်မှတ်မိသတိရနေခဲ့ပါ၏။ ထိုအတူ အမေ့ရင်ထဲမှငိုကြွေးသံတို့စတင်ရန် ဖန်တီးမည့်နေ့တစ်နေ့သာဖြစ်ခဲ့လျှင် ဆိုသည့်အတွေးတို့ကြောင့် လောကကြီး၏အမှောင်ထက် ကျွန်တော့်စိတ်ထဲတွင် အုံ့မှိုင်းနေခဲ့သည်ဆိုလျှင် ပို၍မှန်ပါလိမ့်မည်။ မည်သို့ပင်ဖြစ်လင့်ကစား ပြောစရာရှိသည့်စကားတို့ကိုတော့ ရအောင်ပြောမည်ဟု အားတင်းကာ-

"မေမေ သားလဲ အခုအစိုးရဝန်ထမ်းတစ်ယောက်ဖြစ်နေပြီ။ ပြီးတော့ သားဘဝတစ်လျှောက်လုံးလဲ မေမေ့ကို ဘာအကြောင်းနဲ့မှ စိတ်ဒုက္ခမပေးခဲ့ဖူးပါဘူးနော်"ဟု အစပျိုးလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော့်အရိပ်အခြည်ကို အမြဲမပြတ်အကဲခတ်တတ်သူအမေက-

"သား ဘာပြောချင်လို့လဲ။ အမေ့ကို စကားပလ္လင်တွေခံနေစရာမလိုပါဘူး။ သားပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောလေ"ဟုထိုသို့ဆိုမြန်တော့လည်း ပြောရမည့်ကိစ္စနှင့်ပတ်သက်ပြီး အမေ့ကို အားနာသယောင်၊ မျက်နှာပူသယောင်။ ခိုင်လေးနှင့် ချစ်သူဖြစ်ခဲ့တုန်းက အမေသိခဲ့သည်ဆိုသော်လည်း လက်ထပ်ရန်ဆိုသည်က တစ်ဘဝလုံးစာကိစ္စဖြစ်နေသည်ကတစ်ကြောင်း၊ အမေ သဘောမတူမည်ကို စိုးရိမ်သည်ကတစ်ကြောင်းကြောင့် ဖွင့်ပြောရမှာ မဝံ့မရဲ။ သို့သော် မပြောမပြီး၊ မတီးမမြည် ကိစ္စမို့-

"ဟိုလေ သား ခိုင်လေးနဲ့လက်ထပ်ချင်ပြီမေမေ။ သားတို့ ချစ်သူဖြစ်နေတာလဲ ငါးနှစ်တောင်ရှိနေပြီဆိုတော့လေ"ဟု ကျွန်တော်ပြောပြီးလျှင် ပြောပြီးချင်း အမေ့မျက်နှာကို အကဲခတ်ကြည့်မိတော့ မျက်ရည်တို့ဝေ့ဝဲတက်လာသော အမေ့မျက်ဝန်းတို့ကိုမြင်ခဲ့ရ၏။ တစ်စုံတစ်ခုကိုပြောရန် အားတင်းပြီးဖွင့်ဟလာသော အမေ့နှုတ်ခမ်းတို့ကို ကျွန်တော်ငေးမောပြီး ကြည့်နေခဲ့မိ၏။

"ကောင်းပါတယ်သားရဲ့။ အမေ သားတို့ကို သဘောတူပါတယ်။ မိဘတို့ဝတ္တရားအတိုင်း သားတို့လက်ထပ်ပွဲကို အမေဖြစ်အောင် လုပ်ပေးပါ့မယ်"

အမေ့ထံမှ ကြားရသောစကားတို့က ကျွန်တော့်ကို အံ့အားသင့်စေခဲ့၏။ အမေတစ်ခု သားတစ်ခုဘဝမို့ ကျွန်တော့်ကို အမေအသက်လောက်ချစ်ခဲ့သည်ကို ကျွန်တော်သိ၏။ ထို့ကြောင့် ကျွန်တော်လက်ထပ်ရန်ကိစ္စဖွင့်ပြောလျှင် အမေခံစားသွားရမည်ကို စိုးရိမ်မိပြီး ဖွင့်မပြောဖြစ်ခဲ့။ သို့သော် ကျွန်တော့်အထင်နှင့် အမြင်လွဲခဲ့ပြီမဟုတ်ပါလား။ ကျွန်တော့်ကို အသက်လောက်ချစ်ခဲ့သောအမေက ကျွန်တော်လက်ထပ်မည့်ကိစ္စကို ကြည်ဖြူစွာလက်ခံလိမ့်မည်ဟု မတွေးခဲ့မိ၍ ဖွင့်ပြောရမှာ စိုးရိမ်နေခဲ့သည့်ကျွန်တော်။ မည်သည့်အပူအပင်မှုမရှိဘဲ လွယ်လွယ်ကူကူ လက်ထပ်ရတော့မည်ဆိုပြန်တော့လည်း ကျွန်တော့်စိတ်ထဲ အမေနှင့်ပတ်သက်ပြီး ဘဝင်မကျခဲ့ပြန်ပါ။ ထို့ကြောင့်-

"မေမေက သားကို မချစ်တော့လို့ အခုလို ခိုင်လေးနဲ့ လွယ်လွယ်ကူကူ လက်ထပ်ခွင့်ပြုလိုက်တာလား"ဟု ကျွန်တော့်မေးခွန်းကို အမေက တည်ငြိမ်စွာပင်-

"သားရယ် ဘာတွေအတွေးခေါင်နေရပြန်ပြီလဲ။ အမေက ငါ့သားတို့ကို သဘောမတူဘူး၊ လက်မခံပါဘူး ပြောပြန်ရင်လဲ ငါ့သားလေးပဲ စိတ်ဆင်းရဲရမှာမဟုတ်ဘူးလား။ ငါ့သားစိတ်နဲ့ အမေကအသက်ရှင်နေတာဆိုတော့ ငါ့သားလေးစိတ်ဆင်းရဲရင် အမေလဲ ဘယ်စိတ်ချမ်းသာပါ့မလဲကွယ်။ ပြီးတော့ ခိုင်လေးနဲ့ သား လက်ထပ်ပြီးရင်လဲ သားတို့က အမေနဲ့အတူ နေမှာပဲလေ။ အမေ့ကို ခွဲပြီးထားခဲ့မှာမှမဟုတ်တာ။ ငါ့သားကို အမေကချစ်မြဲချစ်လို့ရတာပဲလေ။ ခိုင်လေးကိုလဲ သမီးအရင်းလေးတစ်ယောက်လို ချစ်ပြီးသားဆိုတော့ ဘာအဆင်မပြေစရာရှိလဲ သားရယ်။ ဒါကြောင့် အမေက လွယ်လွယ်ကူကူလက်ခံလိုက်တာပေါ့ကွယ်"

ပြန်ဖြေလိုက်သော အမေ့စကားတို့က ယုတ္တိရှိပြီး သဘာဝကျနေသော်လည်း အမေ့အကြောင်းကို ကျွန်တော်သိနေ၏။ အမေက ကျွန်တော်စိတ်ချမ်းသာဖို့ဆိုလျှင် အရာရာအနစ်နာခံခဲ့သူမဟုတ်ပါလား။

(၃)

ကျွန်တော်ငယ်စဉ်ကအကြောင်းလေးတစ်ခု မှတ်မိနေသေးသည်။ ထိုနေ့က ကျောင်းလခပေးရမည့်နေ့မို့ အမေ့ရှိစုမဲ့စု ငွေလေးတချို့ ကျွန်တော့်ကိုပေးလိုက်ရသည့်အတွက် ထိုနေ့ ညနေစာကို ဘဲဥအချဉ်ဟင်းနှင့်သာ စားခဲ့ရ၏။ သားအမိနှစ်ယောက်တည်းမို့ ဘဲဥတစ်လုံးဆို စား၍လောက်သည်။ သို့သော် ကျွန်တော့်ကို ထိုဘဲဥတစ်လုံးလုံး အပြည့်စားစေပြီး မိခင်စိတ်အပြည့်နှင့် အမေကတော့ ဘဲဥမကြိုက်ဘူးဟုဆိုကာ ဟင်းရည်လေးများနှင့် လူးလဲပြီးသာ စားခဲ့ရှာသည်။ ထိုအချိန်ကတည်းက အမေမစားသည့်ဘဲဥဟင်းကိုမချက်တော့ရန်ပြောခဲ့ရသည့် အဖြစ်အပျက်လေးက အမေတစ်ယောက်၏မေတ္တာ၊ စေတနာ၊ အနစ်နာတို့ကို ဖော်ပြနေသည်မဟုတ်ပါလား။ ထို့ကြောင့် မေတ္တာတရားကြီးမားသည့်အမေ့ကိုတော့ ကျွန်တော်မေ့ထား၍ မရပါ။ ခိုင်လေးအတွက် ဝယ်မည်ဆိုလျှင် အမေ့အတွက်လည်း တစ်ခုခုဝယ်ရမှ ကျွန်တော်လိပ်ပြာလုံနိုင်ပါလိမ့်မည်။ အမှတ်တရပစ္စည်းဟုဆိုပါကလည်း အမေနှင့်ပတ်သက်ပြီး ကျွန်တော် ဝယ်ပေးဖူးသည့်ပစ္စည်းဟူ၍ မရှိသလောက်ပင်ရှားသည်။ ကျွန်တော် မှတ်မှတ်ရရဝယ်ပေးခဲ့ဖူးသော အမှတ်တရပစ္စည်းလေးနှစ်ခုတော့ အမေ့မှာရှိခဲ့ပါ၏။ ပထမတစ်ခုက ကျွန်တော်တက္ကသိုလ်တက်နေစဉ် အမေပေးသည့်မုန့်ဖိုးလေးများစုကာ ဝယ်ပေးခဲ့သော အင်္ကျီလေးတစ်ထည်နှင့် ဒုတိယတစ်ခုက ကျွန်တော် ပုဂံဘုရားဖူးထွက်စဉ်က ဝယ်ပေးခဲ့ ဖူးသော ခြုံပဝါလေးတစ်ထည်။ ထိုမျှသာဖြစ်ပါ၏။ "ငါးကြင်းဆီနှင့် ငါးကြင်းကြော်"ဆိုသည့်အတိုင်း အမေပေးသည့်မုန့်ဖိုးလေးများနှင့် ဝယ်ပေးခဲ့သည့် ထိုပစ္စည်းလေးနှစ်ခုကိုပင် အခွင့်အခါကြုံသည့်အချိန်တိုင်း အခြားသူများကို ကြွားမဆုံးဖြစ်နေရှာသူအမေ။ ကျွန်တော်အစိုးရဝန်ထမ်းဖြစ်ခဲ့ပြီးနောက် တစ်လတစ်ခါလစာထုတ်ခဲ့ရသော်လည်း ငွေသာအဓိကဟုတွေးထင်ကာ အမေ့အတွက်မည်သည့် လက်ဆောင်ပစ္စည်းမျိုးကိုမျှ မဝယ်ပေးဖြစ်ခဲ့ဘဲ ရသမျှလစာလေးများသာ ပြန်လည်အပ်နှံခဲ့၏။

(၄)

"မောင်ရယ် အဲဒီရွှေလက်ကောက်လေးက လှလိုက်တာနော်။ ခိုင်လေးအတွက်ဆိုပြီး မောင်သာ စပွန်ဆာပေးရင်တော့ သိပ်ပျော်မိမှာပဲ"

ဖေ့စ်ဘွတ်သုံးရင်း မိန်းမတို့သဘာဝ လက်ဝတ်တန်ဆာအမျိုးမျိုးကိုကြည့်ပြီး သရေကျကာပြောနေရှာသော ဇနီးဖြစ်သူခိုင်လေး၏ပြောစကားများကြောင့် ယနေ့လစာထုတ်ရက်လေးတွင်တော့ ရုံးမှ ဆုကြေးငွေလေးလည်းရ၊ ယခင်စုထားသည့်ငွေလေးအနည်းငယ်နှင့် လစာငွေလေးပေါင်းလိုက်မည်ဆိုလျှင်တော့ ခိုင်လေးလိုချင်နေသည့် လက်ကောက်လေးရနိုင်ပြီဆိုပြီး ရွှေဆိုင်ထဲအပြေးဝင်ဝယ်ခဲ့မိသောကျွန်တော်။ ခိုင်လေးအတွက်လက်ဆောင် ရွှေလက်ကောက်ဝယ်ပြီးမှ အမေ့အတွက် လက်ဆောင်ဝယ်ရန် သတိရတော့သည်။ အမေ့အတွက်လက်ဆောင်ဝယ်ရန် သတိရလေသောအခါ။ ချောင်ချည်ချည် ပိုက်ဆံအိတ်လေးထဲ ပြန်စမ်းကြည့်မိလေတော့ ကျန်ငွေကျပ် စုစုပေါင်းနှစ်သောင်းခွဲ မတတ်နိုင်လေပြီ။ သည်ငွေပမာဏက အမေ့အတွက် ထဘီလေးတစ်ထည်တော့ဝယ်ပေးနိုင်လောက်ပါသေးသည်ဟုတွေးကာ အထည်ဆိုင်လေးထဲသို့ အပြေးဝင်ခဲ့မိပါ၏။ ဆိုင်မှအိမ်သို့အပြန်လမ်းက ကျွန်တော်ဝယ်ခဲ့သောပစ္စည်းလေးနှစ်ခုနှင့်ပတ်သက်ပြီး အတွေးများစွာဝင်ခဲ့မိသည်။ တစ်ဖက်က ဗျူးတီးကွင်းပါတိတ်လုံချည်လေးနှင့် တစ်ဖက်က လက်ကောက်ထည့်ထားသည့်အိတ်ကလေးတို့ကို တင်းတင်းဆုပ်ကိုင်လျက်။ အိမ်ပြန်ရောက်လျှင် ဇနီးသည်ခိုင်လေးပြောမည့်-

"မောင်ရယ်၊ မောင်ကလေ သိပ်ချစ်ဖို့ကောင်းတာပဲ၊ မောင့်ကိုတအားချစ်တယ်နော် အများကြီးချစ်တယ်"ဟူသောစကားတို့နှင့် အမေပြောမည့်-

"အမေ့သားကလေ သိပ်ရွေးတတ်တာပဲ။ ဒီလောက် ဈေးကြီးတဲ့ထဘီမျိုး အမေ့ဘဝမှာ တစ်ခါမှ မဝတ်ဖူးဘူး။ အခုတော့ ငါ့သားလေးကြောင့် ဗျူဒီခွင်းဆိုလား၊ ဘုတီဂွင်းဆိုလား အဲဒီထဘီကြီးဝတ်ဖူးတော့မယ်"ဟူသည့်စကားသံတို့ကို ကြားရတော့မည်ဖြစ်ပေသည်။ သို့သော် ကျွန်တော့်စိတ်ထဲတွင်တော့ ထိုလက်ဆောင်လေးနှစ်ခုနှင့်ပတ်သက်ပြီး တရားမျှတမှု ရှိမှရှိပါလေစဟူ၍ ဆက်လက်တွေးတောရင်း လေးကန်သော ခြေလှမ်းများစွာ၊ အတွေးများစွာတို့ဖြင့် လျှောက်လှမ်းလာခဲ့တော့သည်။

# မကွေးတိုင်းဒေသကြီးတွင် ယခုနှစ် နိုဝင်ဘာလကုန်ထိ ဟိုတယ်နှင့် တည်းခိုခန်း ၅၈ ခု၊ ခရီးစဉ်ဒေသ ၁၀ ခုထိ ဖွင့်လှစ်ဆောင်ရွက်နေ



**နေပြည်တော် ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၌ ယခုနှစ် နိုဝင်ဘာလကုန်ထိ ဟိုတယ်နှင့် တည်းခိုခန်း ၅၈ ခု၊ ခရီးစဉ်ဒေသ ၁၀ ခုထိ ဖွင့်လှစ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ယခုအခါ ခရီးသွားရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများလည်း လာရောက်လည်ပတ်ကြသောကြောင့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းများ၊ ခရီးစဉ်ဒေသဆိုင်ရာလုပ်ငန်းများနှင့် စားသောက်ဆိုင်လုပ်ငန်းများ စသည့်ခရီးသွားကဏ္ဍဆိုင်ရာလုပ်ငန်းများလည်း သက်ဝင်လှုပ်ရှားလာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယခုနှစ် နိုဝင်ဘာလကုန်ထိ မကွေးတိုင်းဒေသကြီးတွင် ဟိုတယ်နှင့် တည်းခိုခန်း ၅၈ ခု၊ ခရီးစဉ်ဒေသ ၁၀ ခုနှင့် စားသောက်ဆိုင်လုပ်ငန်း ငါးခုထိ ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဖွင့်လှစ် ဆောင်ရွက်နေသည့် ဟိုတယ်နှင့် တည်းခိုခန်းများမှာ မကွေးမြို့တွင် ၂၂ ခု၊ နတ်မောက်မြို့တွင် တစ်ခု၊ မင်းဘူးမြို့တွင် လေးခု၊ မင်းလှမြို့တွင် တစ်ခု၊ အောင်လံမြို့တွင် တစ်ခု၊ ပွင့်ဖြူမြို့တွင် တစ်ခု၊ စလင်းမြို့တွင် တစ်ခု၊ တောင်တွင်းကြီးမြို့တွင် သုံးခု၊ ရေနံချောင်းမြို့တွင် သုံးခု၊ ချောက်မြို့တွင် နှစ်ခု၊ ပခုက္ကူမြို့တွင် ၁၅ ခု၊ ဂန့်ဂေါမြို့တွင် လေးခု၊ စုစုပေါင်း ဟိုတယ်နှင့်တည်းခိုခန်း ၅၈ ခုဖြစ်ကြောင်း သိရသည်။

ထို့အတူ မကွေးတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ဆောင်ရွက်နေသည့် ခရီးစဉ်ဒေသ ၁၀ ခုမှာ မကွေးမြို့နယ်တွင် မကွေးမြသလွန်စေတီတော်နှင့် မကွေးကမ်းနားလမ်းခရီးစဉ်၊ မင်းဘူးမြို့နယ်တွင် ရှင်ပင်စကြိုန်းတဲ စေတီတော်နှင့် နဂါးပွက်တောင်ခရီးစဉ်၊ မင်းလှမြို့နယ်တွင် မင်းလှခံတပ်၊ ကွေ့ချောင်းခံတပ်ခရီးစဉ်၊ တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုးမြို့ဟောင်းခရီးစဉ်၊ နတ်မောက်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ခရီးစဉ်၊ ပွင့်ဖြူမြို့နယ်တွင် စန္ဒကူးနံ့သာကျောင်းတော်ရာခရီးစဉ်၊ စလင်းမြို့နယ်တွင် ဝက်သည်းကန်ခရီးစဉ်၊ ရေနံချောင်းမြို့နယ်တွင် ဆားလယ်ဒေသခရီးစဉ်၊ စလေမြို့တွင် စလေရုပ်စုံကျောင်းခရီးစဉ်၊ ပခုက္ကူမြို့နယ်တွင် ပခုက္ကူမြို့ရှိ ဘုရားများနှင့် ပုခန်းကြီးမြို့ဟောင်းခရီးစဉ်ဒေသတို့ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျွန်းတောကျေးရွာကို ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ SKL

# လှိုင်းဘွဲ့မြို့နယ် ကော့ပေါကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ပေါကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကော့ပေါကျေးရွာတွင် အရှည်ပေ ၄၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ကော့ပေါကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း အသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**ဆက်လု**



# စလင်းမြို့နယ် ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးရရှိစေရန်အတွက် မကျီးပင်ပုကျေးရွာအုပ်စု ကူတို(မ)ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာမဏ္ဍပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရန်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကူတို(မ)ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကူတို(မ)ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို ငွေကျပ် ၃၄ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ယယ်လေး**

## ပညာလေးစား တန်ဖိုးထား

\- မြတ်ပညာ တန်ဖိုးထား
လေးစားလို့ သင်ယူပါ၊
အချိန်ကို မဖြုန်းတီးပါနဲ့
စည်းကမ်းနည်းရှာ၊
လူသားတိုင်း ထိုပညာ
လေ့လာကာ ဆည်းပူးရေး၊
ဝိုင်းဝန်းကူ ထောက်ပံ့ကြရင်
ကောင်းလှရဲ့လေး။

\- ငယ်ရွယ်စဉ် တတ်မြောက်မနှေး
စဉ်ယဉ်ကျေး အသိတွေ၊
ပညာဉာဏ် အကျိုးများလို့
ကြိုးစားစို့လေ၊
တန်ဖိုးမြင့် ဂုဏ်ကျက်သရေ
တက်နေကဲ့သို့ ထိန်ထိန်ဝင်း၊
လေညင်းသယ် ဝန်းကျင်အနံ့
သန့်ရှင်းတဲ့သတင်း။

\- ပညာသည် အမှောင်ခွင်းပါလို့
ဆောင်အလင်းက လက်ကမ်းကြို၊
အမှားမှန် ဝေဖန်ပေးတဲ့
ဆေးနည်းကောင်းပို၊
ပညာမဲ့တော့ လမ်းမှားကို
အသိမပိုတော့ အမှားမြဲ၊
ကြီးသောခါ နောင်တတရားရယ်
တိုးပွားရင်ထဲ။ ။

**ဖြိုးထက်(ရေစကြို)**

# ပုသိမ်မြို့နယ် စစ်တန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပုသိမ် ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စစ်တန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ စစ်တန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်က အဆိုပါ ကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စစ်တန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၁၂၇၅ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၄၀ စုစုပေါင်းငွေကျပ်သိန်း ၁၉၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်း ဆောင်ရွက်ပြီးစီးမှုကြောင့် စစ်တန်းကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်ထံမှ သိရသည်။

**ဖြိုးထက်အောင်(မျော်ဘွယ်)**

# လူငယ်လုပ်သားစွမ်းအားများကို အကျိုးရှိစွာအသုံးချရန်လိုအပ်လာသော အိန္ဒိယ



အိန္ဒိယနိုင်ငံသည် မကြာသေးမီအချိန်အတွင်းက ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံအဖြစ်ရပ်တည်လာခဲ့ပြီး ၎င်းတို့အနက် ၆၈ ရာခိုင်နှုန်းသော အရေအတွက်သည် အသက် ၁၅ နှစ်မှ ၆၄ နှစ်ကြားရှိအလုပ်လုပ်နိုင်သောအရွယ်များဖြစ်ကြသည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏ လုပ်သားအင်အားထုကြီးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဆိုလျှင် အိန္ဒိယ၏ လူဦးရေအချိုးအစားသည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများပင်ဖြစ်သည်။

လုပ်သားစွမ်းအားများအပေါ် လေ့လာသုတေသနပြုချက်အရ အိန္ဒိယနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော စိန်ခေါ်မှုများရှိနေသည်။ လုပ်သား ၅၄ ရာခိုင်နှုန်းခန့်သည် လယ်ယာကဏ္ဍတွင်သာ လုပ်ကိုင်နေရပြီး ၇၄ ရာခိုင်နှုန်းသည် အသေးစားစီးပွားရေးလုပ်ငန်းများတွင် လုပ်ခလစာနည်းနည်းဖြင့် လုပ်ကိုင်ရလျက်ရှိသည်။

အသက် ၁၅ နှစ်မှ ၂၉ နှစ်ကြားရှိ လူငယ် ၂၉ ရာခိုင်နှုန်းခန့်သည် အိမ်တွင်းမှုစီးပွားရေးလုပ်ငန်းများတွင် လုပ်ခလစာမရဘဲ ကူညီလုပ်ကိုင်ရလျက်ရှိသည်။ ထို့ပြင် လူငယ် ၃၆ ရာခိုင်နှုန်းခန့်သည်လယ်ယာလုပ်ငန်းခွင်၌သာ အလုပ်လုပ်ကိုင်ရလျက်ရှိသည်။ အိန္ဒိယအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ စိန်ခေါ်မှုများကိုဖြေရှင်းနိုင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာကို လက်တွေ့ကျကျသုံးသပ်ဆောင်ရွက်သွားရန်လိုအပ်လာပြီဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုတစ်ခုတည်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်စွမ်းမရှိကြောင်းကို အိန္ဒိယနိုင်ငံက သက်သေပြလျက်ရှိသည်။ အိန္ဒိယနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးမှဝန်ဆောင်မှုလုပ်ငန်းသို့ အလျင်အမြန်ပြုပြင်ပြောင်းလဲခြင်းသည် ပညာအရည်အချင်းနိမ့်ပါးပြီး ကျွမ်းကျင်မှုနည်းပါးသောအလုပ်သမားများအတွက် လုပ်ခလစာကောင်းသောအလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေးအတွက် ကန့်သတ်ချက်များဖြစ်ပေါ်စေလျက်ရှိသည်။

တရုတ်နိုင်ငံတွင်မူ ကုန်ထုတ်လုပ်မှုနည်းပါးသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အလုပ်သမားခန့်ထားမှုကျဆင်းလာပြီး ပြည်ပပို့ကုန်လုပ်ငန်းများအတွက် လုပ်သားစွမ်းအားလိုအပ်သောလုပ်ငန်းများ ပိုမိုတိုးတက်လာခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အလုပ်ခန့်ထားမှုသည် ၇၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၃၆ ဒသမ ၇ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သည်။ အိန္ဒိယနိုင်ငံတွင်မူ အလားတူကာလအတွင်း ၇၁ ဒသမ ၁ ရာခိုင်နှုန်းမှ ၅၁ ဒသမ ၃ ရာခိုင်နှုန်းသာ ကျဆင်းခဲ့သည်။

အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးလုပ်ဆောင်ရာတွင် နှေးကွေးသောပြုပြင်ပြောင်းလဲမှုများသည် အိန္ဒိယနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ်ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ IT နှင့်ဘဏ္ဍာရေးကဲ့သို့သော အဆင့်မြင့်ဝန်ဆောင်မှုလုပ်ငန်းများသည် ကျွမ်းကျင်သူများနှင့် ပညာရှင်များအတွက် အရေးပါသောအလုပ်အကိုင်အရင်းအမြစ်များအဖြစ်ဆက်လက်တည်ရှိလျက်ရှိသည်။ ကျွမ်းကျင်မှုနည်းပါးသောအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်ရေး စက်မှုလုပ်ငန်းများ ထူထောင်သွားရန်လိုအပ်သည်။ အထူးသဖြင့်အမျိုးသားဖွံ့ဖြိုးမှုမဟာဗျူဟာ၏ ဗဟိုချက်မဖြစ်သည့် လုပ်သားစွမ်းအားကိုအလေးထားသည့် ကုန်ထုတ်လုပ်ငန်းများကိုလိုအပ်လျက်ရှိသည်။

အဆိုပါမဟာဗျူဟာသည် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မည့်အပြင် ဝင်ငွေနည်းပါးသူများကိုလည်း နေ့စဉ်ဝင်ငွေပိုမိုတိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ ပြည်တွင်းဝယ်လိုအားမြင့်တက်လာခြင်းသည် ကုန်ထုတ်လုပ်မှုနှင့်စားသုံးမှုကိုလည်း မြင့်တက်လာစေမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့်အလုပ်အကိုင်ခန့်ထားနိုင်မှုအရှိန်မြင့်တက်လာမည်ဖြစ်သည်။

အိန္ဒိယအနေဖြင့် လုပ်သားစွမ်းအားအသုံးပြုသည့် စက်မှုလုပ်ငန်းအောင်မြင်ရေးအတွက် နည်းလမ်းနှစ်သွယ်ဖြင့် ချဉ်းကပ်ဆောင်ရွက်သွားရန်လိုအပ်သည်။ ပထမအချက်အနေဖြင့် လုပ်သားစွမ်းအားမြင့်မားသည့် ကဏ္ဍများတွင် တရားဝင်ကုမ္ပဏီများ ပိုမိုဝင်ရောက်လာရေးအတွက် အားပေးတိုက်တွန်းခြင်းဖြစ်ပြီး ဒုတိယအချက်မှာ လုပ်သားစွမ်းအားလိုအပ်ချက်မြင့်မားသောစက်မှုလုပ်ငန်းများတွင် လွှမ်းမိုးမှုရှိသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားနှင့်ကုန်ထုတ်လုပ်မှုတိုးမြှင့်ခြင်းတို့ပင်ဖြစ်သည်။

အခြေခံအဆောက်အအုံ အကျပ်အတည်းများ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ အတားအဆီးများ အိန္ဒိယ၏ ရှုပ်ထွေးသောအခွန်ကောက်ခံမှုများကို ဖြေရှင်းသွားရန်အပြင် ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ခြင်းသည် စီးပွားရေးအခြေခံများတောင့်တင်းခိုင်မာရန်လိုအပ်သည်။ အထူးသဖြင့် လူသားအရင်းအမြစ်များတောင့်တင်းခိုင်မာရန်လိုအပ်သည်။

အိန္ဒိယ၏စာတတ်မြောက်မှုနှုန်းသည် လွန်ခဲ့သောနှစ်များအတွင်း တိုးတက်မှုများရှိခဲ့သော်လည်း အသက် ၁၅ နှစ်အထက်လူဦးရေ ၇၄ ရာခိုင်နှုန်းသာ စာတတ်မြောက်မှုရှိပြီး တရုတ်နိုင်ငံသည် ၉၇ ရာခိုင်နှုန်းနှင့်အင်ဒိုနီးရှားနိုင်ငံသည် ၉၅ ရာခိုင်နှုန်းစာတတ်မြောက်မှုရှိသည်။ လွန်ခဲ့သော ၁၅ နှစ်အတွင်း နှစ်စဉ်ပြုလုပ်သောပညာရေးအစီရင်ခံစာအရ စာတတ်မြောက်မှုရလဒ်များသည် လူငယ်များကိုအလုပ်အကိုင်ရှာဖွေရာတွင် ၎င်းတို့လိုချင်သော အလုပ်အကိုင်ရရှိရန် အတားအဆီးဖြစ်ပေါ်စေလျက်ရှိသည်။

အိန္ဒိယနိုင်ငံအနေဖြင့် အမျိုးသမီးများကို လုပ်သားစွမ်းအားနှင့် ကုန်ထုတ်လုပ်မှုတို့တွင် အလုပ်ခန့်ထားနိုင်ခြင်းမရှိလျှင် လူဦးရေတိုးပွားမှု၏ အကျိုးအမြတ်ကိုခံစားနိုင်မည်မဟုတ်ချေ။ လက်ရှိအချိန်တွင် အိန္ဒိယ၏ အမျိုးသမီးအလုပ်သမားစွမ်းအားပါဝင်မှုနှုန်းသည် ၃၇ ရာခိုင်နှုန်းသာရှိပြီး ၆၄ ရာခိုင်နှုန်းသော အမျိုးသမီးများသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အလုပ်လုပ်ကိုင်ရလျက်ရှိသည်။

အမျိုးသမီးများကို လုပ်သားစွမ်းအားထုတွင် ပိုမိုခေါ်ဆောင်နိုင်ခြင်းသည် တင်းကျပ်သည့်လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာစံနှုန်းများကို ဖြေလျှော့ပေးသွားရန်အပြင် ကလေးသူငယ်စောင့်ရှောက်မှု၊ ပညာရေး၊ ကျန်းမာရေးနှင့်နည်းပညာတို့တွင် ရင်းနှီးမြှုပ်နှံခြင်း၊ ဈေးကွက်အတွက် အချိန်ပိုမိုရရှိစေမည့် အခြေခံအဆောက်အအုံများဆိုင်ရာ ဝန်ဆောင်မှုများလည်း

❖ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးလုပ်ဆောင်ရာတွင် နှေးကွေးသောပြုပြင်ပြောင်းလဲမှုများသည် အိန္ဒိယနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ IT နှင့် ဘဏ္ဍာရေးကဲ့သို့သော အဆင့်မြင့်ဝန်ဆောင်မှုလုပ်ငန်းများသည် ကျွမ်းကျင်သူများနှင့် ပညာရှင်များအတွက် အရေးပါသောအလုပ်အကိုင်အရင်းအမြစ်များအဖြစ် ဆက်လက်တည်ရှိလျက်ရှိသည်။ ကျွမ်းကျင်မှုနည်းပါးသောအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်ရေး စက်မှုလုပ်ငန်းများ ထူထောင်သွားရန်လိုအပ်သည်။ ❖

လိုအပ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် အမျိုးသမီးများအတွက် ကျား၊ မ သာတူညီမျှရှိသော အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်ပိုမိုရရှိရေးအထောက်အကူပြုသည့် အသေးစားမူဝါဒမူဘောင်တစ်ရပ်ချမှတ်သွားရန်လိုအပ်သည်။ အမျိုးသမီးများကိုလုပ်သားစွမ်းအားထုတွင် ပိုမိုပါဝင်ဆောင်ရွက်ခွင့်ပြုခြင်းသည် အရေးပါလျက်ရှိသကဲ့သို့ ၎င်းတို့၏လုပ်ငန်းဆက်ခံခွင့်နှင့်လုပ်ခလစာကောင်းသောအလုပ်အကိုင်အခွင့်အလမ်းများရရှိရေးသည်လည်း များစွာအရေးပါလျက်ရှိသည်။

အိန္ဒိယ၏လူဦးရေအပေါ် အကျိုးရှိစွာထိန်းချုပ်ကိုင်တွယ်ခြင်းသည် တိုင်းပြည်၏ပြုပြင်ပြောင်းလဲမှုကို ဟန်ချက်ညီအောင်ဆောင်ရွက်ခြင်း၊အထူးသဖြင့်လုပ်သားစွမ်းအားအသုံးပြုသောကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်သွားရန် လိုအပ်သည်။ ကုန်ကျစရိတ်ထိန်းချုပ်နိုင်သည့်ကုန်ထုတ်လုပ်မှုထက်လုပ်အားကို ပိုမိုအသိအမှတ်ပြုသွားရန်လိုအပ်သော်လည်း အိန္ဒိယ၏ တိုးပွားလာသောလူဦးရေကိုအကျိုးရှိစွာအသုံးချနိုင်ရေးအတွက် လူသားအရင်းအမြစ်ကို ပြုစုပျိုးထောင်သွားရန်လိုအပ်ပေသည်။

အိန္ဒိယနိုင်ငံသည်လက်ရှိအချိန်တွင် လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိလာပြီဖြစ်ပြီး စီးပွားရေးတောင့်တင်းသည့်နိုင်ငံအဖြစ် ရပ်တည်လာလျက်ရှိသဖြင့် ကမ္ဘာလုံးဆိုင်ရာစင်မြင့်တွင်အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာလျက်ရှိသည်။ ၂၀၂၄ ခုနှစ်ဘဏ္ဍာနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၆ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိပြီး ရုရှား၊ အမေရိကန်၊ တရုတ်၊ ဗြိတိန်နိုင်ငံတို့ထက်ပင် GDP တိုးတက်မှုနှုန်းမြင့်မားလျက်ရှိသည်။

အိန္ဒိယအနေဖြင့် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသော်လည်း လုပ်သားစွမ်းအားတွင်မူ တရုတ်နိုင်ငံထက်နိမ့်ပါးနေဆဲပင်ဖြစ်သည်။ လက်ရှိအချိန်တွင် အိန္ဒိယ၏လုပ်သားစွမ်းအားသည် ၅၀ ရာခိုင်နှုန်းခန့်သာရှိပြီး တရုတ်နိုင်ငံထက် ၂၅ ရာခိုင်နှုန်းခန့် လျော့နည်းလျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် အသက်အရွယ် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း လုပ်ငန်းခွင်ဝင်နိုင်သည့် လုပ်သားစွမ်းအားသည် ၅၀ ရာခိုင်နှုန်းသာရှိပြီး တရုတ်နိုင်ငံတွင် ၇၆ ရာခိုင်နှုန်းထိ ရှိနေသည်။ အိန္ဒိယနိုင်ငံသည် လက်ရှိအချိန်တွင် လူဦးရေ ၁ ဒသမ ၄ ဘီလီယံခန့်သာရှိသော်လည်း ၂၀၆၀ ပြည့်လွန်နှစ်များတွင် ၁ ဒသမ ၇ ဘီလီယံထိ မြင့်တက်လာဖွယ်ရာရှိနေသည်။ အိန္ဒိယအနေဖြင့် ထိုသို့တိုးတက်လာသော လူငယ်လုပ်သားအင်အားများကို တိုင်းပြည်ကုန်ထုတ်လုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချသွားနိုင်မည်ဆိုလျှင် အနာဂတ်၌စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ဖွယ်ရာရှိပေသည်။

**ကိုးကား**

- **India wasting its youthful demographic. By Asia Times.**

**ဝင်းဇင်(သုတေသန)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မျိုးကောင်းမျိုးသန့်စပါး ဧက ၁၂၆၂၀ ရိတ်သိမ်းပြီးစီး




**ကျုံပျော် ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မျိုးကောင်းမျိုးသန့်စပါး ဧက ၁၂၆၂၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကျုံပျော်မြို့နယ်တွင် မျိုးကောင်းမျိုးသန့်စပါးစိုက်ကွက် ဧက ၁၂၆၂၀ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မျိုးကောင်းမျိုးသန့်စပါးများကို အောက်တိုဘာလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက အားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုနှစ် မြို့နယ်အတွင်းမှာ မျိုးကောင်းမျိုးသန့် မိုးစပါး ဧက ၁၂၆၂၀ စိုက်ပျိုးခဲ့ပါတယ်။ အခု မျိုးကောင်းမျိုးသန့် စပါးစိုက်ကွက်တွေအားလုံး ပြန်လည်ရိတ်သိမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်စပါးတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ ဆောလျင်စွာ စိုက်ပျိုးပြီးစီးစေဖို့၊ လျာထားချက်ပြည့်မီစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့တယ်။ တောင်သူတွေစပါးစိုက်ရာမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ ကွန်ပေါင်းမြေဩဇာတွေကိုလဲ အခက်အခဲမရှိစေဖို့ ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့်လဲ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ပြီး အခုလို အခက်အခဲမရှိရိတ်သိမ်းနိုင်တာပါ"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် မျိုးကောင်းမျိုးသန့်စပါးများအပါအဝင် မိုးသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ပြီး ပြန်လည်ရိတ်သိမ်းနိုင်သည်ထိ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုလယ်ယာဦးစီးဌာန စသည့်စိုက်ပျိုးရေးနှင့်ဆက်စပ်သည့် နှီးနွှယ်ဌာနများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါ ရိတ်သိမ်းပြီးဖြစ်သည့် မျိုးကောင်းမျိုးသန့်မိုးစပါး တစ်ဧကလျှင် ၈၅ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝေါမြို့နယ် မှုံကတုံးကျေးရွာတွင် ကုန်ထုတ်လမ်းဂဝံမြောင်းနေမှု စစ်ဆေး

**ဝေါ ဒီဇင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မှုံကတုံးကျေးရွာတွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြောင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးဟိန်းဇော်၊ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မှုံကတုံးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဂဝံမြောင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးဟိန်းဇော်က လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဝေါမြို့နယ် မှုံကတုံးကျေးရွာ၌ အရှည် ၃၉၉၉ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဂဝံမြောင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၅၃ ဒသမ ၆၁၅၈ သန်းဖြင့် December Star ကုမ္ပဏီက တာဝန်ယူ၍ နိုဝင်ဘာ ၇ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ပြောပြ၍ သိရသည်။

**ကိုညီ**

# လမြတ်နတ်တော် ပွင့်နော်သဇင်ပန်း ကျန်းမာရွှင်လန်း

မြန်မာပြက္ခဒိန်၏ ကိုးလမြောက်ဖြစ်သော နတ်တော် (နတ်တစ်)လသည် ဝါမထပ်သောနှစ်တွင် နိုဝင်ဘာလအတွင်းကျရောက်၍ ဝါထပ်သောနှစ်တွင် ဒီဇင်ဘာလအတွင်းကျရောက်သည်။ နတ်တော်လတွင် ၂၉ ရက်ရှိသဖြင့် ရက်မစုံသောလဖြစ်သည်။ ဟေမန္တဆောင်းရာသီသို့ ဝင်စလဖြစ်သည်။ မိုးရာသီကုန်ဆုံးသွားပြီဖြစ်သော်လည်း "နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်"ဆိုသည့်အတိုင်း မြူဆိုင်းလျက် မိုးသားတို့ အချို့နေရာများတွင် ရွေ့လျားလျက်ရှိသေးသည်။ ဆီးနှင်းမြူတိမ်တို့ ဝေမှောင်လျက်ရှိသော လဖြစ်ပြီး ညတာရှည်သည်။ ရာသီအားဖြင့် ဓနုရာသီ၊ စန်းယှဉ်နက္ခတ်မှာ မိဂသီ၊ ရာသီရုပ်မှာ လေးစွဲယောကျ်ားရုပ်ဖြစ်ပြီး ရာသီပန်းမှာသဇင်ပန်းဖြစ်သည်။

နတ်တော်လဟုခေါ်တွင်သည်မှာ ထိုလတွင် ရှေးယခင်က နတ်ကိုပူဇော်ပသရခြင်းကြောင့် "နတ်ပျော်လ"ဟုခေါ်တွင်ရာမှ နောင်တွင် "နတ်တော်လ" ဟုပြောင်းလဲခေါ်ဆိုခဲ့ကြသည်။ ရှေးပုဂံခေတ်ထိုးကျောက်စာများ၌ နတ်တော်လကို နတ္တာဝ်၊ နတ္တဝ် ဟုရေးထိုးထားကြောင်း တွေ့ရသည်။ ရှေးမြန်မာတို့ နတ်ကိုးကွယ်ခြင်းမှာ ဗုဒ္ဓသာသနာကို လက်ခံရရှိခြင်း မရှိခဲ့စဉ်ကတည်းကဖြစ်သောကြောင့် "တဝ်" ဝေါဟာရသည် "မြတ်သည်"ဟုအဓိပ္ပာယ်ရပြီး ထိုလအတွင်း ကောက်ပဲသီးနှံ ရိတ်သိမ်းသည့်အခါ သီးနှံအများအပြားရရှိစေရန် နတ်ကိုးကွယ်လေ့ရှိကြသကဲ့သို့ တောင်သူများကလည်း ကောက်ကြီးစပါးရိတ်သိမ်းကြသည်။ ထို့ကြောင့် နတ်တော်လတွင် ကောက်သစ်ငယ်တို့ ပေါ်ဦးဖြစ်သဖြင့် ကောက်သစ်စားပွဲများကို ပျော်ရွှင်စွာကျင်းပသောလလည်းဖြစ်သည်။

ရှေးမြန်မာမင်းများလက်ထက်က နတ်တော်လတွင် နတ်ပွဲသဘင်နှင့် ဆင်ဖမ်းပွဲများကျင်းပလေ့ရှိသည်။ အင်းဝခေတ် ဘိုးတော်ဘုရားလက်ထက်တွင် ဖြဟ္မဏပုဏ္ဏားတို့၏ ဝါဒအဟောင်းများကို စာပေမှထုတ်ပယ်၍ မြန်မာစာပေကိုသန့်စင်ခဲ့သည်။ ဖြဟ္မဏပုဏ္ဏားပညာရှိများကိုလည်း ဟူးရားအတတ်ပညာရှင်အဖြစ် သီးခြားခန့်ထား၍ သက်ဆိုင်ရာကဏ္ဍ၌သာ အမှုထမ်းစေခဲ့သည်။ ထိုအချိန်မှစတင်၍ နတ်တော်လတွင် နတ်ပူဇော်ပွဲများ မကျင်းပတော့ဘဲ မြန်မာစာပေပညာရှင်ကြီးများကို ချီးမြှောက်သော ပွဲတော်ရာသီအဖြစ် သတ်မှတ်ကျင်းပခဲ့သည်။ စာပေပညာရှင်ကြီးများနှင့်တကွ ထူးချွန်သောအုပ်ချုပ်ရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာပုဂ္ဂိုလ်များကိုပါ ချီးမြှောက်ခဲ့သည့် နတ်တော်လပွဲတော်အစဉ်အလာသည် အင်းဝခေတ်မှ ရတနာပုံခေတ်တိုင်အောင် ထွန်းတောက်ခဲ့သည်။ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်ကျင်းပလျက်ရှိသည်။

"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်"ဟူသော ဆိုရိုးစကားအတိုင်း ကျန်းမာရေးရှုထောင့်မှ လေ့လာကြည့်ရာတွင် ဆယ့်နှစ်လရာသီပန်းများတွင်လည်း တစ်မျိုးချင်းစီအလိုက် ကျန်းမာရေးအာနိသင် အစွမ်းထက်မြက်ကြပါသည်။ ထို့ကြောင့် စာရေးသူက ဤဆောင်းပါးလေးဖြင့် နတ်တော်လတွင်ပွင့်သော သဇင်ပန်းလေး၏အကြောင်းကို ယခုလိုမှတ်တမ်းတင်ရေးသားလိုက်ရပါသည်။

**တော်ဝင်နန်းသုံးပန်း**

နတ်တော်လရာသီပန်းဖြစ်သော သဇင်ပန်းကို နတ်ပန်းဟုအယူရှိခဲ့သဖြင့် သဇင်ပန်းသည် တောတွင်း၌သာပွင့်သော်လည်း ဘုရင်မင်းမြတ်အား ရှေးဦးစွာဆက်သပြီးမှ အများပြည်သူတို့ ဆွတ်ယူပန်ဆင်ကြောင်း သိရသည်။ ရှေးဘုရင်မင်းများလက်ထက်က ရွှေသိုင်းများရှေ့ဆောင်ကာ ဘုရင်မင်းမြတ်အားဆက်သရမြဲဖြစ်သော မြတ်ပန်းသဇင်ကို ဤနတ်တော်လတွင် ဖူးပွင့်မြဲဖြစ်ကြောင်းရည်ရွယ်၍ ရှင်ဥတ္တမကျော်က "ရွှေသိုင်းဝင့်ချီ၊ မိုးရင့်သီလျက်၊ မတီကေတု၊ တိုင်းဇေယုက၊ သမ္ဘုတိမှန်၊ ကေသာနံ့သည်၊ ရွှေလျှံသဇင်၊ ဂမုန်းအင်လည်း၊ ဥကင်မြင့်ခေါင်၊ ရနံ့လျှောင်ခဲ့" ဟုစပ်ဆိုခဲ့ပါသည်။

ထို့ပြင် ရှေးယခင်က သဇင်ပန်းကို ဘုရင်၊ မိဖုရားနှင့် မင်းစိုးရာဇာ အသိုင်းအဝိုင်းတစ်ခုတွင်သာ ပန်ဆင်သုံးစွဲခွင့်ရှိသဖြင့် "ပန်းမြတ်တော်ဝင်"၊ "နတ်ပန်းသဇင်"၊ "တော်ဝင်နန်းသုံးပန်း"ဟုတင်စားခေါ်ခဲ့ကြသည်။ ရာမရကန်ဦးတိုး၏ "ဘုန်းနှင့် ကံနှင့် ရွှေသဇင်" ကဗျာလေးက သက်သေတည်နေပါသည်။



ထို့ပြင် ခေတ်အဆက်ဆက် ကဗျာ၊ ဂီတ၊ အနုသုခုမတို့တွင်လည်း ဂုဏ်မြင့်သူ မိန်းကလေးကို ခူးဆွတ်ရန်ခက်လှသည့် သဇင်ပန်းလေးဖြင့် တင်စားကာ ချစ်ခြင်းဖွဲ့ညွှန်းသီကြသည်။

**သဇင်အကြောင်းသိကောင်းစရာ**

ဥမှပွင့်သည့် ပန်းဖြစ်သည်။ ရုက္ခဗေဒအမည်မှာ Bulbophyllum auricomum ဖြစ်ပြီး သစ်ခွမျိုးရင်း Orchidaceae ဖြစ်သည်။ သဇင်ဖြူ၊ သဇင်နီ နှစ်မျိုးရှိပြီး သဇင်နီကို တွေ့ရခဲသည်။ သဇင်ဥသည် လက်မဝက်ခန့်မှ တစ်လက်မခန့် အရှည်ရှိ၍ လုံးပတ်မှာ လက်မဝက်ခန့်ရှိတတ်သည်။ ကြီးထွားသောဥများမှာ တစ်လက်မခန့်ရှိသည်။ များသောအားဖြင့် ဥမှာ စိမ်းသောအရောင်ရှိသည်။ ဥ၏အောက်ခြေတွင် များစွာသောအမြစ်မွေးများပါရှိသည်။ အချို့ဥများမှာ စိမ်းညိုရောင်ရှိပြီး တချို့မှာ အနီရောင်သက်သက်ဖြစ်သည်။ ၎င်းသဇင်နီဥမှာ လွန်စွာရှားပါးပြီး အစွမ်းထက်မြက်ဆုံးနှင့် ဆေးဖက်အဝင်ဆုံးဖြစ်သည်။

သဇင်ရွက်မှာ များသောအားဖြင့် သုံးလက်မမှ လေးလက်မခန့်အရှည်ရှိ၍ အကျယ်မှာ တစ်လက်မ၏ လေးပုံတစ်ပုံခန့်ရှိသည်။ ၎င်းအရွက်များက ဥ၏အောက်ခြေရင်းမှ ကပ်၍ထွက်တတ်သည်။ အနည်းငယ်ထူ၍ တစ်ပြေးညီအရွက်များဖြစ်ပြီး ထိပ်စပိုင်းလေးမှာ ဝိုင်းချွန်သောပုံသဏ္ဌာန်ရှိသည်။ အစိမ်းနုရောင်အရွက်ရှည်ရှည်လေးဖြစ်သည်။ များသောအားဖြင့် ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် သဘာဝအလျောက်ပေါက်သည့် ပင်မြင့်ထက်က သစ်ခွတစ်မျိုးအဖြစ် အများဆုံး တွေ့ရှိနိုင်သည်။ ရန်ကုန်မြို့နှင့် အခြားရာသီဥတုမျှတသော မြို့နယ်များတွင်လည်း စိုက်ပျိုး၍ဖြစ်ထွန်းနိုင်ပါသည်။

စိုက်ပျိုးရာတွင် အခြားအပင်များနှင့်မတူ တစ်မူကွဲပြားသည်။ ပန်းဥလေးများမှာ သေးငယ်သောကြောင့် အခြားရေသောက်မြစ်ရှိသော အပင်ကြီးများတွင် တွယ်ကပ်ထားခြင်းဖြင့်လည်းကောင်း၊ အုန်းစွဲတိုင်များ ပြုလုပ်၍လည်းကောင်း၊ အုန်းသီးခွံများတွင် တွယ်ကပ်ထားခြင်းဖြင့်လည်းကောင်း၊ ပန်းအိုးရှည်များတွင် အုန်းဆံခွံပတ်၍လည်းကောင်း နည်းအမျိုးမျိုးဖြင့် စိုက်ပျိုးနိုင်သည်။ အထူးသတိပြုရန်မှာ သန့်စင်သောနေရာတွင်ထား၍ စိုက်ပျိုးနိုင်မှသာ မွှေးကြိုင်သင်းပျံ့သောရနံ့ရှိသည့် သဇင်ပန်းများပွင့်နိုင်ပါမည်။

**နတ်တော်လ သဇင်ပန်းနှင့် ကျန်းမာရေး**

မြန်မာ့ဆေးကျမ်းများတွင် သဇင်ပန်းဥ၏ အရသာသည် စပ်၍ ဆိမ့်၊ ခါး၊ မွှေးသောအရသာရှိ၏။ ခေါင်းကိုက်နာ၊ ဆာလောင်မွတ်သိပ်နာ၊ သလိပ်သည်းခြေအားကြီးသောအနာ၊ နှလုံးပူလောင်နာ၊ သွေးမသန့်သောနာ၊ သွေးရူးလေရူး အိပ်မပျော်သောအနာတို့ကို နိုင်၏။ ဝမ်းပျက်ဝမ်းလျှောခြင်း၊ မောပန်းခြင်းကို သက်သာ၏ဟုဖော်ပြထားသည်။

- ပဥ္စင်းပါးစလုံး အသုံးပြုခြင်းဖြင့် ဆေးဖက်ဝင်သကဲ့သို့ အပွင့်၊ အရွက်၊ ဥတစ်မျိုးအဖြစ်လည်း ဆေးဖက်ဝင်သော ဆေးပင်တစ်ပင်ဖြစ်သည်။
- သဇင်ပန်းဥ ပဥ္စင်းပါးခြောက်ကို နှလုံးငြိမ်ဆေး၊ သွေးသန့်ဆေးများတွင် ဖော်စပ်ကြသည်။ သွေးရူးလေရူးဖြစ်ပေါ်၍ အိပ်မပျော်သောရောဂါများတွင် အဖိုးတန်သောဆေးအဖြစ်လည်း ထည့်ဝင်ဖော်စပ်ကြသည်။
- သဇင်းပန်းအစို သို့မဟုတ် အခြောက်ကို နမ်းရှူပေးခြင်းဖြင့် မူးမော်ခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နှလုံးနောက်ကျိခြင်း၊ ရင်တုန်ခြင်းတို့ကို လျင်မြန်စွာ ပျောက်ကင်းစေပါသည်။
- သွားနှင့် ခံတွင်းကျန်းမာရေးအတွက် ပဥ္စင်းပါးပြုတ်ရည် (သဇင်ပန်းအမြစ်ပါမကျန် တစ်ပင်လုံးကို ပြုတ်ထားသောအရည်)ကိုငုံပေးပါ။
- ခံတွင်းနံခြင်း၊ သွားဖုံးနာခြင်းများတွင်လည်း ဆန်လှော်မှုန့်နှင့် သဇင်ပဥ္စင်းပါး ပြုတ်ရည်တို့ကို ရောစပ်၍ သောက်ပေးခြင်း၊ အာလုတ်ကျင်းခြင်း ပြုလုပ်ပေးပါက ၎င်းရောဂါများ ပျောက်ကင်းစေပါသည်။
- တြိဖလ (ဆီးဖြူ၊ သစ်ဆိမ့်၊ ဖန်ခါး) အမှုန့်နှင့် သဇင်ပဥ္စင်းပါးပြုတ်ရည်တို့ကို ရောစပ်၍ အာလုတ်ကျင်းပေးပါက သွားဖုံးရောင်ခြင်း၊ သွားနဲ့ခြင်း၊ သွားမှသွေးထွက်ခြင်း စသည်တို့ကို ပျောက်ကင်းစေပါသည်။
- နန္ဒင်းမှုန့်နှင့်ရောစပ်၍ တိုက်ကျွေးပါက အစာအိမ်နှင့်ပတ်သက်သောရောဂါများကို လျင်မြန်စွာ ပျောက်ကင်းစေပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါများကိုလည်း ပျောက်ကင်းစေပါသည်။
- ခေါင်းတစ်ခြမ်းကိုက်၊ မီးယပ်ခေါင်းကိုက်များကို ဒေါင်းမြီးကွက်ပြာချ၍ သဇင်ပဥ္စင်းပါးအခြောက်မှုန့်ရောစပ်ကာ နှာရှူဆေးအဖြစ် ရှူပေးပါက အမြစ်ပြတ်ပျောက်ကင်းစေသည်။ အဆိပ်သင့်သောသူများလည်း ရှူပေးနိုင်ပါသည်။

**သဇင်နီ၏ ထူးခြားချက်**

အထက်တွင် ရေးသားဖော်ပြထားသည့်အတိုင်း အနီရောင်သဇင်ပွင့်က လွန်စွာရှားပါးသည်။ ၎င်းသဇင်နီက ပရလောကအတွက်ကိုလည်း ဆေးစွမ်းထက်မြက်စေပါသည်။

- သဇင်နီပဥ္စင်းပါးသည် ပယောဂကြောင့်ဖြစ်သည့် ရောဂါလက္ခဏာများကို အထူးပိုမိုပျောက်ကင်းစေပါသည်။
- မှိုပွင့်ပေါက်သောနေရာမှ စုထွက်သည့် မြေကြီး၊ ဖြူဆူး၊ ပိတောက်မှို၊ ဝါမြစ်၊ ကြာရိုး၊ သဇင်နီပွင့်တို့ကိုစုပေါင်း၍ ရရှိသောအမှုန့်ကို ကျပ်ခိုး သို့မဟုတ် ရေနံမှိုင်းဖျော်၍ ကုပ်ဆစ်၊ လက်နှစ်ဖက်၊ ဒူးဆစ်၊ ခြေနှစ်ဖက်တို့ကို တံတောင်ဖြင့် ထောက်ပေးလျှင် သူတစ်ပါး မပြုစားနိုင်ဟု အဆိုရှိသည်။ အမည်မှာ "စားခွက်နှိုက်ဆေး"ဟုခေါ်သည်။ ရှေးယခင်က ၎င်းဆေးနည်းကို ကျောက်ကာကွယ်ဆေး၊ ဝက်သက်ကာကွယ်ဆေးအဖြစ်လည်း သုံးစွဲခဲ့ကြသည်ဟုဆိုပါသည်။

ခေတ်ကာလရွေ့လျားလာရာ ၂၁ ရာစုခေတ်တွင် သဇင်ပန်း၏ဆေးဖက်ဝင်ပုံကို သိသူနည်းပါးသည်။ သို့သော် တိုင်းရင်းဆေးသမားတော်ကြီးများက ခေတ်အဆက်ဆက် သဇင်ဥဖြင့် ဆေးဝါးဖော်စပ်ကာ ကုသပျောက်ကင်းကြပါသည်။ "မသိသူကျော်သွား၊ သိသူဖော်စား"ဟူသောစကားပုံအတိုင်း နတ်တော်လမှာသာ တွေ့မြင်ရသော ကြုံခဲ့ကြုံခဲ သဇင်ပန်းလေးများကို ဘုရားတင်၊ ပန်ဆင်ပြီးနောက် ရှူရှိုက်ပေးရုံမျှဖြင့် မူးမော်၊ ခေါင်းမကြည်၊ နှလုံးတုန်ရင်တုန်ခြင်းတို့ကို အချိန်တိုအတွင်းမှာပင် ပကတိအတိုင်း ကျန်းမာစေမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် စာရေးသူက "ဆောင်းရာသီ" ကဗျာလေးတစ်ပုဒ် သီကုံးရေးဖွဲ့ပြီး စာဖတ်သူများအတွက် နှုတ်ဆက်လက်ဆောင်ပါးလိုက်ချင်ပါသည်။

- ဥတုသုံးလီ
  တစ်လှည့်စီ
  ရောက်လာပါပြီဆောင်းရာသီ။
- မိုးနှောင်းရာသီ
  နှင်းဝေသီ
  ရောက်လာပါပြီဆောင်းရာသီ။
- ဥတုရာသီ
  ချမ်းအေးပြီ
  ရောက်လာပါပြီဆောင်းရာသီ။
- သဇင်ပေါ်ပြီ
  ပန်နိုင်ပြီ
  ရောက်လာပါပြီဆောင်းရာသီ။
- နှင်းပျောက်နွေဦး
  နေပါဦး
  လွမ်းနေဦးမည်ဆောင်းရာသီ။ ။

**ပေါက်ပေါက်**

# ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ် ၆ လ ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၂-၂၀၂၃ ရက်နေ့မှ ၃၁-၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာသင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာနှင့် သတ်မှတ်စရိတ်များ ခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)ရုံးများ** တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ် ၆ လ ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀) နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(female)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၂-၂၀၂၃ ရက်နေ့မှ ၂၁-၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့် သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀) ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာနှင့် သတ်မှတ်စရိတ်များ ခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၀၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၁၃၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

# ပြင်ဦးလွင် နန်းမြိုင်ကော်ဖီ







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၁၀၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## အိမ်သန့်ရှင်းရေး အလိုရှိသည်

- အလုပ်ချိန် (နံနက် 8:00 မှ ညနေ 5:00 ထိ)
- နေ့စားလစာ တစ်ရက် - 10,000 ကျပ်
- သန့်ရှင်းရေးအလုပ်အတွေ့အကြုံရှိသူဖြစ်ရမည်။
- လိပ်စာ- အမှတ်(89)၊ မနော်ဟရီလမ်း၊ 110လမ်း၊ 72×73 လမ်းကြား၊ မန္တလေးမြို့။
- ဖုန်း 09-772888302


## "အထူးဝမ်းနည်းကြေကွဲခြင်း"

မြင်းခြံမြို့၊ အမှတ်(၉/၄၀၁)နေ ဒေါ်မြင့်မြင့်စိန် (ကုန်စိမ်းပွဲရုံ)၏သမီးငယ်၊ ဒေါ်စောမြင့်မြင့်မော်၏ ညီမဖြစ်သူ **ဒေါက်တာစောအေးအေးနိုင် လ/ထ ကထိက(ရူပဗေဒဌာန) အသက်(၅၁)နှစ်**သည် ၁၄-၁၂-၂၀၂၃ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။


**အ.ထ.က(၄)**

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

**မြင်းခြံမြို့**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတံသီး၊ ရေတံကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။




"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

- လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၌ လူမှုရေးတွင် ပညာရေးနှင့် ကျန်းမာရေးပါဝင်...
- ထို့ကြောင့် ပြည်သူများ ပညာရည်တိုးတက်ရေးအတွက် မပြစ်မနေဆောင်ရွက်သွားရမည်ဖြစ်...
- အလားတူ ပြည်သူများအားလုံး ကျန်းမာရေးကောင်းမွန်နေစေရေးအတွက်လည်း ဆောင်ရွက်သွားရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)အတွင်း၊ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များကို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စက်ရုံညွှန်ကြားခန်းမဆောင်အတွင်း၌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

